# ဆောင်းလုလင်

# အပင်း

## လုံးချင်းဝတ္ထု

သူ့မိန်းမကို သေစေချင်ခဲ့တာ ကြာပါပြီ။

သူ့မိန်းမသာ သေသွားခဲ့လျှင် သူ့လောက်ပျော်တဲ့သူ ကမ္ဘာပေါ်မှာရှိမည်မဟုတ်ဟု ညိုမောင်က ယုံကြည်မျှော်လင့်ခဲ့လေသည်။

သူသည် နေ့ရှိသရွေ့ သူ့ဇနီးမယားဖြစ်သူကို မြန်မြန်သေပါစေဟု ဆုတောင်းခဲ့ရသည်။

ယခုတော့ သူသေစေချင်သော သူ့မိန်းမ သေသွားခဲ့ပါပြီ။

သူ့ဆုတောင်းပြည့်ပြီဟုလည်း ဆိုနိုင်ပါသည်။

သို့သော် သူမျှော်မှန်းသလို ပျော်ရွှင်ခြင်းကိုတော့ သူမခံစားရ။

သူ့မိန်းမ မသေခင် ပြောသွားခဲ့သော စကားတစ်ခွန်းက သူ့ဘဝ တစ်ခုလုံးကို ရိုက်ချိုးချေမွပစ်လိုက်သကဲ့သို့ ရှိသည်။

သူသည် အသက်ရှင်နေသမျှ ကာလပတ်လုံး နာကြည်းခံခက်စွာ၊ ဝမ်းနည်းယူကျုံးမရစွာ စိတ်ဝေဒနာခံစားနေရပေတော့မည်။

သူ့မိန်းမသည် သူ့ကို ထိရောက်စွာ လက်စားချေသွားခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

●

"ဒီမိန်းမ ငါ့ကို အပင်းထည့်သွားခဲ့တာ၊ ကဝေမ ... စုန်းမ မိန်းမယုတ်"

ညိုမောင်က နာကြည်းခံပြင်းစွာ ရွတ်ဆိုလိုက်သည်။

ထိုစကားများကို သူ့မိန်းမသေပြီးနောက်ပိုင်းကတည်းက သူ တဖွဖွ ရွတ်ဆိုမိခဲ့သည်။

နောက်လည်း ဆက်၍ ရေရွတ်နေရဦးမည့်စကားများ ဖြစ်ပါသည်။

သူအသက်ရှင်နေသရွေ့၊ သူမသေသေးသရွေ့ သတိရတိုင်း နာကြည်းစွာ၊ အခံရခက်စွာဖြင့် ရွတ်ဆိုမြည်တမ်းနေရမည့် စကားလုံးများပင် ဖြစ်တော့သည်။

ယခုဆိုလျှင် သူ့မိန်းမထည့်ခဲ့သော အပင်းသည် သူ့ခန္ဓာကိုယ်ထဲတွင် တစ်စတစ်စ ရင့်သန်ကြီးထွားလာကာ သူ့ကို ဝေဒနာတွေ ပေးနေပြီဟု သူ ခံစားရသည်။

"စုန်းမ ... ကဝေမ ... ငါ့ကို အပင်း ထည့်ခဲ့တဲ့မိန်းမ၊ အသက် ရှင်လျက်သာ ရှိသေးရင်တော့ သူ့လည်ပင်းကို လိမ်ချိုးပြီး သတ်ပစ်လိုက်မယ်။ အပင်းထည့်ထားမှန်းသာသိရင် သူကျွေးခဲ့တဲ့အစာတွေကို ငါ မစားပါဘူး။ ငါ မစားပါဘူး။ ခုတော့ ငါ ... ငါ ... သူထည့်ခဲ့တဲ့အပင်းကြောင့် ... "

ညိုမောင်သည် သူ့လည်မျိုကို လက်ဖြင့်ဖိနှိပ်ရင်း အခံရခက်စွာ ရွတ်ဆိုလိုက်သည်။



www.burmeseclassic.com

သူ၏လည်မျိုတစ်လျှောက်သည် မခံမရပ်နိုင်အောင် ယားယံခြင်း ဝေဒနာကို ခံစားလာရသည်။ လည်မျိုမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းပိုင်းရှိ အူသိမ်အူမများ၊ အစာအိမ်နံရံများအထိ အခံရခက်အောင် ယားယံခြင်း ဝေဒနာက ပျံ့နှံ့သွားလေသည်။

အပင်းသည် သူ့ကို ဒုက္ခပေးနေလေပြီ။

ထိုဝေဒနာကြောင့်ပင် သူ မကြာခင် သေရတော့မည်ဟု ညိုမောင် က ယုံကြည်နေသည်။

"တောက် ... စုန်းမ ... ကဝေမ ... ဒင်း ငရဲကျပါစေ၊ လင်ယောက်ျားကို မသေခင် အပင်းထည့်သွားတဲ့ မိန်းမယုတ်၊ ငရဲမှာ မကျွတ်တမ်း ခံရပါစေဗျာ"

ကွယ်လွန်သူ သူ့မိန်းမ၏မျက်နှာကို မြင်ယောင်ရင်း ကြိတ်မနိုင်ခဲမရ ရေရွတ်ကျိန်ဆဲလိုက်လေသည်။

●

# နိဒါန်း

မမြကလေးကို လှပသောမိန်းမတစ်ယောက်ဟုကား မဆိုနိုင်ပေ။

သို့ရာတွင် မမြကလေး၌ ဆွဲဆောင်မှုရှိသည်။

အဖုအထစ် အကြွအရှုနည်းပါးစွာဖြင့် သွယ်လျသော ကိုယ်လုံး၊ သွေးအားနည်းသကဲ့သို့ ဖြူဖျော့သောအသားအရေများကို ပိုင်ဆိုင်သည့် မမြကလေးသည် စွဲမက်ဖွယ်ရာ မရှိလှပေ။

သို့သော် မည်သူမဆို မမြကလေးကိုမြင်လျှင် နှစ်ခါပြန် မကြည့်ရ မနေနိုင်အောင် ဆွဲဆောင်မှုရှိသော အချက်တစ်ခုကိုတော့ မမြကလေး ပိုင်ဆိုင် ထားလေသည်။

မမြကလေး၏ သူ မတူအောင် တင့်တယ်လှပသော ဆံပင်ရှည်ကြီး များပင် ဖြစ်ပေသည်။

အမျိုးသမီးများ ဆံပင်ကိုတိုအောင် ဖြတ်တောက်ကာ အမျိုးမျိုး ပုံသွင်းပြုပြင်နေသည့် ခေတ်တွင် မမြကလေးသည် သူမ၏ဆံပင်ကို မွေးကတည်းက တစ်ကြိမ်တစ်ခါမှပင် ဖြတ်တောက်ခြင်း မပြုခဲ့ဖူးပါ။

မမြကလေး၏ဆံပင်သည် အုံကောင်းရုံသာမက၊ နက်မှောင်ရုံသာ မက ရှည်လျားလှပေရာ ဆံပင်ကိုဖြန့်ချထားပါက ခြေမျက်စိအထိ ရောက်လေ၏။

သာမန်အချိန်များတွင် ဆံပင်ကို သုံးခေါက်ချိုး၍ စည်းနှောင်ထားရလေသည်။ ထိုအခါမျိုးတွင်ပင် ဆံပင်သည် ခါးလယ်ရောက်သည်ထိ ရှည်လျားလျက်ပင် ရှိသေး၏။

ခန္ဓာကိုယ်နှင့်စာလျှင် ဆံပင်က များစွာပို၍သန်စွမ်းနေသောကြောင့် ဆံပင်ကို ဝန်တစ်ခုသဖွယ် သယ်ပိုးထားရမည်ဟု ထင်ရလောက်ပေသည်။

အသိမိတ်ဆွေအချို့က မမြကလေး ပိန်လှီနေခြင်းနှင့် အသားအရေ ဖြူဖျော့နေခြင်းတို့မှာ ခန္ဓာကိုယ်ထဲရှိ ဇီဝဓာတ်များကို ဆံပင်က စုပ်ယူထားသောကြောင့်ဖြစ်မည်ဟုဆိုကာ ဆံပင်ကို အနည်းငယ် ဖြတ်တောက်ပစ်ရန် အကြံပြုကြဖူးလေသည်။

မမြကလေးက လက်မခံခဲ့ပါပေ။

"မြကလေးရဲ့ဆံပင်ကို မြကလေး ဘယ်တော့မှမဖြတ်ဘူး။ သူ့ဟာသူ ကျွတ်ခါမှ ကျွတ်သွားရောပဲ။ မေမေကိုယ်တိုင် တယုတယ ဖြီးသင်ပေးခဲ့တဲ့ ဟောဒီ ဆံပင်ရှည်ကြီးအတွက် မြကလေး ဂုဏ်ယူပါတယ်"

မိခင်ကြီးရှိစဉ်က မမြကလေးကို မိန်းကလေးတစ်ယောက်အတွက် ဆံပင်ကောင်းခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း၊ မိန်းမတို့ဘုန်း ဆံထုံးဆိုသည့် ရှေးဆိုရိုးဖြင့် နိုင်းနှိုင်းကာ ကိုယ်တိုင် ဖြီးသင်ပေး၊ ခေါင်းလျှော်ပေးနှင့် ဂရုတစိုက် ရှိခဲ့ပါသည်။

မမြကလေး၏ဆံပင်ကို ကျစ်ဆံမြီးကျစ်မည်ဆိုပါက တစ်ချောင်း တည်း ကျစ်လို့ မရချေ၊ နှစ်ချောင်းခွဲကျစ်မှပင် အဆင်ပြေလေ၏။ ကျစ်ဆံမြီးကျစ်ရာ၌လည်း ကိုယ်တိုင်ကျစ်၍ မရချေ၊ များပြားထူထဲလှသော ဆံပင်ထွေးကြီးကို တစ်ကိုယ်တည်းဖြင့် မနိုင်နင်းပါချေ။ မေမေရှိစဉ်ကတော့ မမြကလေး၏ဆံပင်ကိစ္စကို မေမေက အလုပ်ကြီးတစ်ခုအနေဖြင့် တာဝန်ယူလုပ်ပေးသည်။

ယခုလည်း ကျစ်ဆံမြီးကျစ်မည်ဆိုလျှင် အိမ်ဖော်မလေးက ကူညီ၍ အချိန်ယူကာ ကျစ်ပေးရသဲဖြစ်သည်။


www.burmeseclassic.com

မမြကလေးက အိမ်နေရင်း မီးဖိုချောင်ဝင်သည့်အခါများ၌ အနှောင့်အယှက် မဖြစ်စေရန် ဆံပင်တွေးကြီးကို လည်ပင်း၌ သုံးပတ်ပတ်၍ ရစ်ပတ်ထားရမြဲ ဖြစ်လေ၏။ ထိုအခါမှပင် ဆံပင်သည် အနီးရှိအခြားအရာများကို မထိမိုက်ဘဲ အလုပ်ကို ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ပေ၏။

မမြကလေး ဆံပင်ကို လည်ပင်း၌ ရစ်သိုင်းထားသည့်အခါများတွင် ကြည့်ရသည်မှာ သူမ၏လည်ပင်းကို စပါးကြီးမြွေကြီးတစ်ကောင် ရစ်ပတ်ထားသည်နှင့်ပင် တူလှတော့သည်။

မည်သို့ဆိုစေ မမြကလေးကတော့ သူမ၏ဆံပင်အတွက် ဂုဏ်ယူလျက် ရှိလေသည်။

●

မမြကလေး၏အသက်သည် ယခုအခါ ၂၈ နှစ်ရှိပေပြီ။ မိန်းမတစ်ယောက်အတွက် မငယ်လှတော့သော အသက်အရွယ်ပင်ဖြစ်ပေ၏။ အပျိုကြီးဟု အခေါ်ခံရသော အသက်အရွယ်မျိုး ဖြစ်လေသည်။

မမြကလေးကတော့ အပျိုကြီး အခေါ်ခံရလို့လည်း စိတ်မဆိုးပါ။ တစ်သက်လုံးလည်း အပျိုကြီးအဖြစ်နဲ့ပဲ အရိုးထုတ်သွားမည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။ အိမ်မှုကိစ္စများ ဦးဆောင်လုပ်ကိုင်ရင်း ဖခင်အိုကြီးကို ပြုစုရင်းနှင့်ပင် သူမဘဝကို သူမ ကျေနပ်နေသူလည်းဖြစ်ပေ၏။

အရွယ်ကောင်းစဉ် နုပျိုစဉ်ကတော့ မမြကလေးမှာ ချစ်သူရည်းစား ရှိခဲ့ဖူးပါသည်။ တက္ကသိုလ်တက်စဉ်က ဆုံခဲ့ရသော ချစ်ဦးသူဖြစ်သည်။

အေးဆေးတည်ငြိမ်လွန်း၍ မတုန်မလှုပ်ရှိလှသော မမြကလေး၏ ချစ်သူမှာ မမြကလေးကဲ့သို့ပင် ရိုးရိုးအေးအေးကြီးတစ်ယောက်ဖြစ်ပေ၏။

တက္ကသိုလ်ကျောင်းသူဘဝမှာ မမြကလေးသည် မထင်ပေါ်ခဲ့ချေ။ မမြကလေးကို ဆံပင်အရှည်ကြီးနှင့် ကျောင်းသူတစ်ယောက်အဖြစ်မှလွဲ၍ သတိပြုမိသူ၊ စိတ်ဝင်စားသူလည်း မရှိလှပေ။

မမြကလေးကလည်း အတန်းအားချိန်များ၌ စာကြည့်တိုက်ထဲသွားကာသာ အချိန်ကုန်တတ်၏။ မသိသူများက မမြကလေးကို နယ်မှကျောင်းလာတက်သော ချို့ချို့တဲ့တဲ့ကျောင်းသူတစ်ဦးဟုပင် ထင်တတ်ကြသည်။ မမြကလေး၏ ဝတ်စားပုံရိုးရိုး၊ လှုပ်ရှားမှုနည်းနည်းနှင့် အများသူငါနှင့် ရောရောနှောနှော မနေတတ်သော စရိုက်များကြောင့် ပုံနှိပ်စက်ပိုင်ရှင်၊ အဝေးပြေးကားများပိုင်ရှင် သူဌေးသမီးတစ်ဦးဖြစ်ကြောင်း တော်တော်များများက မသိကြချေ။

ထိုသို့ မသိသည့်အထဲတွင် ကိုမြတ်မင်းမောင်လည်း ပါလေသည်။

ကိုမြတ်မင်းမောင်သည် စာကြည့်တိုက်တိုက်ထဲတွင် မကြာခဏ ဆုံရသော မမြကလေးကို သူ့လိုပင် စာကြမ်းပိုးတစ်ယောက်ဟု ထင်ခဲ့သည်။ နယ်မှ ကျောင်းလာတက်သော အဆောင်နေကျောင်းသူတစ်ဦးဟုပင် ထင်ခဲ့သည်။

ကိုမြတ်မင်းမောင်က မမြကလေးကို သူဌေးသမီးဖြစ်မှန်း မသိခဲ့၍သာ ချစ်ရေးဆိုခဲ့ခြင်းဖြစ်ကြောင်း နောင်တော့ ပြောပြပါသည်။ ကိုမြတ်မင်းမောင်ကား ချမ်းသာကြွယ်ဝမှုကို မုန်းတီးစက်ဆုပ်သူ ဖြစ်လေသည်။ တစ်နည်း အားဖြင့် ကိုမြတ်မင်းမောင်သည် လူထူးလူဆန်းတစ်ဦးပင် ဖြစ်ပေသည်။

ကိုမြတ်မင်းမောင်က ငွေကြေးချမ်းသာကြွယ်ဝမှုသည် ဘဝအတွက် အမှောင်တိုက်ဖုံးစေသည်ဟု ယူဆထားသူ။ လူချမ်းသာတို့ကို ဘဝမမှန်သူများဟု ထင်မှတ်ထားသူမျိုး ဖြစ်လေ၏။

သူ ဖတ်ရှုမှတ်သားခဲ့သော စာပေများကလည်း ထိုအယူအဆများကိုပင် သင်ပေးခဲ့လေသည်။

ထို့ကြောင့် သမီးရည်းစားဖြစ်ကြပြီးမှ မမြကလေးကို သူဌေးသမီးမှန်း သိလိုက်ရသည့်အခါ သူလန့်သွားခဲ့သည်။

"မြကလေးမိဘတွေ ဒါလောက်ချမ်းသာမှန်း မသိခဲ့ဘူး။ မြကလေးက သူဌေးသမီးနဲ့လည်း မတူဘူးနော်။ မြကလေးကို သာမန်လူတန်းစားထဲက ထင်လို့ မောင် ချစ်ရေးဆိုခဲ့မိတာ မြကလေးရယ်"

"မြကလေး သူဌေးသမီးဖြစ်တာနဲ့ မောင်ချစ်တာနဲ့က ဘာဆိုင်လို့လဲ မောင်"

"သူဌေးတွေကို မောင် ရွံတယ်"

"ရှင်"

"ဟုတ်တယ်၊ ပိုက်ဆံချမ်းသာတဲ့သူတွေက မောက်မာကြတယ်။ ငွေဂုဏ်မောက်ကြတယ်။ လောကမှာ တန်ဖိုးအရှိဆုံးအရာဟာ ပညာဆိုတာ သူတို့ မသိကြဘူး။ ငွေကိုပဲ သူတို့ ကိုးကွယ်ကြတယ်။ မောင်တော့ အထင်မကြီးပါဘူး မြကလေး"

"ဒီလိုပဲ ဝါးလုံးရှည်နဲ့ သိမ်းကျုံးယမ်းလို့ ဘယ်ဖြစ်မလဲ မောင်။ မောင် တွေ့ဖူးတဲ့ သူဌေးတွေက ဒါမျိုးတွေ ဖြစ်လို့နေမှာပါ။ မြကလေး ဖေဖေက ဒီလိုလူစားမျိုး မဟုတ်ပါဘူး မောင်ရဲ့။ ဖေဖေက အောက်ခြေက တက်လာတဲ့ လူပါ။ ရိုးရိုးသားသား ကြိုးစားရင်းနဲ့ ဖေဖေ့စက်ထက်ကျမှ


www.burmeseclassic.com

ချမ်းသာလာတာပါ မောင်ရယ်။ ဖေဖေဟာ မောင်တို့လို အညာသားပါပဲ။ ရန်ကုန်ရောက်လာတော့ သူ့မှာ ဘာမှတောင် မပါဘူးတဲ့။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ စွန့်စားလာခဲ့ရတာတဲ့။ မောင့်လို ပညာတောင် ကောင်းကောင်းမတတ်ရှာဘူး။ ဖေဖေက ဘုန်းကြီးကျောင်းထွက်ပါ၊ အသက်အစိတ်အထိ ရဟန်းဝတ်နဲ့နေခဲ့ပြီးမှ လူထွက်ပြီး ရန်ကုန်ကို စွန့်ထွက်လာတာတဲ့ မောင်။ ရန်ကုန်မှာ ရိုးရိုးသားသားကြိုးစားလို့ ပုံနှိပ်စက်ကလေးတစ်လုံး ပိုင်လာခဲ့ တယ်။ အဲဒီကနေမှ တစ်စတစ်စ ကြီးပွားလာတာပါ မောင်ရယ်''

မမြကလေးက ရှင်းပြလိုက်တော့ ကိုမြတ်မင်းမောင် တွေသွားသည်။

''ဘာပဲဖြစ်ဖြစ် ငွေကို လိုသည်ထက်ပိုအောင် ကြိုးရှန်းရှာရင်တော့ လူပျက်စီးတာပါပဲ မြကလေးရယ်။ နောက်ဆုံးတော့ လူတန်းစား မမှန်တဲ့ဘဝ ရောက်တာပါပဲ''

မမြကလေးက သဘောကျစွာပင် ရယ်မိတော့သည်။ သူမ၏ချစ်သူ သည် တယူသန် ဆန်လှသော လူဗြောင်ကြီးပါတကား။

''ငွေကို လောဘနဲ့ ရှာစရာမလိုဘဲ သူ့အလိုလို ဝင်လာတာဆိုရင်ကော မောင်၊ မောင် ဘာပြောမလဲ။ မောင် ပြောသလိုဖြင့် ကံတရားအတိုင်း ရလာတဲ့ ငွေကြေးကိုတောင် စွန့်လွှတ်ပစ်ရမလို ဖြစ်နေပြီ''

''ဘာပဲဖြစ်ဖြစ် ချမ်းသာတာ မကောင်းပါဘူး''

ကိုမြတ်မင်းမောင်သည် တိုက်ပုံအကျီကို မချွတ်တမ်း ဝတ်သူ၊ လွယ်အိတ် အမြဲလွယ်သူ၊ လွယ်အိတ်ထဲတွင်လည်း ထိုစဉ်က ခေတ်စားသည် ဟု ဆိုရမည့် ဘဝသရုပ်ဖော်ဟု အမည်တပ်သောစာအုပ်များ အမြဲပါတတ်သူ၊ ဘဝသရုပ်ဖော်စာပေသည်သာလျှင် စာပေအစစ်အမှန်ဟု ယူဆယုံကြည် သူတစ်ဦး ဖြစ်ပါသည်။

သူ ဖတ်သောစာပေများထဲမှ အယူအဆများက သူ့တွင် စွဲနေသည်။ သူ့ပုံစံသည်လည်း ဘဝသရုပ်ဖော်ဝတ္ထုထဲက ဇာတ်ကောင်နှင့် တူနေသည်။ဆင်းရဲခြင်းသည်သာ လူ့ဘဝအစစ်အမှန် ဟုယူဆထားပြီး ချမ်းသာကြွယ်ဝသူ များကို ရေပေါ်ဆီ လူ့မလိုင်များဟု ခေါ်ဝေါ်သမုတ်သူမျိုး ဖြစ်ပါသည်။

''မြကလေးဖေဖေက မတော်လောဘနဲ့ စီးပွားရှာရင်း ကြီးပွားလာတဲ့ လူမျိုး မဟုတ်ပါဘူး။ အဲဒီအတွက် သူ့ဟာသူလည်း ဂုဏ်ယူရှာတယ်။ ဖေဖေ့ တိုက်က ရိုက်တဲ့စာအုပ်တွေလည်း မောင် သိသားပဲ။ ဖေဖေဟာ အပျော်ဖတ် ဝတ္ထုတွေ၊ ရုပ်ပြတွေထုတ်စားတဲ့ ထုတ်ဝေသူမျိုး မဟုတ်ဘူးလေ မောင်။ မောင် အထင်အမြင်သေးတဲ့ စာအုပ်မျိုးတွေ ဖေဖေ ရိုက်မရောင်းပါဘူး။ ဖေဖေ ထုတ်တဲ့စာအုပ်တွေက တရားစာအုပ်တွေ၊ ဗဟုသုတစာအုပ်တွေ''

''ဗေဒင်ဟောနည်းကျမ်းတို့၊ အရပ်ရှည်အောင် လုပ်နည်းတို့၊ ဟင်းချက်နည်းအမျိုးမျိုးတို့ကတော့ စာပေမှ မဟုတ်ဘဲ မြကလေးရယ်၊ အနှစ်သာရ မရှိပါဘူး။ စာပေအနေနဲ့လည်း တန်းမဝင်ပါဘူး''

''ဟင် ... ပြောရင်းက စာအုပ်ဝေဖန်ရေးဘက် ရောက်သွားတော့ မလို့လား မောင်ရဲ့။ မြကလေးဆိုလိုတာက ဖေဖေဟာ သူ့စီးပွားရေးကို မတော်လောဘနဲ့ ရှာခဲ့တာ မဟုတ်ဘူးလို့ ဆိုလိုတာပါ။ ဖေဖေထုတ်တဲ့ စာအုပ်တွေ စာပေအနေနဲ့ တန်းမဝင်ရင်သာ ရှိမယ်။ အဆိပ်အတောက်တော့ မဖြစ်ပါဘူး မောင်ရယ်။ မောင်က လူချမ်းသာမှန်သမျှ အသိအနှစ်မရှိတဲ့ လူ့မလိုင်တွေလို့ ထင်နေလို့ မြကလေးတို့ကတော့ ဒီလိုအစားထဲက မဟုတ်ပါဘူးဆိုတာ ရှင်းပြနေတာပါ မောင်''

''အင်း.. ဟုတ်ပါတယ်လေ၊ မြကလေးမိဘတွေကို မတွေ့ဖူးသေးလို့ ဘယ်လိုဆိုတာမသိရပေမယ့် မြကလေးကတော့ သူဌေးသမီးလို့ ထင်စရာ မရှိဘူးနော်။ မြကလေးကို သူဌေးသမီးမှန်းသိရင် မောင် ဘယ်လောက်ချစ်ချစ် မြဲသိပ်ထားမိမှာပဲ။ မောင်က မြကလေးရဲ့ ရိုးရိုးအေးအေးပုံစံကို ကြည့်ပြီး သာမန်မိန်းကလေးလို့ပဲ ထင်ခဲ့မိတာ''

''ချမ်းသာတာဟာ မြကလေးတို့အချစ်ရေးအတွက် အနှောင့်အယှက်တစ်ခု မဟုတ်ပါဘူး မောင်ရယ်၊ မြကလေးကလည်း ပပလွှားလွှား မနေ တတ်ပါဘူး။ နေလည်းမနေချင်ပါဘူး''

ဒီလိုနှင့်ပဲ မမြကလေးနှင့် ကိုမြတ်မင်းမောင်တို့၏ သမီးရည်းစားဘဝမှာ ရိုးအီစွာဖြင့်ပင် သက်တမ်းရှည်ခဲ့ရသည်။

သက်တမ်းရှည်သည်ဆိုရာ၌လည်း တက္ကသိုလ်ဒုတိယနှစ်မှ ဘွဲ့ရသည် အထိကာလကိုသာ ရည်ညွှန်းခြင်း ဖြစ်ပါသည်။

ကျောင်းပြီးတော့ နယ်မှကျောင်းလာတက်သူတို့ ထုံးစံအတိုင်း ကိုမြတ်မင်းမောင် နယ်ပြန်ရုံသာရှိသည်။ ရန်ကုန်မှာ ဆက်လက်ရပ်တည် နေရအောင် အလုပ်အကိုင်လည်း မရှိ၊ ငွေလည်းမရှိ။

ဒီတော့ ကိုမြတ်မင်းမောင်က လက်ထပ်ဖို့ကိစ္စကို ညှိနှိုင်းလာသည်။


www.burmeseclassic.com

မမြကလေးကို သူနှင့်အတူ နယ်သို့လိုက်ခဲ့ရမည်ဟု ဆိုလာသည်။ မမြကလေးကဖြင့် နယ်ကိုလိုက်ဖို့ နေနေသာသာ အိမ်ထောင်ပြုဖို့ကိုပင် အချိန်ဆွဲထားရမည့် အခြေအနေမျိုးမှာ ရှိနေသည်။ ထိုစဉ်က မေမေ မကျန်းမမာ ဖြစ်နေသည့်အချိန်။ မိခင်ကြီး မမာမကျန်းချိန်မှာ တစ်ဦးတည်းသော သမီး မမြကလေးက အနီးကပ်မပြုစုဘဲ ယောကျ်ားယူလိုက်လို့ ဘယ်ဖြစ်မှာလဲ။ ပြီးတော့ မိဘနှစ်ပါးကိုထားရစ်၍ ကိုမြတ်မင်းမောင် နေတဲ့မြို့ကို လိုက်ဖို့ဆိုတာတော့ သာ၍ဝေးသေးသည်။

ဒါကို ကိုမြတ်မင်းမောင်က မမြကလေးသည် မြို့ပြကို ခင်တွယ်သူ၊ ဥစ္စာနေကိုမြတ်နိုးသူ၊ အတ္တဆန်သူဟု စွပ်စွဲခဲ့သည်။

သူကတော့ နယ်ပြန်ပြီး မဖွံ့ဖြိုးသေးတဲ့ကျေးလက်မှာ ကျောင်းဆရာလုပ်မည်ဆိုပဲ။ သူ့ရဲ့မွန်မြတ်တဲ့လုပ်ငန်းထဲမှာ မမြကလေးကလည်း တစ်တပ်တစ်အားဖြင့် ယောင်နောက်ဆံထုံးပါကာ ပါရမီဖြည့်ဆည်းရမည်ဆိုပဲ။

မမြကလေးသည် ချစ်ရေးချစ်ရာကိစ္စထဲမှာ လူတန်းစား ပြဿနာတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေ မဆီမဆိုင်ထည့်သွင်းလာတဲ့ချစ်သူကို စတင် စိတ်ပျက်စပြုလာသည်။

''မောင် ရန်ကုန်မှာပဲနေပြီး အလုပ်တစ်ခုလုပ်ပါလား။ မောင့်လို ရိုးသားတဲ့သူမျိုးကို ဖေဖေက သဘောကျမှာပါ။ ဖေဖေ့ပုံနှိပ်တိုက်မှာ စာပြင်ဖြစ်ဖြစ် ဝင်လုပ်လေ။ မောင် ဝါသနာပါတဲ့ စာပေလုပ်ငန်းပဲ။ မြကလေး ဖေဖေ့ကို ပြောပေးမယ်။ နောက်ဆို မောင်ရေးချင်တဲ့စာတွေလည်း ဖေဖေ့တိုက်က ထုတ်နိုင်တာပေါ့''

သူမ၏ စေတနာအပြည့်ဖြင့် အကြံပေးသည့်စကားကြောင့် မမြကလေးသည် ချစ်သူ၏ ရန်သူသဖွယ် စိမ်းကားရက်စက်စွာ ကြည့်ရှုခြင်းကို ခံခဲ့ရလေသည်။

''ဘာလဲ၊ မြကလေးက မောင့်ကို နေရှင်ရဲ့အပိုင်းအစ ဖြစ်စေချင်တာလား။ မောင်က ယောက္ခမလောင်းကို အောက်ကျို့ပြီး သူ့လက်အောက်မှာ အလုပ်လုပ်ရမှာလား မြကလေး။ မောင် စာတွေရေးမှာပါ။ မောင်ရေးတဲ့ စာတွေကို ယောက္ခမက ထုတ်ဝေသူဖြစ်လို့ ထုတ်ခွင့်ရတာမျိုး မဖြစ်စေရဘူး မြကလေး။ မောင်ရေးမယ့် ဘဝသရုပ်ဖော်စာပေတွေကို အသိအမှတ်ပြုမယ့် ထုတ်ဝေသူက လာတောင်းလို့ ထုတ်ခွင့်ပြုတာမျိုးသာ ဖြစ်စေရမယ်။ လောလောဆယ်တော့ မောင့်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထမ်းဆောင်ရမယ့် တာဝန်တွေ ရှိသေးတယ်။ မောင် ရန်ကုန်မှာလည်း မနေနိုင်ဘူး။ နေရှင်လက်အောက်မှာလည်း အလုပ်မလုပ်နိုင်ဘူး မြကလေး''

ဒီတစ်ခါတော့ မမြကလေးသည် ကိုမြတ်မင်းမောင်ကို လုံးဝစိတ်ပျက်သွားပါလေတော့သည်။

မောင်နှင့်မြကလေးသည် ဘယ်တော့မှ ညှိနှိုင်းလို့ရတော့မည် မဟုတ်ပေ။

ဒီကတည်းက ကိုမြတ်မင်းမောင် နယ်သို့ပြန်သွားသည်။ သူတို့ မြို့နယ်ထဲက ဝေးလံသီခေါင်သော ရွာကလေးတစ်ရွာမှာ တွဲဖက်ကျောင်းဆရာ သွားလုပ်သည့် သတင်းကို ကြားရသည်။

အစပိုင်းမှာတော့ မမြကလေးထံ စာရေးပါသေးသည်။

မမြကလေးကို အခြေခံကျသော ကျေးလက်လူထုထံ ဆင်းခဲ့ဖို့၊ မြို့ပြရဲ့ ပကာသနကြားမှာ ပျော်မွေ့မနေဖို့ စည်းရုံးနေသေးသည်။

နောက်ပိုင်းတော့ သူ့ထံမှလည်း စာအလာကျဲသွားသည်။ မမြ ကလေးကလည်း မေမေ့ကျန်းမာရေးကိစ္စနှင့် မအားလပ်၍ စာမပြန်ဖြစ်တာ လည်း ပါသည်။ ပြီးတော့ သူ့ဆီစာရေးလျှင် စာထဲမှာ ဘာအကြောင်းအရာကို ရေးရမှန်းပင် စိတ်ကူးလို့ မရ၍ မရေးဖြစ်တော့ခြင်းလည်း ဖြစ်ပါသည်။

ဒီတော့လည်း တဖြည်းဖြည်း ဝေးအေးသွားခဲ့တာ မဆန်းတော့ပါပေ။

ထို့ကြောင့်လည်း နောက်လေးနှစ်အကြာမှာ သူနှင့်အတူ တစ်ကျောင်းတည်း အလုပ်လုပ်နေသည့် ကျောင်းဆရာမလေး တစ်ယောက်နှင့် လက်ထပ်လိုက်ကြောင်းကြားရတော့ ထူးပြီး မခံစားရတော့ပေ။

မမြကလေး၏အချစ်ရေးမှာလည်း ဤမျှလောက်နှင့်ပင် နိဂုံးချုပ် ခဲ့လေတော့သည်။

●

ယခုတော့ မမြကလေးကို ကြည့်မည်ဆိုလျှင် အားလပ်နေသည်ဆိုပါ က ဘုရားစင်ရှေ့တွင် ပုတီးစိပ်နေသည်ကို မြင်ရကောင်းမြင်ရမည်။ အလုပ် လုပ်နေပါကလည်း ဘုရားစာတစ်ခုခုကိုဖြစ်စေ၊ ဂါထာတစ်ပုဒ်ကိုဖြစ်စေ နှုတ်မှ တဖွဖွ ရွတ်ဆိုနေသည်ကို တွေ့ကောင်းတွေ့ရမည်။

အလုပ်လုပ်သည်ဆိုရာ၌လည်း အများအားဖြင့် မီးဖိုချောင်ဝင်၍ ချက်ပြုတ်ကြော်လှော်နေခြင်းသာ ဖြစ်လေသည်။ အိမ်တွင် အိမ်ဖော်ရှိသော်လည်း ချက်ရေးပြုတ်ရေးကိုတော့ မမြကလေးက ကိုယ်တိုင်လုပ်ရမှ ကျေနပ်သည်။ အိမ်ဖော်မလေး **လှဆုံ** က ဘေးမှ ကူညီပေးရုံသာဖြစ်သည်။


www.burmeseclassic.com

မီးဖိုချောင်ဝင်သည့်အခါများ၌ မမြကလေးသည် သူမ၏ ရှည်လျားသော ဆံပင်ထွေးကြီးကို လည်ပင်း၌ သုံးပတ်ပတ်၍ထားတတ်သည်။ သို့မှသာ အလုပ်လုပ်ရာ၌ ဆံပင်၏အနှောင့်အယှက်ကင်းစွာ လုပ်နိုင်လေ၏။ ထိုသို့ ဆံပင်ကို လည်ပင်းတွင် ရစ်ပတ်ထားသည့်အခါများတွင် သူမ၏လည်ပင်းကို စပါးကြီးမြွေ အနက်ကြီးတစ်ကောင်က ရစ်ပတ်ထားသည်နှင့် တူလှပေတော့၏။

အိမ်ဖော်မလေး လှဆုံသည် မမြကလေး တစ်ပတ်တစ်ခါ ခေါင်းလျှော်သည့်အခါတွင် ကူညီရသည့် အလုပ်တစ်ခုသာ မယ်မယ်ရရရှိသည်။ မမြကလေး ခေါင်းလျှော်ရာတွင် ကူညီရသည်ကလည်း မသက်သာလှပေ။ ချိန်ကြည့်လျှင် တစ်ပိဿာလောက်ရှိမည့် ဆံပင်ထွေးကြီးကို ရေဇလုံထဲ ထည့်ကာ အနှံ့ပွတ်တိုက်ပေးရသည်။ မမြကလေးက အသင့်ဖျော်စပ်ပြီးဖြစ်သော ခေတ်ပေါ်ခေါင်းလျှော်ရည်များဖြင့် မည်သည့်အခါမှ ခေါင်းမလျှော်ပေ။ တရော်၊ ကင်ပွန်းသီးများဖြင့်သာ ရိုးရာဆန်ဆန် ခေါင်းလျှော်လေသည်။ ဒါလည်း မမြကလေး၏ အစွဲအလမ်းတစ်ခုပင်။ တရော်ကင်ပွန်းကသာ ဆံပင်ကို သန့်စွမ်းနက်မှောင်ခြင်းနှင့် ဦးရေခွံကို အေးမြသန့်ရှင်းမှု ပေးနိုင်သည်ဟု ယုံကြည်သည်။

မမြကလေး ခေါင်းလျှော်သည့်နေ့များတွင် လှဆုံက ကင်ပွန်းသီးကို ပြုတ်ပေးရသည်။ တရော်ကို ချွဲကျိသည်ထိ စိတ်ရှည်လက်ရှည် ထုထောင်းပေးရသည်။ လှဆုံအဖို့ ဤအိမ်တွင်နေရသည်မှာ မမြကလေးကို တစ်ပတ်တစ်ခါ ခေါင်းလျှော်ပေးဖို့သက်သက် လာနေသည်နှင့် တူနေသည်။

ဘာကြောင့်ဆို တခြားအိမ်မှုကိစ္စအလုပ်များကို မမြကလေးကချည်း ဒိုင်ခံဦးဆောင်လုပ်တတ်မြဲ ဖြစ်သောကြောင့်ပင်။

နေ့လယ်နေ့ခင်းများ၌ မမြကလေးသည် ရွတ်မှ ဘုရားစာများ ရွတ်ဆိုရင်းဖြင့် တံမြက်စည်းလှဲခြင်း၊ ဖုန်သုတ်ခြင်း အလုပ်များကို လုပ်နေတတ်သည်။

တကယ်တော့ လူဦးရေနည်းသော တစ်ထပ်တိုက်ကလေးအတွင်းဝယ် လုပ်စရာအလုပ်လည်း များများစားစား မရှိလှပါ။ မေမေရှိစဉ်တုန်းက ဆိုလျှင် အိမ်ဖော်ပင်မထား။ လှဆုံကို မေမေဆုံးပြီးမှ မမြကလေးအတွက် မိန်းမဖော် ရရန်ခေါ်ထားခဲ့ခြင်း ဖြစ်သည်။

မမြကလေး၏ နေ့စဉ်လုပ်ငန်းနောက်တစ်ခုမှာ ညနေတိုင်း ပြန်ဝင်လာသည့် ခရီးသည်တင်ကားနှစ်စီးကို ဂိုထောင်ထဲ သိမ်းဆည်းရာ၌ ကြီးကြပ်ရခြင်းနှင့် ကားခငွေများကို သိမ်းဆည်းရခြင်းတို့ပင် ဖြစ်လေသည်။

မမြကလေးတို့၌ ရှေးယခင်ကတည်းကပင် ဟီးနိုးကား နှစ်စီးရှိခဲ့သည်။ တစ်စီးက ကျောင်းကြိုပို့ကားအဖြစ် ငှားရမ်းထားသည်။ ထိုကားအတွက်ကတော့ ဗာဟီရမများလှပေ။ ဒရိုင်ဘာကြီးက မနက်စောစော ကားကိုမောင်းယူသွားကာ ကျောင်းသားများအား ကျောင်းသို့ပို့ပေးသည်။ နေ့လယ်ပိုင်းမှာ ကားကို အိမ်မှာ ပြန်လာထိုးသည်။ ထိုဒရိုင်ဘာကြီးကို မနက်စာ ထမင်းကျွေးရပါ၏။ ကျောင်းဆင်းချိန်မှာ ကျောင်းသားတွေသွားကြို၊ အိမ်ပြန်ပို့ပေးပြီး၍ ညနေ လေးနာရီခွဲလောက်ဆိုလျှင် ဖယ်ရီအဖြစ်သုံးသော ကားကိစ္စက ပြီးပြီ။ ကားခက လစာနှင့်ပေးသည်မို့ လကုန်ရက်မှသာ ဒရိုင်ဘာဦးလေးကြီးနှင့် စာရင်းရှင်းရသည်။ ရသည့်လခများကို မမြကလေးကို စာရင်းနှင့်အပ်၊ မမြကလေးက ဒရိုင်ဘာကြီးအတွက် လစာကို ထိုငွေများထဲမှ ပြန်ထုတ်ပေးရုံသာ။ ဖယ်ရီကားဖြစ်သည်မို့ စပယ်ယာ မထားပါ။

နောက်ကားတစ်စီးကတော့ မထသတွင် အသင်းဝင်ထားကာ မြို့တွင်း ပြေးဘတ်စ်ကားအဖြစ် သုံးလေသည်။ လိုင်းကားဖြစ်သည့်အတွက် ပြန်ဝင်ချိန်မှာ မိုးချုပ်သည်။ ရလာသည့်ငွေများကိုလည်း နေ့စဉ်လက်ခံယူရသည်။ ဒရိုင်ဘာနှင့် စပယ်ယာကိုလည်း နေ့တွက်လုပ်ခ နေ့စဉ်ရှင်းပေးရသည်။

ကားအလုပ်များကို မမြကလေးကသာ ကြီးကြပ်ရလေ၏။ ဖေဖေက မြို့ထဲက ပုံနှိပ်တိုက်တွင် နေ့စဉ်အလုပ်ဆင်းသည်မို့ ကားကိစ္စကို လှည့်မကြည့်နိုင်ပေ။

ထို့ကြောင့် မမြကလေးသည် နေ့တစ်ဝ အိမ်ထဲမှာသာ အနေများပြီး အပြင်ထွက်ခဲလှသည်။ အပြင်ထွက်စရာကိစ္စလည်း မရှိလှပေ။

ယင်းသို့ဖြင့် မမြကလေး၏ဘဝသည် ရေသေလို အပြောင်းအလဲမရှိ အေးဆေးငြိမ်သက်စွာဖြင့် အချိန်များကုန်လွန်ခဲ့ရသည်မှာ သူမဘဝထဲသို့ ညိုမောင် ရောက်လာသည့်အချိန်အထိပင်။

●

စင်စစ် ညိုမောင်သည် မမြကလေးဘဝထဲသို့ အိမ်ဦးနတ်အဖြစ် တိုက်ရိုက်ဝင်ရောက်လာခဲ့ခြင်း မဟုတ်ပါ။

မမြကလေးတို့ ထောင်ထားသောဘတ်စ်ကားတွင် စပယ်ယာအဖြစ် အလုပ်ဝင်လုပ်သော အလုပ်သမားတစ်ယောက်သာ ဖြစ်ပါသည်။

ကျောင်းဖယ်ရီကားမှာမောင်းသည့် ဒရိုင်ဘာဦးလေးကြီးက မမြ ကလေး ငယ်စဉ်ကတည်းက ဒီကားကို မောင်းလာခဲ့ခြင်းဖြစ်သည်။ ကျောင်းနှင့်နီးသည့် ရပ်ကွက်ထဲက ကလေးများကို ကြိုဆိုကာ ကျောင်းကိုပို့ရုံမို့ ဖယ်ရီကားတွင် စပယ်ယာထားဖို့ မလိုပါ။

www.burmeseclassic.com

လိုင်းကားကျတော့ စပယ်ယာ လိုသည်။ ဒရိုင်ဘာ မြဲပေမယ့် စပယ်ယာတွေက မမြဲ။ ခဏခဏ အပြောင်းအလဲ ရှိနေသည်။ လူငယ်များက စပယ်ယာဆိုတဲ့ ဘဝမျိုးကို ကြာကြာခံယူလိုစိတ်မရှိဘဲ အခြား ပိုကောင်းသောအလုပ်များရှိလျှင် ထွက်သွားတတ်ကြလို့ စပယ်ယာတွေ မမြဲရခြင်း ဖြစ်သည်။

မကြာမကြာ အသစ်ဝင်လာတတ်သည့် စပယ်ယာလေးတွေ များလှပြီမို့ မမြကလေးက မှတ်ပင် မမှတ်မိတော့ချေ။

ညီမောင့်ကိုလည်း ခဏသာဝင်လုပ်ပြီး မကြာခင် ထွက်သွားမယ့် စပယ်ယာတစ်ယောက်လို့သာ ထင်မြင်မိသည်။

ဒါကြောင့် သိပ်လည်း အမှတ်မထားမိ၊ စကားပင် ကောင်းကောင်း မပြောဖူးပါ။

သို့သော် ညီမောင်သည် စပယ်ယာဘဝက တော်တော်နှင့် ထွက်မသွားခဲ့ပါ။

လိုင်းကားကို မောင်းနေသော ဒရိုင်ဘာကိုမြဆောင်၏ ဇာတိမြို့က လာသူဟု ဆိုသည်။ ညီမောင့်အဖေက ကိုမြဆောင်ကို အပ်ထားသည်ဟု ဆိုသည်။ ကိုမြဆောင်နေသော လှည်းတန်းက အဆောင်တစ်ခုမှာ နေနေသူဟု သိရသည်။ ဒါကြောင့်လည်း ကိုမြဆောင်နှင့်မခွဲဘဲ အလုပ်လုပ်နေတာ ထင်ပါရဲ့။

ဒါလောက်ပါပဲ။

မမြကလေးသည် မိမိ၏လုပ်ငန်းမှ အောက်ခြေဝန်ထမ်းတစ်ဦး ဖြစ်သော ညီမောင်ကို သည့်ထက်ပို၍ အမှတ်မထားမိခဲ့ပါ။

တစ်ချိန်တွင် မိမိလင်ယောကျာ်းဖြစ်လာမည်ဟု ယောင်လို့မှပင် မတွေးမိ။

အသက်ချင်းကလည်း ကွာလှသည်။

ထိုစဉ်က မမြကလေး အသက် ၂၈ နှစ်ရှိနေချိန်တွင် ညီမောင်က ၂၁ နှစ်သာ ရှိသေးသည်။ ၇ နှစ် ကွာပါသည်။

●

ညီမောင်က တစ်ခါတစ်ရံမှာ ကိုမြဆောင် အိမ်ပြန်ပေမယ့် မပြန်သေးဘဲ ကျန်နေရစ်တတ်သည်။ ကိုမြဆောင်က ကားသန့်ရှင်းရေးအလုပ်များကို အပြီးလုပ်ရန် ခိုင်းထားခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုအခါများ၌ မိုးချုပ်သည်ထိ ကားအလုပ်လုပ်နေသော ညီမောင့်ကို မမြကလေးက ထမင်းကျွေးပြီးမှ ပြန်လွှတ်တတ်သည်။ လုဆုံကို ထမင်းပွဲပြင်စေ၍ မီးဖိုခန်းထဲမှာပဲ ကျွေးစေခြင်းမျိုးဖြစ်ပါသည်။ ထမင်းစားခန်းထဲမှာ တစ်သီးတခြားညှိခံ ကျွေးမွေးခြင်းမျိုးမဟုတ်။ စပယ်ယာတစ်ယောက်ကို ဒီလိုတယုတယ လုပ်နေစရာလည်း မလို။ ညီမောင်က ထမင်းကို မမြကလေး ခွင့်ပြုချက်ဖြင့် လုဆုံ ခူးခပ်ကျွေးခြင်းဖြစ်ကြောင်း သိမည်ပင် မဟုတ်ပါ။

မမြကလေးအဖို့ ညီမောင် အလုပ်ဝင်လုပ်ပြီး တစ်နှစ်ကြာလောက် မြဲနေမှသာ သူ့နာမည်ကို မှတ်သားသတိထားမိခြင်း ဖြစ်လေသည်။ မျက်နှာချင်းဆိုင် စကားပြောဆိုခြင်းပင် မရှိဖူးသေးပါ။ နေ့တွက်ခ ရှင်းရာ၌လည်း ညီမောင် ရသင့်သည့်နေ့တွက်ခကို ကိုမြဆောင်လက်ထဲသို့ ထည့်ပေးလိုက်မြဲသာဖြစ်သည်။

မမြကလေးက လုဆုံနှင့်ညီမောင် ရယ်ရယ်မောမော ပူးပူးကပ်ကပ် နေကြသည်ကို တစ်ခါတစ်ရံ မြင်မိတတ်၍ လူငယ်ဘာဝ ချစ်ကြိုက်ငြိစွန်းနေသည်ဟုပင် ထင်ခဲ့မိသည်။

ယင်းသို့ဖြင့် နေလာခဲ့ရာမှ –

●

ထိုနေ့က မိုးကလေး ခပ်ဖွဲဖွဲရွာနေသည်။

လုဆုံက ခွင့်ခယ်ရက်တောင်းပြီး ရွာခဏပြန်သွား၏။

ကိုမြဆောင် မောင်းသောလိုင်းကားကို ကြံ့ခိုင်ရေးပြုလုပ်နေချိန် ဖြစ်သည်။ ကားမှာ အပျက်အစီးမရှိသော်ငြား ဖြလ တစ်ခါ မွမ်းမံ ပြင်ဆင်ခြင်း ပြုလုပ်ပေးပါသည်။ ထိုအခါများ၌ သုံးရက်တိတိ ကားမထွက်နိုင်ဘဲ ရှိတတ်သည်။ ကားမထွက်ဖြစ်သော်လည်း ဒရိုင်ဘာကိုမြဆောင်ရော၊ စပယ်ယာ ညီမောင်ပါ အလုပ်ချိန်အတိုင်း လာရသည်။

ကားကို ဝပ်ရှော့ပို့က လိုအပ်သည့် ပြင်ဆင်မှုနှင့် မွမ်းမံမှုများတွင် ကူညီလုပ်ကိုင်ပေးရသည်။ ကားကြံ့ခိုင်ရေး လုပ်နေသည့် သုံးရက်အတွက် နေ့တွက်ခကို ယခင်နေ့များကအတိုင်း ရှင်းပေးပါသည်။

ထိုနေ့က ကားမွမ်းမံပြီးသည့် နောက်ဆုံးနေ့ ဖြစ်သည်။ ခပ်စောစောပင် ပြင်ဆင်မှုပြီးသွားကာ ညနေလေးနာရီလောက်မှာ ကားပြန်ဝင်လာသည်။


www.burmeseclassic.com

ကိုမြဆောင်က ကားကိုဂိုထောင်ထဲသွင်းပြီး နေရာတကျ သိမ်းဆည်းပေးခဲ့သည်။ ထိုနေ့က တနင်္ဂနွေနေ့မို့ ကျောင်းဖယ်ရီအဖြစ်သုံးသော ကားကြီး မထွက်ပါ။ ဂိုထောင်ထဲမှာပင် ရှိနေသည်။ ထို့ကြောင့် ကိုမြဆောင်က သူ့ကားကို သွင်းအပြီးတွင် ဂိုထောင် တံခါးကို သော့ခတ်လိုက်သည်။

မမြကလေးထံ သော့လာအအပ်တွင် မမြကလေးက ကိုမြဆောင်နှင့် ညိုမောင့်အတွက် နေ့တွက်ခကို ကိုမြဆောင် လက်ထဲထည့်ပေးလိုက်၏။

"ကျွန်တော်တို့ ပြန်မယ် မမြကလေး"

"မောင်ညိုမောင်ကို ခဏထားခဲ့ပါဦးလား ကိုမြဆောင်။ မြကလေး ပန်းအိုးလေးတွေ ရွှေ့စရာရှိတာ တစ်ခါတည်း ရွှေ့ခိုင်းလိုက်ချင်လို့"

"ရပါတယ်၊ ဒီကောင်က ကျွန်တော်နဲ့အတူ ပြန်တာ မဟုတ်ဘူး။ ဟိုဝင်ဒီဝင် ဝင်သေးတာ၊ ဟေ့ကောင် ... ညိုမောင်၊ မမြကလေး ခိုင်းတာ လေးတွေ လုပ်ပေးလိုက်ပါဦးကွာ။ ငါပြန်နှင့်မယ်"

●

မမြကလေးက ညိုမောင့်ကို ပန်းအိုးများ ရွှေ့ရမည့်နေရာပြပေးသည်။ အိမ်ဘေးနံရံတွင် တန်းစီချထားသည့် ရွက်လှပန်းအိုးများကို အိမ်ရှေ့ ဝရံတာမှ အုတ်ဘောင်ပေါ်သို့ တင်ခိုင်းခြင်းဖြစ်သည်။

မမြကလေးက အုတ်ဘောင်တစ်လျှောက် ရွက်လှပန်းအိုးများဖြင့် အလှဆင်ထားရန် စိတ်ကူးရ၍ဖြစ်သည်။ မျက်နှာစာမှာ ၆ အိုး၊ ဘေးဖက် ဘောင်မှာ ၃ အိုး စီစီရီရီ တင်ရန် ညွှန်ပြထားခဲ့သည်။

ညိုမောင်က သူ့အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်ကာ အပေါ်ပိုင်း ဗလာကျင်းလျက် ပန်းအိုးများကို စ၍ရွှေ့လေသည်။ ညိုမောင်၏ တောင့် တင်းသန်မာသော ကိုယ်လုံးကိုယ်ထည်က ထင်းထင်းပေါ်နေ၏။ လက်မောင်းလက်ဖျံများက သန်မာလှကာ အကြောများ ထောင်ထနေသည်။ ရင်ပတ်မှ အမွေးနုနုလေးများက ချက်နားအထိ ဆင်းသွားသည်။ အလုပ်ကြမ်းလုပ်ရဖန်များ၍လား၊ တမင်ပဲ လေ့ကျင့်ထားသလားမသိ။ ညိုမောင်၏ ခန္ဓာကိုယ်မှာ အချိုးအစားကျ၍ ကြည့်ကောင်းလှပါသည်။

ညိုမောင်က ပန်းအိုးများကို လွယ်ကူပေါ့ပါးစွာပင် သယ်မ,ရင်း မမြကလေး ပြသည့်နေရာတွင် နေသားတကျချ၏။

မမြကလေးက ခဏစောင့်ကြည့်ပြီး ရေချိုးရန် အိမ်ထဲသို့ဝင်ခဲ့သည်။

မမြကလေးရေချိုးပြီး၍ ရေချိုးခန်းထဲမှ ထွက်လာတော့ ညိုမောင့်ကို ဝရံတာမှာ ထိုင်နားနေတာတွေ့ရ၏။ အလုပ်ပြီးသွားဟန်တူသည်။ သူ့ ကိုယ်တွင် ချွေးများနှင့် မိုးရေစက်များ ကပ်ငြိနေပေသည်။

မမြကလေးက အိမ်မှာလူဆိုမရှိလို့ ထမင်းမကျွေးနိုင်သည့်အတွက် ညိုမောင့်ကို အားနာသွားသည်။ မုန့်ဖိုးနှစ်ရာလောက် သပ်သပ်ပေးလိုက် ဖို့ စိတ်ကူးမိလိုက်သည်။

သို့သော် ထမီရင်လျားကြီးနှင့်မို့ ဘာမှမပြောဘဲ အခန်းထဲသို့ ဝင်ခဲ့လေသည်။ မမြကလေးက ရေချိုးရာတွင်ပြုနေကျအတိုင်း ဆံပင်ကို ထိပ်တွင် ထွေးလုံး ရစ်ပတ်ကာ မျက်နှာသုတ်ပဝါကြီးနှင့် ကျစ်ကျစ်ပါအောင် ပေါင်းထားလေသည်။

အခန်းထဲ ရောက်သည်နှင့် ခေါင်းမှာပေါင်းထားသော မျက်နှာသုတ်ပဝါကို ဖြေချလိုက်ကာ တန်းပေါ်တင်လိုက်သည်။ ထိုအခါ ခြေမျက်စိအထိ ရှည်လျားသော ဆံပင်တွေးကြီးက ပြေကျလာလေသည်။

မမြကလေးက သနပ်ခါးကျောက်ပျဉ်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဆံပင်ကိုလက်ဖြင့် နောက်သို့ပစ်ကာ ဆံပင်ပေါ် တက်မထိုင်မိအောင် လုပ် နေကျအတိုင်း ထိုင်လိုက်၏။ မမြကလေး၏ဆံပင်တွေးကြီးသည် ကြမ်းပြင်ပေါ်၌ ပုံကျနေပေသည်။

မမြကလေးက သနပ်ခါးကို စသွေးသည်။ မြန်မာဆန်လှသော မမြကလေးသည် သနပ်ခါးကို သွေးပြီးသားအခဲ ဘယ်တော့မှမသုံး။ ကိုယ် တိုင်သွေးသည့် သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လူးရမှသာ ကျေနပ်သည်။

မမြကလေးသည် ကိုယ်ကိုယ်တိုင်ထိုးရင်း သနပ်ခါးကို သွေးနေသည်။ သွေးပြီး သနပ်ခါးပြစ်ပြစ်များ ကျောက်ပျဉ်မျက်နှာပြင်နှင့် အပြည့်ရတိုင်း နဖူး၊ မျက်နှာ၊ လည်တိုင်များကို တစ်ဆင့်ပြီးတစ်ဆင့် လိမ်းသွား၏။

လည်ပင်း၊ ပခုံးနှင့်လက်များကိုလိမ်းရန် သနပ်ခါးထပ်သွေးချိန်တွင် မျက်နှာမှ သနပ်ခါးများ ခြောက်သွားပေပြီ။

သနပ်ခါးသွေးနေစဉ်တွင် မမြကလေး စိတ်များက သနပ်ခါးထဲသာ အာရုံရောက်နေသည်။ သနပ်ခါးသွေးရင်းကလည်း ၂၄ပစ္စည်းကို တီးတိုး ရွတ်နေသည်။ မမြကလေးသည် သီချင်းဆိုညည်းခြင်း၊ တွေရာလေးပါးတွေးတောခြင်းများ မပြုတတ်ချေ။ အချိန်ပြည့် နှုတ်မှ ဘုရားစာတစ်ခုခုကို ရွတ်နေမြဲဖြစ်သည်။

ကိုယ့်အာရုံနှင့်ကိုယ် လုပ်နေကျအတိုင်း လုပ်မြဲအလုပ်ကိုလုပ်နေ၍ ဘေးဘီကို အာရုံမထားမိ။



www.burmeseclassic.com

ပခုံးကို သနပ်ခါးလိမ်းရန် ကိုယ်ကိုမတ်လိုက်သည့်တွင် အခန်းဝမှာ ရပ်နေသော အရိပ်ကိုမြင်လိုက်ရမှ မမြကလေး လန့်သွားလေသည်။

ညိုမောင်။

ညိုမောင်က အခန်းဝမှာရပ်ရင်း မမြကလေးကို ကြည့်နေသည်။

မမြကလေးသည် ကြမ်းပြင်ပေါ် ပုံချထားသော မျက်နှာသုတ်ပဝါကို အလျင်အမြန် ဆွဲခြုံလိုက်သည်။

"မောင်ညိုမောင်၊ ဘာလဲ"

မမြကလေးက မေးလိုက်သည်။

ညိုမောင်သည် အခန်းထဲသို့ လှမ်းဝင်လာလေသည်။ ညိုမောင်က အပေါ်ပိုင်း ဗလာကျင်းလျက်ရှိနေဆဲ။ သူ့ကိုယ်မှာ ချွေးများစို့နေဆဲ။

"ဘာလဲ မောင်ညိုမောင်၊ ဘာလို့အခန်းထဲဝင်လာတာလဲ၊ အို"

ညိုမောင်က ဘာမှစကားပြန်မပြောဘဲ ဆက်ဝင်လာကာ မမြ ကလေး ရှေ့တွင်ရပ်လိုက်သည်။

မမြကလေးသည် ကြမ်းပြင်ပေါ်ထိုင်နေရာမှ ကျုံး၍ထလိုက်၏။

"မမြ ... မမြ ... ကျွန်တော် ... "

ညိုမောင့်အသံများက တုန်နေသည်။ မူမမှန်သော အသံ။

"မောင်ညိုမောင်၊ မင်းထွက်သွား"

ညိုမောင်က မမြကလေး၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မမြ ... ကျွန်တော် ... ကျွန်တော် ... မမြကို ချစ်လို့"

"အို ... ထွက်သွားစမ်း"

ညိုမောင်သည် ဘီလူးစီးလေပြီ။

မမြကလေး၏ ကိုယ်ကိုပွေ့ယူလိုက်သည်။

ပိန်လှီသေးကွေးသော မမြကလေးကိုယ်လေးက ညိုမောင်၏သန်မာ သော လက်များထဲ ပါသွားသည်။

"မင်း ... မင်း ... မယုတ်မာနဲ့နော်၊ သွား ... ထွက်သွား"

ညိုမောင်သည် စကားပြန်မပြောတော့ချေ။

မမြကလေးကိုပွေ့ယူကာ ခုတင်ပေါ်သို့ချလိုက်သည်။

မမြကလေး ရုန်းသည်။

အော်ဟစ်ကန်ကျောက်သည်။

အင်အားချင်းက မမျှပေ။

ညိုမောင်၏စူးရှသော ပါးသိုင်းမွေးများက မမြကလေး လည်တိုင် တစ်လျှောက်ကို လာ၍ထိတွေ့လေသည်။

မမြကလေး ရေတိမ်နစ်ခဲ့ရလေ၏။

●

"မမြ... မမြ ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ကျွန်တော် မမြကို ချစ်လို့ပါ"

"သွား... မင်းထွက်သွား"

မမြကလေးက အသံကုန် ကျုံးအော်လိုက်သည်။

ညိုမောင် ထွက်သွားသည်။

ဝရံတာတွင် ချိတ်ထားသောအင်္ကျီကို ကောက်ဝတ်ကာ ဟန်မပျက် ထွက်ခွာသွားသည်။

ကမ္ဘာပျက်မတတ် တုန်လှုပ်ချောက်ချားရင်း သွေးပျက်ကျန်ရစ်ခဲ့သူကား မမြကလေး။

ရိုးသားအေးဆေးလှသော မမြကလေး၊ မတုန်မလှုပ် ငြိမ်သက်အေးချမ်းစွာ နေလေ့ရှိသော မမြကလေး၊ အချိန်မပြတ် ဘုရားစာ တရားစာများကို ရွတ်ဆိုကာ ဘာသာရေးတွင် အာရုံညွတ်ရှုနေတတ်သည့် မမြကလေး၊ ဒီလို မိန်းမရိုးကြီးမမြကလေးကို ညိုမောင်သည် ဘာကြောင့် စိတ်ဝင်စားရသနည်း။


www.burmeseclassic.com

မမြကလေးအဖို့ ညိုမောင်လိုလူမျိုးက သူမကို ဒီလိုစိတ်မျိုးဝင်လိမ့်မည်ဟု မတွေးခဲ့ဖူးပါ။ ညိုမောင်နှင့်မမြကလေးသည် တခြားစီဖြစ်သည်။ အသက်အရွယ်ချင်းလည်း ကွာသည်။ တစ်ကမ္ဘာစီတွင် မွေးဖွားသော ပြိုဟ်သားနှစ်ယောက်သဖွယ် ဆက်စပ်မရအောင် ကွာခြားလှပါသည်။

အိမ်မှာ လူမရှိရှိန်တွင် ညိုမောင့်ကို အလုပ်လုပ်ဖို့ ခေါ်ထားလိုက်ခြင်းမှာ မမြကလေးအတွက် ကြမ္မာငင်ခြင်းဖြစ်သည်။ မမြကလေး အမှားပင် ဖြစ်သည်။ မမြကလေးသည် ညိုမောင့်လုပ်ရပ်ကို စက်ဆုပ်မိသလို ကိုယ့်ကိုကိုယ်လည်း အပြစ်တင်မိ၏။ ယောကျ်ားဆိုတာမျိုးသည် ဘယ်အရွယ်ဖြစ် ဖြစ် ဆန့်ကျင်ဖက်လိင်နှင့်ပတ်သက်လာပါက စိတ်မချရပါကလား။

မမြကလေး၏သံဝေဂမှာ နောက်ကျခဲ့လေပြီ။

မမြကလေးငိုသည်။ ကြေကွဲစွာငိုသည်။ နာကျင်ခံပြင်းစွာငိုသည်။

ကြုံလိုက်ရသောဖြစ်ရပ်သည် မမြကလေးအဖို့ ကမ္ဘာပျက်သည့်သဖွယ် ဖြစ်သည်။

မိန်းမတစ်ယောက်သည် မိမိကာမပိုင်လင်ယောကျ်ားနှင့်သာ အပျိုဘဝကို စွန့်လွှတ်ရမည်။ အိမ်ထောင်မကျမချင်း အပျိုစင်ဘဝကို အသက်နှင့်ထပ်တူ ထိန်းသိမ်းရမည်ဆိုသည့် မိဘများဆိုဆုံးမထားသောအဆုံးအမ က မမြကလေး ရင်ထဲထိ စိမ့်ဝင်နေခဲ့ပြီးဖြစ်သည်။ မမြကလေးကိုယ်နှိုက်ကလည်း ထိုအတိုင်း ခံယူပါသည်။

ကြုံရသောအဖြစ်သည် မမြကလေး ဘယ်လိုမှမျှော်မှန်းမထားသော အဖြစ်။ ကိုယ့်အိမ်ထဲမှာနေရင်းက ဓော်ကားခံလိုက်ရသည့် အဖြစ်။

မမြကလေးသည် ရှုးသွပ်သွားမတတ်ခံစားလိုက်ရသည်။ အသက်ရှင်ရက်ပင် ရပ်တည်မနေချင်တော့။ ဒီအဖြစ်ကို စက်ဆုပ်သည်၊ ရွံရှာသည်၊ ပြန်မတွေးချင်။

သို့သော် ဖြစ်ခဲ့တာက ဖြစ်ခဲ့ပြီးပြီ။

ဖေဖေ့မျက်နှာကို မမြကလေး ဘယ်လိုကြည့်မည်လဲ။

ဘုန်းကြီးလူထွက် ဖေဖေသည် ရိုးသားဖြောင့်မတ်လှပေသည်။ မမြကလေး အဖြစ်ဆိုးကိုသိလျှင်ဖြင့် ရုတ်တရက် လဲသေသွားနိုင်ပေသည်။

မမြကလေးသည် မသိလိုက်မသိဖာသာ ကြိတ်မှိတ်မြိုသိပ်တတ်သော မိန်းမမျိုး မဟုတ်ပေ။ ဒီအဖြစ်က မမြကလေးကို တအုံနွေးနွေး ဖြစ်နေစေသည်။ ပြန်စဉ်းစားမိတိုင်း ထိတ်လန့်ချောက်ချားရသည်။ ရင်တုန်ပန်းတုန် ဖြစ်ရသည်။ ယူကျုံးမရ ခံစားရသည်။ ဝမ်းနည်းကြေကွဲရသည်။

ထိုညက ဖေဖေပြန်အလာတွင် အိမ်ထဲမှာ မမြကလေး တစ်ယောက်သာရှိ၍ တံခါး ထဖွင့်ပေးရသည်။

ဖေဖေ ဘာမှမသိသော်ငြား ဖေဖေ့ရှေ့မှာ မျက်နှာမထားတတ်အောင် ဖြစ်ရသည်။ အပြစ်တစ်ခုကျူးလွန်ထားသူမို့ မလုံမလဲ ခံစားနေရသည်။

ဖေဖေ့ကို ထမင်းပွဲပြင်ကျွေးတော့ ဖေဖေက မေးသည်။

"သမီး ဘာဖြစ်နေသလဲ၊ မျက်နှာမကောင်းပါလား"

မမြကလေး အမူအရာပျက်နေသည်ကို ဖေဖေ ရိပ်မိနေပါကလား။

"မြကလေး သိပ်နေမကောင်းလို့ပါ ဖေဖေ"

မမြကလေးက ဖေဖေ့မျက်နှာကို မကြည့်မိအောင် လွှဲထားရင်းမှ ဖြေလိုက်သည်။

●

နောက်တစ်နေ့တွင် ညိုမောင် ဝတ္တရားမပျက်အလုပ် ဆင်းလာတာကို တွေ့ရသည်။ ဘာမှမဖြစ်သယောင် သူလုပ်စရာ ရှိသည်များကို လုပ်ဆောင်ရင်း ကားနှင့်ပါသွားသည်။

မမြကလေးသာလျှင် သူနှင့်မျက်နှာချင်းမဆိုင်မိအောင် ရှောင်ရင်း ဆောက်တည်ရာမရ ဖြစ်နေရသည်။

ညကလည်း မမြကလေးအိပ်လို့မပျော်ပေ။ တစ်ညလုံး ငိုနေမိသည်။ မိခင်ကြီးမျက်နှာကို မြင်ယောင်ကာ တမ်းတမိသည်။

ကိုယ့်ဘဝကိုယ်လည်း သန့်ရှင်းစင်ကြယ်မှုမရှိတော့သယောင် ခံစားရသည်။

ဒီကိစ္စကို ဘယ်လိုဆက်ဖြေရှင်းမလဲ။ မသိလိုက် မသိဖာသာ နေလိုက်ရမလား။ ယောကျ်ားတစ်ယောက်နှင့် ငြိစွန်းမိပြီးမှ ထိုယောကျ်ား မျက်နှာကို မျက်နှာပြောင်တိုက် ကြည့်နေနိုင်တဲ့ သတ္တိ သူမမှာရှိရဲ့လား။

ညိုမောင့်ကို အလုပ်ဖြုတ်ပစ်လိုက်ရမလား။ အလုပ်ဖြုတ်ပစ်ရင်ကော ဘာကြောင့်လို့ အကြောင်းပြမလဲ။

မမြကလေးရင်ထဲမှာ အတွေးများစွာဖြင့် ယောက်ယက်ခတ်နေလေသည်။

●


www.burmeseclassic.com

ညနေစောင်းမှာ ကားပြန်ဝင်လာသည်။

မမြကလေး ထုံးစံအတိုင်း အိမ်ရှေ့မှထွက်စောင့်ကာ ဂိုထောင်သော့ကို လက်ခံယူရင်း ကိုမြဆောင်ကို နှစ်ယောက်စာ ခေါက်ဆွဲ ရှင်းပေးလိုက်သည်။

"မောင်ညိုမောင် နေခဲ့ဦး"

မမြကလေးက ညိုမောင့်ကို တိုက်ရိုက်လှမ်းပြောလိုက်၏။ ကိုမြဆောင်ကိုပင် ညိုမောင့်ကို ခေါ်သွားခဲ့ဖို့ ခွင့်ပန်မနေတော့ပါ။

မမြကလေး ဆုံးဖြတ်ချက်ချပြီးပါပြီ။

ကိုမြဆောင်ကလည်း မမြကလေး နိုင်းစရာရှိ၍ နေခိုင်းတယ်လို့ပင် ရိုးရိုးသားသားထင်ကာ ဘာမှမမေးဘဲ ပြန်သွားလေသည်။ ညိုမောင်၏လုပ်ခကို ညိုမောင့်လက်ထဲ ထည့်ပေးခဲ့သည်။

ကိုမြဆောင် ဝင်းပေါက်တံခါးမှ ထွက်သွားသည်နှင့် မမြကလေးက ပြောလိုက်သည်။

"မောင်ညိုမောင်၊ လာ.. လိုက်ခဲ့"

မမြကလေးက ဧည့်ခန်းထဲသို့ ဦးဆောင်ဝင်ခဲ့၏။

"ထိုင်"

ကုလားထိုင်ကိုညွှန်ပြကာ ထိုင်ခိုင်းလိုက်သည်။

"မင်း ငါ့ကို လက်ထပ်ရမယ်"

"ဗျာ"

မမြကလေး၏ တိုပြတ်သောစကားကြောင့် ညိုမောင်က အံ့သြစွာ မော်ကြည့်သည်။

"မင်းကို ချစ်ခင်လို့ စုံမက်လို့မဟုတ်ဘူး။ မင်းမှာလည်း ငါ့ကို လက်ထပ်ယူဖို့ တာဝန်ရှိတယ်။ ဒါကို သိရဲ့လား"

ညိုမောင့်မျက်နှာ သိသိသာသာ ရှင်ပျသွားသည်။

"မမြ.. ကျွန်တော် မမြကို တကယ်ချစ်တာပါ။ ချစ်လွန်းလို့လည်း ... "

"တော်.. မကြားချင်ဘူး။ ယုံလည်း မယုံဘူး။ ဘာမှ ပြောမနေနဲ့"

"မမြရယ်"

"ဖေဖေ လာတဲ့အထိ အဲဒီကပဲ ထိုင်စောင့်၊ ဖေဖေ့ကို ဖွင့်ပြောမယ်"

"ဟင်"

"မင်းမှာကော နောက်ပိုင်းရှင်းရဲ့လား"

"ကျွန်တော် လူပျိုလူလွတ်တစ်ယောက်ပါ မမြ။ ကိုမြဆောင် သိ ပါတယ်"

"ရည်းစားထားသူရှိပြီးသားလား မေးတာ"

"မရှိ.. မရှိပါဘူး"

"ဒါဖြင့်ပြီးရော၊ မင်းကို လက်ထပ်မယ်ဆိုတာ မင်းကို ချစ်လို့ ခင်လို့ မြတ်နိုးလို့ မဟုတ်ဘူး။ မင်းကို မုန်းတောင် မုန်းသေးတယ်။ မြန်မာမိန်းကလေး တစ်ယောက်ဟာ ယောကျ်ားတစ်ယောက်နဲ့ငြိစွန်းပြီးရင် အဲဒီ ယောကျ်ားကိုပဲ ယူရတယ်။ ငါ မိန်းမပျက် မဖြစ်ချင်လို့ မင်းကိုလက်ထပ်မှာ ဒါပဲ"

ညိုမောင်သည် မမြကလေးကို ကြောင်ငေးကြည့်နေ၏။

"ဖေဖေ လာအောင်စောင့်၊ ဖေဖေ့ကို ငါဖွင့်ပြောမယ်။ ဖေဖေ့ သဘောထားကိုခံယူမယ်။ မင်း ယောကျ်ားဆိုရင် ကိုယ့်လုပ်ရပ်ကို တာဝန်ယူနိုင်ပါစေ"

မမြကလေးက စိတ်ထဲရှိရာ အားရအောင်ပြောနေရင်းမှ အသံများ တုန်ခိုက်လာသည်။ စကားဆုံးသည်နှင့် ငိုချလိုက်သည်။

"မမြ.. မငိုပါနဲ့ မမြရယ်၊ ကျွန်တော်.. "

ညိုမောင်က မမြကလေးရှိရာ ထလာမည့်ဟန်ပြင်သည်။


www.burmeseclassic.com

"မလာနဲ့။ အဲဒီမှာပဲ ထိုင်နေ"

မမြကလေးက ငိုသံပါဖြင့် အော်လိုက်လေသည်။

●

ဦးဘမြစ်ပြန်အလာတွင် အိမ်ထဲမှထူးခြားသောမြင်ကွင်းကြောင့် အံ့အားသင့်သွားသည်။

မမြကလေးက ခြံအပြင်မှ ဦးဘမြစ် ကားဟွန်းတီးသံကြားသည်နှင့် အိမ်ရှေ့သို့ထွက်သွားကာ ဝင်းတံခါးဖွင့်ပေးသည်။

ဦးဘမြစ်က ကားကို ဂိုဒေါင်ထဲသိမ်းဆည်းပြီး အိမ်ထဲဝင်လာသည်အထိ သားအဖနှစ်ယောက် အတူလျှောက်လာခဲ့ကြသည်။

မမြကလေးသည် ဖခင်ဖြစ်သူကို ဘာစကားမှ မပြောသေး။

အိမ်ထဲရောက်လို့ ညှော်ခန်းမှာ ထိုင်နေသောညီမောင်ကို မြင်လိုက်မှ ဦးဘမြစ် အံ့ဩသွားသည်။

"ဟင် ... သူမပြန်သေးဘူးလား။ ဘာလုပ်နေတာလဲ"

ဦးဘမြစ်သည် ညီမောင့်ကို ကားမှအလုပ်သမားတစ်ယောက် ဖြစ်မှန်းတော့ သိသည်။ နာမည်ကို မသိချေ။

"ဖေဖေ့ကို ပြောစရာရှိလို့ပါ၊ ထိုင်ပါဦး ဖေဖေ"

ဦးဘမြစ်သည် ထူးခြားမှုတစ်ခုခုတော့ဖြစ်ပြီဆိုတာ ရိပ်မိပြီး အံ့အားသင့်စွာဖြင့် ထိုင်ချလိုက်သည်။

မမြကလေးက ဖခင်ထိုင်သည့်ကုလားထိုင်ဘေးမှာပင် ကြမ်းပြင်ပေါ်၌ ထိုင်ချလိုက်သည်။

မမြကလေးသည် ဦးဘမြစ်၏ ဒူးပေါ်သို့လက်တင်ကာ ဖခင်ကို မော်ကြည့်ရင်း တစ်လုံးချင်း ပြတ်သားစွာ ပြောလိုက်လေ၏။

"မြကလေး ပြောမယ့်စကားအတွက် ဖေဖေစိတ်အနှောင့်အယှက် ဖြစ်သွားရင် ခွင့်လွှတ်ပါ ဖေဖေ။ မြကလေး သူနဲ့လက်ထပ်လိုက်တော့မယ် ဖေဖေ။ မြကလေးကို ခွင့်ပြုပါ"

"ဘာ"

မမျှော်လင့်သော စကားကြောင့် ဦးဘမြစ်သည် မိုက်ခနဲ ဖြစ်သွားလေသည်။

"ဘာ ... ဘာပြောလိုက်တယ်ကွယ့် သမီး"

"သူက ကိုမြဆောင် မောင်းနေတဲ့ကားက စပယ်ယာပါ။ မောင်ညီမောင်လို့ခေါ်ပါတယ် ဖေဖေ။ မြကလေး သူနဲ့ လက်ထပ်ရတော့မှာပါ။ မြကလေးကို ခွင့်လွှတ်ပါ ဖေဖေရယ်"

ဦးဘမြစ်သည် သမီးဖြစ်သူကိုတစ်လှည့်၊ မိမိလုပ်ငန်းတစ်ခုထဲမှ အလုပ်သမားအဆင့်သာရှိသော လူငယ်ကိုတစ်လှည့် နားမလည်စွာကြည့်ရင်း အံ့အားသင့်လွန်းသောကြောင့် စကားပြောမထွက်ဘဲ ရှိလေသည်။ ဦးဘမြစ်၌ မေးစရာ မေးခွန်းပေါင်း မြောက်မြားစွာ ပေါ်လာလေသည်။

ညီမောင်ဆိုသော သူငယ်သည် မမြကလေးနှင့် အသက်အရွယ်ချင်းလည်း ကွာသည်။ မိမိသမီးမမြကလေးက သူဌေးသမီးဖြစ်ရုံမက တက္ကသိုလ်ကျောင်းထွက် ဘွဲ့ရပညာတတ်ဖြစ်သည်။ မာနကြီးသူဖြစ်သည်။ မိမိရှေ့မှာ ထိုင်နေသောသူငယ်နှင့် ဆက်စပ်မရအောင် ကွာခြားလှပါသည်။

မာနကြီးသော၊ ဣန္ဒြေကြီးသော မမြကလေး။ အိမ်ထောင်သားမွေးကိစ္စကို စိတ်မဝင်စား၍ အပျိုကြီးလုပ်နေသော မမြကလေးသည် ကိုယ့်ထက်ငယ်သော အလုပ်သမားလူငယ်ကို ဘဝကြင်ဖော်အဖြစ် ဘာကြောင့် ရွေးချယ်ရပါသနည်း။

ညီမောင်သည်လည်း ဦးဘမြစ်၏ အကဲခတ်သောအကြည့်ကြောင့် ထိုင်နေရမလို၊ ထပြေးရမလို လိပ်ပြာမလုံဖြစ်နေရလေပြီ။ သိက္ခာရှိ တည်ကြည်ခံ့ညားသောလူကြီးလူကောင်းတစ်ယောက်ရှေ့တွင် ဆင်ဖြူမျက်နှာဆင်မည်းမကြည့်ဝံ့ဆိုသကဲ့သို့ မနေတတ်မထိုင်တတ်ဖြင့် လိပ်ပြာငယ်နေရလေပြီ။

"သူနဲ့သမီးနဲ့က ဘယ်တုန်းက.."

"ဒါတွေကို မေးမနေပါနဲ့တော့ဖေဖေ။ ဖေဖေ စိတ်ဆင်းရဲမှာစိုးလို့ မြကလေး ဘာမှမပြောပါရစေနဲ့တော့။ မြကလေးဆုံး ဖြတ်ပြီးပါပြီ၊ မြကလေး သူနဲ့လက်ထပ်မှ စိတ်သန့်ရှင်းမှုရတော့မှာပါ။ မြကလေးကို ခွင့်လွှတ်ပါ။ မြကလေး ဆန္ဒကိုသာ ခွင့်ပြုပေးပါတော့ ဖေဖေရယ်"

အသက်အရွယ် အတွေ့အကြုံရင့်ကျက်လှပြီဖြစ်သော ဦးဘမြစ်သည် မမြကလေး၏အဖြစ်ကို ရိပ်မိလိုက်လေပြီ။

"ဖြစ်မှဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေ ငါ့သမီးရယ်"

ဦးဘမြစ်က တုန်ရိုက်စွာဖြင့် ဆိုလိုက်သည်။ သမီး၏ဆံပင်များ ကိုလည်း တယုတယလက်ဖြင့် သပ်လိုက်သည်။

မမြကလေးလည်း တင်းမခံနိုင်တော့။ ဖခင်ဖြစ်သူ ဒူးခေါင်းပေါ်တွင် မျက်နှာအပ်ရင်း ငိုချလိုက်မိလေတော့သည်။

●



www.burmeseclassic.com

ယင်းသို့ဖြင့် မမြကလေးနှင့်ညိုမောင်တို့ အကြင်လင်မယား ဖြစ်ခဲ့ကြရသည်။

မမြကလေးတို့၌ ရန်ကုန်တွင် ဆွေမျိုးမရှိပါ။ မမြကလေးမှာလည်း အသိမိတ်ဆွေ မယ်မယ်ရရမရှိပေ။ ကျောင်းပြီးကတည်းက အိမ်ထဲက အိမ်ပြင် ထွက်သော မမြကလေးအဖို့ သူငယ်ချင်း ပေါင်းအသင်းရယ်လို့ မရှိပါ။

မင်္ဂလာပွဲကို အိမ်မှာပဲ ဖေဖေ့စာပေအသိုင်းအဝိုင်းက လူကြီး ၅ ယောက် ဖိတ်ကြားကာ စာချုပ်မှာ လက်မှတ်ထိုးခြင်းဖြင့် ပြီးစီးစေလိုက် ည်။

ညိုမောင့်ဖက်က ကိုမြဆောင်တို့ လင်မယားပါသည်။ ညိုမောင့်မှာ အဖေ ိသေးသော်လည်း နယ်ကအဖေကို ညိုမောင်က လှမ်းမခေါ်ချေ။ မိန်းမ ရပြီဆိုတာ အကြောင်းကြားရုံကြားလိုက်သည်။ ညိုမောင့်အဖို့ သူ့မင်္ဂလာပွဲကို ဖခင်ဖြစ်သူအားလည်း မတက်စေချင်ပေ။ မမြကလေးတို့၏ အသိုင်းအဝိုင်းမှ လူကြီးလူကောင်းများနှင့် သူ့ဖခင်တို့၏ အသွင်သဏ္ဍာန်မှာကွာခြားလွန်းလှပါသည်။ ကိုမြဆောင်တို့လင်မယားသည်ပင် မနေတတ်မထိုင်တတ် ဖြစ်နေသည်။

ဒီလိုနှင့် ညိုမောင်နှင့်မမြကလေးတို့ အကြင်လင်မယား ဖြစ်ခဲ့ကြသည်။

ထိုညမှာပင် ရွာခဏပြန်သွားသော လှဆုံ ပြန်ရောက်လာသည်။

လှဆုံသည် ညိုမောင်နှင့် မမြကလေး မင်္ဂလာဆောင်လိုက်ပြီဆိုသည့်အခါ အံ့ဩသွားသည်။ မယုံနိုင်အောင်ရှိနေသည်။ လှဆုံ မျက်နှာပျက် သည်ကို မမြကလေး ရိပ်မိသည်။

ညိုမောင်ကတော့ လှဆုံကို စကားလည်း မပြော။ အရေးလည်း မလုပ်ပေ။ ညိုမောင်သည် အိမ်ကြီးရှင်ဖြစ်သွား၍ ဘဝင်မြင့်သွားလေသလား မသိပါ။ ယခင်က အရောတဝင်နှင့် ရယ်ရယ်မောမောနေခဲ့သော လှဆုံကိုပင် မတူမတန်သလို ခပ်တန်းတန်း ဆက်ဆံနေသည်။ ဒီတုန်းကတော့ မမြကလေး ဒါလောက်ပဲ တွေးခဲ့မိ၏။ နက်နက်နဲနဲ မစဉ်းစားမိချေ။

မမြကလေးအဖို့ ညိုမောင့်ထက် ဖခင်ကြီးကိုသာ ဂရုစိုက်နေမိသည်။ ဦးဘမြစ်သည် မမြကလေး ညိုမောင်နှင့် လက်ထပ်လိုက်ခြင်းအတွက် ဝမ်းပမ်းတနည်း ဖြစ်နေပုံရသည်။ မမြကလေးကို ဘာမှမမေး။ ဘာမှလည်း အပြစ်မတင်ရှာဘဲ သမီးအတွက် ကြိတ်ခံစားနေရမှန်း သိသာသည်။ တစ်ရက် နှစ်ရက်အတွင်းမှာ သိသိသာသာ ကျသွားလေသည်။

မမြကလေးအဖို့လည်း ဖြစ်ခဲ့တဲ့ကိစ္စကြီးကို ဖခင်ဆီမှာ ဖွင့်ဟဖို့ဆိုတာ မဖြစ်နိုင်ပေ။ အဖေနှင့်သမီး တစ်ယောက်ခံစားချက်ကို တစ်ယောက် နားလည်မှုရှိစွာ စိတ်မကောင်းဖြစ်နေကြရ၏။ မမြကလေးကတော့ တစ်ဦးတည်းသောသမီးပီပီ ဖခင်ကြီးကို အချစ်သည်းခဲ့ရသူဖြစ်၍ ဖေဖေခံစားနေရပုံ ကိုကြည့်၍ စိတ်မကောင်း ဖြစ်မိသည်။ ဖေဖေ့အတွက် သူမမှာ တာဝန်ရှိသည်ဟု ခံစားရသည်။

ထို့ကြောင့်လည်း မမြကလေးသည် အိမ်ထောင်ကျသည့်တိုင် အိုမင်းလှပြီဖြစ်သော ဖခင်ကြီး စိတ်ချမ်းသာရေး၊ ကျန်းမာရေးကိုသာ ဂရုထား ခဲ့လေသည်။ ပြီးတော့ ညိုမောင့်ကို ချစ်လို့ယူခဲ့ရတာ မဟုတ်ဘူး မဟုတ်လား။ ညိုမောင့်ကို မေတ္တာရှိသည်လည်း မဟုတ်။ မိမိသိက္ခာ၊ မြန်မာမိန်း ကလေးတစ်ယောက်၏ သိက္ခာကိုငုံ့ကွက်၍သာ လက်ထပ်ခဲ့ခြင်း ဖြစ်သည်။

မမြကလေးသည် လင်ယောကျ်ားဖြစ်လာသော်လည်း ညိုမောင့်ကို စိတ်မဝင်စားချေ။

လှဆုံ မျက်နှာပျက်တာ ဘာကြောင့်၊ ညိုမောင်က လှဆုံကို သိသိသာသာကြီး ဆက်ဆံရေးပြောင်းလဲသွားတာ ဘာကြောင့်ဆိုတာတွေ သေချာ မတွေးမိခဲ့ပေ။

လှဆုံ ပြန်ရောက်လာချိန်သည် ညိုမောင်နှင့်မမြကလေးတို့ မင်္ဂလာပွဲ ပြီးကာစအချိန်ဖြစ်သည်။ ဧည့်သည်တချို့ပင် ပြန်သွားကြပြီ။ ကိုမြဆောင် ပြောပြလိုက်၍ အကျိုးအကြောင်းသိသွားသော လှဆုံသည် မျက်နှာပျက်ကာ သူမအတွက်ပေးထားသော အခန်းလေးထဲသို့ ဝင်သွားလေသည်။ တော်တော် နှင့် ပြန်ထွက်မလာ။

မမြကလေးက ထမင်းပွဲပြင်ရန်ခေါ်တော့မှ ထွက်လာသည်။ မမြကလေးနှင့်အတူ သုံးယောက်စာ ထမင်းဝိုင်းကို ပြင်သည်။

ဦးဘမြစ်ကို ထမင်းစားဖို့သွားခေါ်တော့ ဖေဖေက မစားချင်သေးဘူး။ စားနှင့်ဟု ဆိုလေသည်။

ညိုမောင်နှင့် တစ်စားပွဲတည်း ထိုင်မစားလို၍ ဖြစ်မှန်း မမြကလေး ရိပ်မိသည်။ ထမင်းဝိုင်းတွင် ညိုမောင်နှင့်မမြကလေး နှစ်ယောက်တည်း တိတ်ဆိတ်စွာစားနေ၏။ မမြကလေးကတော့ ဖေဖေ့အတွက် စိတ်မကောင်း ဖြစ်နေ၍ နှုတ်ဆိတ်နေခြင်းဖြစ်သည်။

ထမင်းဝိုင်းတွင် ညိုမောင်ကလည်း စကားတစ်ခွန်းမှမပြော၊ ဘေးမှာရပ်နေသော လှဆုံကလည်း တစ်ခွန်းမှမပြော။ တိတ်တိတ်ဆိတ်ဆိတ် ရှိ လှပေသည်။

www.burmeseclassic.com

ထမင်းဝိုင်းပြီးခါနီးမှ လှဆုံက အသံကျယ်ကျယ်နှင့် မမြကလေးကို ပြောလိုက်သည်။

“ကျွန်မ ရွာကို အပြီးပြန်တော့မလို့ မမလေး”

လှဆုံ စကားကြောင့် မမြကလေး အံ့အားသင့်သွားသည်။

“ဟဲ့.. ခုပဲ နင် ရွာက ပြန်လာတာလေ၊ ဘာဖြစ်လို့လဲ”

“အဖေနဲ့အမေက အသက်ကြီးပြီ မမလေး။ ကျွန်မ ပြုစုချင်လို့ပါ။ အခုပြန်လာတာ မမလေးတို့ဆီက ခွင့်တောင်းချင်လို့”

မမြကလေးက လှဆုံကို မော်ကြည့်လိုက်သည်။

လှဆုံ မျက်ဝံ့တွေမို့နေတာ သတိထားလိုက်မိသည်။

“မိဘပြုစုချင်လို့ဆိုတော့ တားရခက်သားပဲ။ ရွာမှာ နင် ဘာလုပ်စားမလဲ လှဆုံ။ အရင်တစ်ခါပြောတော့ ရွာမှာ အလုပ်အကိုင် မကောင်းဘူး ဆို”

“ဒီလိုပေါ့ မမလေးရယ်၊ ရောက်ရာပေါ့။ လယ်ထဲ ကိုင်းထဲဆင်း ကြုံသလို လုပ်ကိုင်စားရမှာပေါ့”

“ပင်ပန်းတာပေါ့အေး နင်တို့မှာ ညီအစ်မတွေ အများကြီးဆို”

“ဟုတ်ကဲ့ မမလေး”

“နင့်ထက် အငယ်တွေက အိမ်ထောင်ကျကုန်ကြလို့လား”

“ကျွန်မအောက် အငယ်မနှစ်ယောက် ရှိပါသေးတယ်၊ အိမ်ထောင် မကျသေးပါဘူး။ အမေတို့နဲ့ အတူနေနေတယ်”

“ဒါနဲ့များဟယ်.. နင့်မိဘတွေပြုစုဖို့ ညီမတွေ ရှိနေသားပဲဟာ။ ဘာလို့ပြန်မှာလဲ လှဆုံရယ်။ နင် ပင်ပန်းမှာစိုးလို့ပြောတာပါ။ တောအနေနဲ့ မြို့အနေ မတူဘူး မဟုတ်လား”

“ကျွန်မ မပျော်တော့လို့ပါ မမလေး”

မမြကလေးနှင့်လှဆုံ စကားပြောဆိုနေစဉ်မှာပင် ညိုမောင်က ထမင်းစားပြီးသွား၍ လက်ဆေးကာ ထထွက်သွားလေသည်။

“အေးလေ ... ဘာတတ်နိုင်မှာလဲ။ နင်ပြန်ချင်တယ်ဆိုလည်း ပြန်ပေါ့”

●

သို့သော် လှဆုံသည် တကယ်တမ်း ရွာပြန်မသွားခဲ့ပါ။

ပြန်ရန်ခွင့်တောင်းပြီး တစ်ပတ်ခန့်ကြာသည်ထိ ဘာစကားမှလည်း ထပ်မပြော အနေမပျက်ဆက်နေနေမှ မမြကလေးက မေးမိသည်။

လှဆုံက ညိုမောင့်အဝတ်အစားများကို လျှော်နေချိန်ဖြစ်သည်။

“လှဆုံ... နင် ရွာပြန်မှာဆို”

“အဟင်း.. ကျွန်မ မပြန်တော့ဘူး မမလေး”

လှဆုံက ရယ်ကျဲကျဲဖြင့် ပြန်ပြောသည်။

မမြကလေးက ပြန်စေချင်၍ မေးခြင်းမဟုတ်။ လစာအပြည့်လိုချင်လို့ လကုန်အထိ စောင့်နေတာလား သိချင်၍မေးခြင်းဖြစ်သည်။ ပြန်မည်ဆိုလျှင် လကုန်အောင် မလုပ်နိုင်းတော့တဲ လစာအပြည့်ပေးလိုက်ဖို့ မမြကလေးက ရည်ရွယ်ထားပါသည်။

“ဘာဖြစ်လို့လဲ လှဆုံ”

“ဘာမှမဖြစ်ပါဘူး မမလေး၊ မမလေး ပြောသလို ရွာမှာဆို ပင်ပန်းပြီး ဝင်ငွေလည်း မမှန်ဘူးလေ။ ဒီကရတဲ့လခကိုပဲ အဖေအမေတို့အတွက် မှန်မှန် ပို့ပေးနေတော့မယ်။ အိမ်မှာ အငယ်မတွေလည်း ရှိနေတာပဲ။ ပိုက်ဆံရဖို့က အရေးကြီးတယ် မဟုတ်လား မမလေးရယ်”

“အေးဟယ်.. ကောင်းပါတယ်၊ နင်မိဘကို သိတတ်တာ မမလေး ချီးကျူးပါတယ်။ နင်လည်း အခု မောင်ညိုမောင့်ကိစ္စတွေပါ လုပ်ပေးနေရပြီဆိုတော့ မမလေး နင့်ကို လခတိုးပေးပါ့မယ်။ ရွာကို ပို့နိုင်တာပေါ့”

“ဟုတ်ကဲ့ မမလေး”

●



www.burmeseclassic.com

ညိုမောင်ကတော့ အရင်မွေး နေ့ချင်းကြီးကာ ရွှေပုံပေါ်ရောက်သွားလေပြီ။ သူသည် သူဌေးသမက် ဖြစ်သွားပြီ။ ကားနောက်လိုက်သည့် စပယ်ယာလေး မဟုတ်တော့။ သူလိုက်ခဲ့တဲ့ ကားရဲ့ပိုင်ရှင် ဖြစ်သွားပြီဟုပင် ဆိုနိုင်လောက်သည်။

ယခုတော့ သူကပင် ကားကို ကြပ်မတ်စစ်ဆေးကာ ကိုမြဆောင်ကို နေ့တွက် ထုတ်ပေးရသည့်အလုပ်ကို လုပ်နေရလေပြီ။

မကြာခင်မှာ ကျောင်းဖယ်ရီကားမောင်းသည့် ဒရိုင်ဘာကြီးက အသက်ကြီးပြီဖြစ်၍ နားတော့မည်ဖြစ်ကြောင်း ပြောလာသည်။ ဒရိုင်ဘာ ဦးလေးကြီးမှာ တကယ်လည်း အသက်ကြီးလှပါပြီ။ ၆၀ ကျော်နေပြီ။ ကားမောင်းဖို့ မသင့်တော်တော့။ မမြကလေးတို့က နားပါတော့လို့ မပြောရက်၍ ကြည့်နေရခြင်းသာ ဖြစ်သည်။ သူကိုယ်တိုင်က နားချင်ပြီဆိုသည့်အခါ အနှစ် ၂၀ ကျော် ရိုးရိုးသားသား လုပ်လာခဲ့သည်ကို ထောက်ထားကာ ဦးဘမြစ်က ငွေတစ်သိန်းသပ်သပ် ချီးမြှင့်ပြီး နားခွင့်ပြုလိုက်လေသည်။

ယင်းသို့ဖြင့် ကျောင်းဖယ်ရီကားမှာ ဒရိုင်ဘာ လစ်လပ်သွားသည်။

မမြကလေးက ညိုမောင့်ကို ပြောသည်။

"မောင်ညိုမောင်၊ မင်းမှာလည်း အမောင်းလိုင်စင်ရှိပြီသားပဲ၊ ဖယ်ရီကားကို မင်း မောင်းပါလား"

"ဟာဗျာ၊ ကားအိုကြီး မောင်းရမှာ အောက်ပါတယ် မမြရယ်"

"ဘာကွယ့်"

"မမြတို့ကားနှစ်စီးလုံး ဟောင်းလှပြီ။ ကျွန်တော် ကားမောင်းချင်ပါတယ် မမြ။ ရန်ကုန်လာတာလည်း စပယ်ယာလုပ်ဖို့လာတာ မဟုတ်ဘူး။ ကားမောင်းဖို့လာတာ။ ကျွန်တော် အလုပ်တစ်ခုခုလည်း လုပ်ချင်တယ်။ ဒါပေမဲ့ ဒီကားအိုကြီးတော့ မမောင်းချင်ဘူးဗျာ။ ဒီတော့ ကားနှစ် စီးလုံးကိုရောင်း။ ဆလွန်းခပ်သန့်သန့်တစ်စီး ဝယ်လိုက်၊ ကျွန်တော် တက္ကစီမောင်းမယ်"

"ဘယ်ဖြစ်မလဲကွယ်။ လိုင်းကားကို ရောင်းလိုက်ရင် ကိုမြဆောင် အလုပ်မရှိ ဖြစ်သွားမှာပေါ့။ မမြတို့က ကိုယ့်ကိုမှီခိုနေတဲ့သူတွေလည်း အဆင်ပြေ၊ ကိုယ်လည်း ဝင်ငွေရဆိုပြီး ကားတွေ ထောင်ထားတာ။ ဒီလိုလုပ်လို့ မသင့်တော်ဘူးလေ"

"ကိုမြဆောင်က ကားမောင်းစားတာ အံ့တိုနေပါပြီ မမြရာ။ သူ့လို ဆားဖစ်ရှိတဲ့ ကားသမား ဘယ်နေရာသွားသွား အလုပ်မရှားပါဘူး။ ကိုမြဆောင်ကို ထည့်တွက်မနေပါနဲ့။ နှစ်စင်းလုံး ရောင်းပြီး အသစ်တစ်စီးသာ ဝယ်ပေးပါ မမြရာ"

ကိုယ့်အပေါ်မှာ ကျေးဇူးရှိခဲ့သည့် ကိုမြဆောင်ကိုပင် မငဲ့ညှာသည့် ညိုမောင့်စိတ်ကို မမြကလေး အံ့သြခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် ညိုမောင် ပူဆာလွန်းမကပူဆာတော့ မမြကလေး ကားနှစ်စီးကို ရောင်းပစ်လိုက်ရသည်။ သူ့စိတ်တိုင်းကျ ကားသန့်သန့်တစ်စီးကို ဝယ်ပေးလိုက်သည်။ ညိုမောင်က ထိုကားဖြင့် တက္ကစီဆွဲနေတော့ အလုပ်ကလေးလည်းရှိသွားသည်။ အိမ်မှာ အလကားနေတာထက်စာလျှင် ယောကျ်ား ပီပီ အလုပ်တစ်ခုခုလုပ်နေတော့ ဂုဏ်သိက္ခာလည်း ရှိသည်ဆု ကာ မမြကလေးက ကျေနပ်မိပါသည်။

ဆယ်နှစ်ခန့်မောင်းလာသည့် ကားကြီးကို ရောင်းပစ်လိုက်သည့်အခါ ကိုမြဆောင်တစ်ယောက် မျက်ရည်ကျရှာသည်။ ညိုမောင်ပြောသလို လုပ်သက်ရင့် ကားသမားဖြစ်၍ အလုပ်မရှားဟုဆိုသည့်တိုင် နောက် အလုပ်တစ်ခု ထပ်ရှာရပေဦးမည်။

ကိုမြဆောင် မျက်ရည်ကျတာကိုမြင်မှ မမြကလေး နောင်တရသွားသည်။ စိတ်မကောင်း ဖြစ်သွားရသည်။ လက်ရှိကားကို မရောင်းဘဲ ညိုမောင့် အတွက် ကားအသစ်တစ်စီးသပ်သပ် ဝယ်ပေးနိုင်ပါသည်။ ညိုမောင့်စကားကို နားယောင်မိတာ မှားသွားပြီ။

"စိတ်မကောင်းပါဘူး ကိုမြဆောင်ရယ်၊ မြကလေး တောင်းပန်ပါတယ်ရှင်"

တစ်ဖက်သားအပေါ် ငဲ့ညှာတတ်လွန်းသော မမြကလေးက ကားပိုင်ရှင်ဖြစ်သည့်တိုင် အလုပ်သမားကို အားနာစွာ တောင်းပန်နေမိသည်။

"ကျွန်တော့်အတွက် အလုပ်မရှားတာတော့ မှန်ပါတယ် မမြကလေး။ ဒါပေမဲ့ အလုပ်ရှာတဲ့အချိန်မှာတော့ ဝင်ငွေမဲ့ရဦးမှာပေါ့ဗျာ။ ကျွန်တော်က မောင်းလက်စ ဒီကားကြီးကို သံယောဇဉ် တွယ်နေလို့ပါ။ အလုပ်ရှင်လည်း ခဏခဏ မပြောင်းချင်ဘူးလေ"

"ဒုက္ခပါပဲ... မြကလေး မှားပြီ။ မောင်ညိုမောင် အကြံပေးလို့ မြကလေးလည်း ဘာမှနားမလည်ဘဲ လုပ်လိုက်မိတာ ကိုမြဆောင်ရယ်"

"ကျွန်တော် နားလည်ပါတယ်၊ ညိုမောင့်အကြံကြောင့်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ သူ ပေးတဲ့အကြံကလည်း ကောင်းတာပါပဲ မမြ ကလေး။ သူ့အတွက်တော့ ကောင်းတာပါပဲဗျာ"

●


www.burmeseclassic.com

ကိုမြဆောင်က စကားကိုပညာသားပါပါ ပြောသွားခဲ့ခြင်း ဖြစ်သည်။ ရိုးသားသော မပြကလေးကတော့ နားမလည်ခဲ့ပါ။

တကယ်တော့ ညိုမောင်သည် သူ့အနီးအနားဝယ်ကို မြဆောင်မရှိတော့အောင် ပ,ထုတ်လိုက်ခြင်းပင် ဖြစ်ပါသည်။

အကြောင်းရှိသည်။ ကိုမြဆောင်က သူ့အကြောင်းတွေ အကုန်လုံးကို သိနေသည်။ သူဘယ်ကလာခဲ့တယ်ဆိုတာကို သိနေသည်။ သူဌေးသမက်၊ ကိုယ်တိုင်သူဌေးတစ်ပိုင်း ဖြစ်နေချိန်မှာ တစ်ချိန်က နိမ့်ကျခဲ့ဖူးတာကိုသိတဲ့သူ အနီးမှာ မရှိစေလို။

ပြီးတော့ ကိုမြဆောင်နှင့် ညိုမောင်တို့သည် ကားဆရာဒရိုင်ဘာနှင့်ကားနောက်လိုက်စပယ်ယာအဖြစ် အလုပ်လုပ်ခဲ့ကြသူများဖြစ်သည်။ သူတို့၏ ဆက်ဆံရေးမှာ ဒရိုင်ဘာနှင့်စပယ်ယာ ဆက်ဆံရေးဖြစ်သည်။ ဆရာနှင့်တပည့် ဆက်ဆံရေး ဖြစ်သည်။

ကိုမြဆောင်သည် ညိုမောင့်ကို သူဌေးသမက် ဖြစ်သွားလို့ဆိုကာ ဆက်ဆံပုံ ပြောင်းလဲမသွားချေ။ ဒါကို ညိုမောင်က မကျေနပ်။ သူနဲ့ ကိုမြဆောင်တို့ အဆင့်အတန်းချင်း မတူတော့ဘူးလို့ ယူဆသည်။

သည်တော့ နောက်ကြောင်းရာဇဝင်အားလုံးကို အခြေအမြစ်ကအစ သိနေသည့် ကိုမြဆောင်လိုလူမျိုး အနီးမှာရှိမနေတာက အကောင်းဆုံး မဟုတ်ပါလား။

ကိုမြဆောင်ကို ဖယ်ထုတ်ချင်၍ ဤနည်းလမ်းဖြင့် ဖယ်ရှားခဲ့ခြင်းသာ ဖြစ်ပါသည်။

ကိုမြဆောင်ကလည်း နားလည်ခဲ့လေသည်။

●

ညိုမောင်သည် ရည်ရွယ်ချက်ကြီးသူဖြစ်သည်။ ချမ်းသာကြွယ်ဝချင်သည်။ လုပ်ငန်းပေါင်းများစွာကို ဦးဆောင်ကွပ်ကဲရသည့် လုပ်ငန်းရှင်ကြီး ဖြစ်ချင်သည်။ နယ်မှာနေစဉ်ကပင် စိတ်ကူးဖြင့် ရည်ရွယ်ချက်ကြီးခဲ့သူ ဖြစ်သည်။

သို့သော် ညိုမောင် ရည်ရွယ်သလို ဖြစ်လာအောင် အထောက်အပံ့ အမျိုးမျိုးက ညိုမောင့်ပတ်ဝန်းကျင်တွင် ဘာမှမရှိ။ အထူးသဖြင့် ငွေကြေးအရင်းအနှီး အထောက်အပံ့၊ ညိုမောင်ဖခင်မှာ ဆင်းရဲနွမ်းပါးသော စက်ရုံအလုပ်သမားတစ်ယောက်သာ ဖြစ်သည်။

ညိုမောင့်မှာ မိခင်မရှိ။ ဖခင်၏နောက်အိမ်ထောင် မိထွေးနှင့်မွေးသော ညီ,ညီမသုံးယောက်နှင့် ညိုမောင်တို့အိမ်စီးပွားရေးမှာ အမြဲကျပ်တည်း နေတတ်သည်။

ပတ်ဝန်းကျင်အထောက်အပံ့ မရနိုင်ရုံမက ညိုမောင်ကိုယ်တိုင်မှာလည်း ပညာရေးဖက်၌ မပြည့်စုံခဲ့ပေ။ ဆယ်တန်းအထိရောက်ခဲ့သော်လည်း ၃ နှစ်ဖြေသည့်တိုင်မအောင်။

ညိုမောင်ကတော့ ဘဝတွင်ကောင်းစားနိုင်သည့် တက်လမ်းရှာရာ၌ ကျောင်းပညာရေးနှင့် မသက်ဆိုင်လှဘူး ထင်သည်။ ငွေအရင်းအနှီးသာ ရှိစမ်းပါ၊ ညိုမောင့်မှာ ကြီးပွားချမ်းသာနိုင်သည့် စိတ်ကူးပေါင်းများစွာရှိသည်။ ငွေအရင်းအနှီးမရှိ၍ ထိုင်နေရခြင်းဖြစ်သည်။

ဒီတော့ ညိုမောင်သည် ကိုယ့်ဖက်ကတတ်နိုင်သမျှ တက်လမ်းရှာခဲ့သည်။ ကားမောင်းသင်သည်။ နယ်မှာနေကတည်းက ကားကို ကျွမ်းကျင်စွာ မောင်းနိုင်ခဲ့သည်။ လိုင်စင်ရခဲ့သည်။

တိုးတက်ကြီးပွားရာ လမ်းကြောင်းမှာ နယ်မြို့ကလေးတွင် မရှိနိုင်။ ရန်ကုန်တက်မှသာ လမ်းကြောင်းပွင့်မည်ဟု ယူဆသော ညိုမောင်သည် ရန်ကုန်တွင် အခြေချနိုင်ရန် ကြံစည်ခဲ့ရ၏။

အဖေ့ကိုပြောပြတော့ အဖေက –

"မြဆောင်ကတော့ ရန်ကုန်မှာ ကားမောင်းနေတာပဲ။ မင်းလည်း ကားမောင်းတတ်တော့ မြဆောင်များ ကူနိုင်မလား မသိဘူး။ အမျိုးမဟုတ်ပေမယ့် မြဆောင်က ငယ်ငယ်က ငါနဲ့ ညီအစ်ကိုလို နေလာတာ၊ ငါ့လည်း ခင်ရှာပါတယ်။ သူ့မေးကြည့်တာပေါ့"

ကိုမြဆောင် မြို့ကိုအလည်ပြန်အလာတွင် အဖေက ညိုမောင့်ကို ကိုမြဆောင်လက်ထဲအပ်လိုက်သည်။ ကိုမြဆောင်က လိုင်းကားသမားဖို့ စပယ်ယာလောက်တော့ သွင်းပေးနိုင်သည်ဟုဆိုကာ ညိုမောင့်ကို ရန်ကုန်ခေါ်ခဲ့ခြင်း ဖြစ်သည်။

"ဒီခေတ်မှာ ကိုယ်ပိုင်အရင်းအနှီးမရှိဘဲ ကြီးပွားချမ်းသာဖို့ဆိုတာတော့ မလွယ်ဘူး ငါ့သား။ လွယ်လွယ်ကြီးပွားချင်တယ်ဆိုရင်တော့ ပိုက်ဆံချမ်းသာတဲ့မိန်းမကို ယူပေတော့။ ဒီတစ်နည်းပဲ ဖြတ်လမ်းနည်းရှိတယ်ပေါ့"


www.burmeseclassic.com

အဖေပြောလိုက်သည့်စကားသည် အကြံပေးစကားလား၊ မြှောက်ပင့်စကားလား၊ စိတ်ပျက်အားလျှော့စွာဖြင့် သူ့ဟာသူ မှတ်ချက်ပြုသော စကားလားတော့ မသိပေ။

ညိုမောင့်အဖို့ ရောက်ချင်သောရန်ကုန်ကို ရောက်ခဲ့ပါသည်။ မျှော်လင့်သလိုတော့ ကြီးပွားချမ်းသာမည့်လမ်းစကို မမြင်ရသေး။ ညိုမောင့် ဘဝကား ဘာအဆင့်မှမရှိသော စပယ်ယာကလေးတစ်ယောက်အဖြစ်သာ။

●

ညိုမောင် မမြကလေးကို စိတ်မဝင်စားခဲ့ပါ။ ညိုမောင့်လိုလူမျိုးအဖို့ မမြကလေးသည် စိတ်ဝင်စားစရာလည်းမရှိ။ ကိုယ့်ထက်လည်း အသက်ကြီးသေးသည်။ ညိုမောင်သည် သည့်အရင်က မမြကလေးကို စိတ်နှင့်ပင် မပြစ်မှားခဲ့ပါ။

ညိုမောင် စိတ်ဝင်စားသည်က လှဆုံသာ ဖြစ်သည်။ လုံးကြီးပေါက်လှ လှဆုံ။ သွက်လက်ချက်ချာသော လှဆုံ။ ရယ်လိုက်လျှင် ပါးစုံ ဖောင်းဖောင်းကြီးတွေ ထွက်လာတတ်သလို သူမ၏တင်ပါး၊ ရင်သားများကလည်း တစ်တစ်ရစ်ရစ် ရှိလှပေသည်။

တစ်ခါတစ်ရံ သူ့ကို ထမင်းခူးခပ်ကျွေးသည့် လှဆုံ၏ဟန်သည် သူ့အပေါ်မှာ စေတနာအပြည့်ပါတာကို ညိုမောင်သတိပြုမိသည်။ ညိုမောင် ကလည်း ရယ်စရာများပြောကာ ရောတတ်နှောတတ်သူမို့ လှဆုံနှင့် အလွယ်တကူ ရင်းနှီးသွားခဲ့သည်။

အနှောင့်အသွားမလွတ်သော စကားများဖြင့် စတတ် နောက်တတ်သည့် ညိုမောင့်ထံမှ ဖွင့်ဟမည့်ချစ်စကားကို လှဆုံ မျှော်လင့်နေမယ်ဆိုတာ ကို ညိုမောင်သိသည်။

ညိုမောင်ကလည်း လှဆုံကို ချစ်ပါသည်။ သို့သော် စဉ်းစားတတ်သော ညိုမောင်သည် လှဆုံလို အိမ်ဖော်မကိုယူလို့ သူ့ဘဝ ဘာမှ ထူး ခြားမလာဘူး ဆိုတာကို သိနေသည်။ ဖွင့်မပြောဘဲ ပါးစပ်အရသာခံကာသာ ရောနှောရင်း ပရောပရီနေခဲ့သည်။

လှဆုံအပေါ်မှာ ညိုမောင် စကားမကျွံဖူး။ ချစ်ပါတယ်လို့လည်း အတိအလင်း မပြောခဲ့ဖူးပေ။

လှဆုံကတော့ တစ်နေ့ ညိုမောင်ဖွင့်ဟလာမည်ဟု တစ်ထစ်ချ ယုံကြည်နေဟန်တူသည်။

ရွာကပြန်အလာမှာ ညိုမောင်နှင့် မမြကလေး မင်္ဂလာပွဲနှင့် တန်းတိုးတော့ လှဆုံ အမူအရာပျက်နေတာ သိသာလှပေ၏။

ထမင်းဝိုင်းတွင် "ကျွန်မ ရွာပြန်တော့မယ်" ဟု ညိုမောင့်ရှေ့မှာ အသိပေးလိုက်ခြင်းက သူမ၏ခံစားချက်ကို ညိုမောင်သိအောင် ဖွင့်ဟလိုက် ခြင်းပင် ဖြစ်တော့သည်။

ရွာကို တကယ်မပြန်ဖြစ်တာကတော့ ညိုမောင် အချော့ကောင်း၍သာ ဖြစ်သည်။

ညစာထမင်းဝိုင်းအပြီး မမြကလေး ပုတီးစိတ်နေချိန်မှာ ညိုမောင် လှဆုံကို မီးဖိုခန်းထဲအထိ သွားတွေ့ကာ ချော့မော့ခဲ့ခြင်းဖြစ်သည်။

မင်္ဂလာဦးညမှာ သတို့သမီးက ညဥ့်နက်သည်အထိ ပုတီးစိတ်နေပြီး သတို့သားက တခြားမိန်းမတစ်ယောက်ကို ချော့မြှူနေသည့်အဖြစ်မှာ တကယ်တော့ ရယ်ဖွယ်ကောင်းလှပါသည်။

"နင် ဘာလို့ရွာပြန်မှာလဲ လှဆုံ"

လှဆုံက သူ့ကိုမျက်လုံးရွဲကြီးဖြင့် မော်ကြည့်ကာ နှုတ်ခမ်းစူရင်း ပြောလိုက်သည်။

"မပျော်လို့ပေါ့"

"နင်ရွာမှာ ရည်းစားရခဲ့လို့တော့ မဟုတ်ပါဘူးနော်"

လှဆုံက ဒုတိယအကြိမ် မျက်စောင်းထိုးပြန်သည်။

"ကျုပ်တို့က ဘယ်တော့မှ သစ္စာမဖောက်ဘူး။ တစ်ယောက်ဆို တစ်ယောက်ပဲ၊ တော်လို မျက်နှာမများဘူး"

လှဆုံစကားကြောင့် ညိုမောင် ခပ်အုပ်အုပ် ရယ်လိုက်သည်။

သစ္စာမဖောက်ဘူး။ တစ်ယောက်ဆိုတစ်ယောက်ပဲ ဆိုသည့် အသုံးအနှုန်းများက သမီးရည်းစားကြားမှာသာ သုံးရမယ့်စကားမျိုးဆိုတာ လှဆုံ နားမလည်ရဲ့လား မသိ။ ဘာပဲဖြစ်ဖြစ် ဒီအသုံးအနှုန်းကြောင့် လှဆုံ သူ့အပေါ်ထားတဲ့ သဘောထားက ဘွင်းဘွင်းကြီးပေါ်သွားသည်။

ညိုမောင်က လှဆုံကို ရဲရဲတင်းတင်းပင် ချော့မော့ဖြောင့်ဖျလိုက်သည်။

"နင်က ငါ့ကို သစ္စာဖောက်တယ်လို့ ပြောတာပေါ့။ အေးလေ တားပါတော့။ သစ္စာဖောက်တယ်လို့ပဲ၊ ဒါပေမဲ့ ငါလည်း နင့်လိုပဲ တစ်ယောက် ဆို တစ်ယောက်ပါဟာ။ ငါ တကယ်ချစ်တာ နင့်ကိုပါပဲ လှဆုံ"

"အို"


www.burmeseclassic.com

မင်္ဂလာဦးနေ့မှာ တခြားမိန်းမတစ်ယောက်ကို ရည်းစားစကားပြောမိခြင်းပင်။

"ယုံရဲ့လား လှဆုံ"

"တော် ခုမှ ဘာလို့ ဒီစကားပြောရသလဲ ကိုညီမောင်"

"တကယ်ပါဟာ၊ ငါ နင့်ကို ဖွင့်ပြောမလို့ပါ။ မမမြနဲ့ မမျှော်လင့်ဘဲ အိမ်ထောင်ကျသွားလို့"

"ကိုညီမောင်၊ ရှင်နဲ့မမမြ ဘယ်လိုရသွားကြတာလဲဟင်၊ ကျွန်မတော့ သိပ်အံ့သြတာပဲ"

"မသိချင်ပါနဲ့ဟာ၊ ဒီလိုပါပဲ"

လှဆုံတွေ သွားသည်။

"မမမြ.. မမမြမှာ ကိုယ်ဝန်ရှိနေလို့များ.. ရှင်ကို'

လှဆုံက ခပ်ပေါပေါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများထဲက ဇာတ်ကွက်မျိုး စဉ်းစားမိကာ ပြောလိုက်ခြင်းဖြစ်သည်။

ညီမောင်က ရယ်သည်။

"မဟုတ်တာဟာ၊ ဒါတွေက ထားစမ်းပါ။ နင် ရွာကိုဘာလို့ ပြန်မှာလဲ။ မပြန်ပါနဲ့လှဆုံ၊ ဒီမှာပဲနေစမ်းပါ"

"အို.. ကျုပ်မပျော်တော့ဘူး"

"ငါ့အနားမှာ နေရမှာ နင်မပျော်ဘူးလား လှဆုံ"

"တော်စမ်းပါ၊ ဒီစကားတွေက ခုမှထွက်လာနေ၊ တော့်မှာ မယားကြီးနဲ့"

"အဲဒီမယားကြီးကို ငါချစ်လို့ယူတာ မဟုတ်ဘူး လှဆုံ"

"အို.. ကိုညီမောင်"

"ဟုတ်တယ် လှဆုံ၊ ဒါဖြင့် ဘာလို့ယူတာလဲလို့ ငါ့ကိုမမေးနဲ့။ ငါ မဖြေချင်ဘူး။ ငါချစ်တာ နင့်ကိုပဲဆိုတာ နင်သိထားရင် ကျေနပ်ပြီ၊ နင် မပြန်ပါနဲ့။ နင် ငါ့အနားမှာပဲနေပါ၊ နင် မနစ်နာစေရပါဘူး လှဆုံ"

"ကျွန်မ ... ကျွန်မ၊ မမမြမျက်နှာကို ဘယ်လိုကြည့်ရမှာတုန်း။ တော်ကရော အရင်က ဘာလို့ ဒီလိုစကားမျိုးမပြောတာလဲ ကိုညီမောင် ရယ်"

လှဆုံက မျက်ရည်တွေ စီးကျလာကာ ညီမောင့်မျက်နှာကို စိုက်ကြည့်ရင်း ပြောသည်။

"မငိုနဲ့ လှဆုံ"

ညီမောင်က လှဆုံကိုပွေ့ဖက်လိုက်ကာ မျက်ရည်များကို သုတ်ပေးရင်း အနမ်းမိုးရွာလိုက်သည်။

လှဆုံသည် သူများလင်ယောက်ျားဖြစ်ကာမှ ချစ်စကား ဖွင့်ပြောသည့် ချစ်သူ၏အယုအယကိုခံရင်း ညီမောင့်စကားများကို ယုံရခက်၊ မယုံရခက် ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် လှဆုံက ချစ်ရသူဖြစ်သည်။ မျှော်လင့်ခဲ့သူ ဖြစ်သည်။ လှဆုံ ညီမောင့်ကို တကယ်ပဲ ချစ်ပါသည်။ တစ်နေ့ ဖွင့်ပြောလိမ့်မည်ဟု လည်း ယုံကြည်ထားခဲ့သည်။ ဖွင့်ပြောချိန်ကျတော့ သူတစ်ပါးကာမပိုင် ဖြစ်နေပါပကော။

"ဘာမှစဉ်းစားမနေနဲ့၊ မမမြနဲ့ပေါင်းနေပေမယ့် နင့်ကိုပဲ ငါချစ်နေမှာပါ။ ငါလည်း နင်မရှိဘဲ မနေတတ်ဘူး။ နောက်မှ တို့ ကြည့်လုပ်ကြတာ ပေါ့။ ရွာကိုတော့ နင်ပြန်မသွားပါနဲ့နော် လှဆုံ။ ငါ့ကို ချစ်ရင် ဒီမှာပဲနေပါဟာ"

ချစ်ရင်းစွဲရှိပြီးသားမို့ ညီမောင့်စကား အောင်ခဲ့လေသည်။

"ကျွန်မတော့ ရှင်နဲ့မမမြ ညားသွားတာကို သိပ်အံ့သြတာပဲ ကိုညီမောင်ရယ်"

●



www.burmeseclassic.com

ညိုမောင်နှင့် မမြကလေး ညားခဲ့သည်ကို လုဆုံသာမက အားလုံးက အံ့သြခဲ့ရပါသေးသည်။

ကိုမြဆောင်ဆိုလျှင် ကြားစက ယုံတောင်မယုံခဲ့ချေ။ ညိုမောင်လို လူမျိုးကို မမြကလေးက လက်ထပ်မည်ဆိုသည်မှာ ယုံတမ်းစကားတစ်ခုသာ ဖြစ်သည်။

ဘဝအခြေချင်းက မိုးနဲ့မြေလိုကွာနေသည်။ အဆင့်အတန်းကလည်း ညှိမရအောင် ခြားနားလှပေသည်။ နှစ်ဖက်စလုံးကို ရင်းနှီးစွာ ပေါင်းသင်းနေသည့် ကိုမြဆောင် အသိဆုံး။

ကာယကံရှင်ဖြစ်သော ညိုမောင်ကိုယ်တိုင်ပင် အိပ်မက်မက်နေသလား ထင်ယောင်မှားရသောအဖြစ်ပင် ဖြစ်တော့၏။

အိမ်မှာ ဘယ်သူမှမရှိသည့်အချိန်တွင် ညိုမောင့်ကို အလုပ်လုပ်ဖို့ ချိန်းနေခိုင်းမိသောနေ့မှာ မမြကလေးအတွက်တော့ ကံဆိုးမိုးမှောင်ကျသော နေ့ အစစ်အမှန် ဖြစ်ပါသည်။

ညိုမောင့်အတွက်တော့ ကံတရားအလှည့်ပေးသောနေ့ဟု ဆိုရလေမည်လား မသိ။

မမြကလေးအပေါ် ဘယ်လိုစိတ်မျိုးမှ မထားခဲ့သော ညိုမောင့်ကို အိမ်မှာ လူမရှိခြင်း၊ မိုးရွာနေခြင်း၊ မမြကလေး ထမီရင်လျားနှင့် သနပ်ခါးလိမ်းနေခြင်းဆိုသည့် အခြေအနေများက စိတ်ရိုင်းဝင်ရန် တွန်းပို့ခဲ့ခြင်းပင် ဖြစ်တော့သည်။

ညိုမောင်၏ ဖြတ်လမ်းနည်းဖြင့် ကြီးပွားချင်သော စိတ်အရင်းခံများကလည်း မမြကလေးကို ကံဆိုးမိုးမှောင်ကျစေခဲ့လေသည်။

'ဒီခေတ်မှာ ကိုယ်ပိုင်အရင်းအနှီးမရှိဘဲ ကြီးပွားချမ်းသာဖို့ဆိုတာတော့ မလွယ်ဘူး ငါ့သား။ လွယ်လွယ်ကြီးပွားချင်တယ်ဆိုရင်တော့ ပိုက်ဆံချမ်းသာတဲ့ မိန်းမကို ယူပေတော့။ ဒီတစ်နည်းပဲ ဖြတ်လမ်းနည်းရှိတယ်ဟေ့''

သူ့ဖခင် အမှတ်မထင် ပြောလိုက်သောစကားက ယခုအချိန်မှာတော့ သွေးထိုးမြှောက်ပင့်စကား ဖြစ်နေတော့သည်။

အင်အားနည်းသော မမြကလေးသည် တဏှာရမ္မက်မွှန်နေသော အားကောင်းမောင်းသန်လူငယ်တစ်ယောက်ကို အညှံ့ခံခဲ့ရသည်။

ထိုအဖြစ်တစ်ခုထဲနှင့်တော့ ညိုမောင်က မမြကလေးကို ပိုင်ဆိုင်ရလိမ့်မည်ဟု မမျှော်လင့်ခဲ့သေးပါ။

မမြကလေး၏ ရိုးသားဖြောင့်စင်း၍ ရှေးရိုးဆန်လှသော စိတ်အရင်းခံကြောင့်သာ ပိုင်ဆိုင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

''မင်းကို လက်ထပ်မယ်ဆိုတာ မင်းကို ချစ်လို့ခင်လို့ မြတ်နိုးလို့ မဟုတ်ဘူး။ မင်းကို မုန်းတောင် မုန်းသေးတယ်။ မြန်မာမိန်းကလေး တစ်ယောက်ဟာ ယောကျ်ားတစ်ယောက်နဲ့ ငြိစွန်းပြီးရင် အဲဒီယောကျ်ားကိုပဲ ယူရတယ်။ ငါ မိန်းမပျက် မဖြစ်ချင်လို့ မင်းကို လက်ထပ်မှာ''

မမြကလေးပြောခဲ့သော စကားများထဲတွင် သူမ၏ခံယူချက်က ပေါ်လွင်နေပေသည်။

မည်သို့ဆိုစေ ညိုမောင့်အတွက်တော့ ရည်ရွယ်ချက်တစ်ဝက် အောင်လေပြီ။

ရှေ့ဆက် ချမ်းသာပျော်ရွှင်ဖို့အရေးမှာ ကိုယ့်ရဲ့လိမ္မာပါးနပ်မှုအပေါ် မူတည်တယ်လို့ ညိုမောင်က တွေးမိ၏။

●

ညိုမောင်သည် မလိမ္မာသော်လည်း ပါးနပ်ပါသည်။

ညိုမောင်နှင့်မမြကလေး လက်ထပ်ပြီး ၃ လအကြာမှာ လုဆုံက ရွာပြန်ချင်ပါသည်ဆိုကာ ခွင့်ဆယ်ရက်တောင်းပြန်သည်။ အိမ်ဖော်တစ်ယောက်ကို ၃ လလောက်ခြားရုံနှင့် နေရပ်ပြန်ဖို့ ခွင့်ပြုလေ့မရှိတာ ထုံးစံဖြစ်သည်။ သာရေးနာရေးကိစ္စက အပပေါ့။

လုဆုံက အိပ်မက်တွေမကောင်းလို့ မကျန်းမာနေတဲ့ အမေ့အတွက် စိုးရိမ်လို့ပါဟု အကြောင်းပြသည့်အခါ မိဘအပေါ် တန်ဖိုးထားတတ်သော မမြကလေးက မတားသာတော့ပေ။

လုဆုံကို မုန့်ဖိုးပဲဖိုးပင် သပ်သပ်ပေးလိုက်သေး၏။

တကယ်တော့ လုဆုံ ထိုဆယ်ရက်အတွင်း ရွာကိုပြန်မရောက်ပါ။ နဂိုကတည်းကပင် ရွာပြန်ရန် ခွင့်တောင်းခြင်းမဟုတ်။

ညိုမောင်၏ အကြံအတိုင်း အိမ်မှ ထွက်ခွင့်ရရန် အကြောင်းပြခြင်းမျှသာ ဖြစ်သည်။

ရွာပြန်သည်ဟု အကြောင်းပြထားသော ဆယ်ရက်လုံးလုံး လုဆုံသည် ရန်ကုန်မြို့ရှိ သားနားသပ်ယပ်သော တည်းခိုခန်းတစ်ခု၌ တည်းခိုနေထိုင်လျက် ရှိသည်။ တည်းခိုခန်းတွင် နှစ်ယောက်ခန်းယူထားကာ နေ့လယ်ခင်းများ၌ ညိုမောင် ရောက်လာ၍ အနားယူသည်။ ညမိုးချုပ်မှပြန်သည်။


www.burmeseclassic.com

တက်စီမောင်းကတည်းက အပြန်မိုးချုပ်လေ့ရှိသော ညိုမောင့်ကို မမြကလေးက သံသယမဝင်။

လုဆုံကိုလည်း အိမ်ပြန်အရောက်တွင် ရွာမှသတင်းကို မမြကလေးအား မည်သို့မည်ပုံပြောပြရမည်ဟု သင်ပေးခဲ့သေးသည်။

ညိုမောင်ကား ထိုမျှပင် ပါးနပ်လှပါသည်။

●

ညိုမောင်၏ပါးနပ်မှုများက မပြီးဆုံးသေးချေ။

တက်စီမောင်းနေသော ညိုမောင်သည် အပေါင်းအသင်းစုံလာသည်။ ကားသမားအချင်းချင်း အပေါင်းအသင်းသာမက ကားငှားစီးနေကျ ဖောက်သည်များနှင့်လည်း ရင်းနှီးခင်မင်လာခဲ့သည်။

ထိုအထဲတွင် မေသဇင်တစ်ယောက်လည်း အပါအဝင် ဖြစ်ပေ၏။

မေသဇင်က မော်လမြိုင်မှလာသော ကုန်သည်တစ်ဦးဖြစ်သည်။ ရန်ကုန်နှင့်မော်လမြိုင် ကူးချည်သန်းချည်နှင့် အလုပ်လုပ်နေသူတစ်ဦးဖြစ်သည်။

ဘူတာကြီးတွင် ဂိတ်ထိုးနေကျ ညိုမောင်၏တက်စီကို နှစ်ကြိမ်ဆက်တိုက် ငှားစီးခဲ့ရာမှ သူတို့နှစ်ယောက် ရင်းနှီးသွားကြခြင်းဖြစ်သည်။

မေသဇင်၏ နောက်ကြောင်းဘဝမှန်ကို ညိုမောင်မသိပေ။ သိလည်း မသိချင်ပါ။ မေသဇင်သည် အပျိုတစ်ယောက်လည်း ဟုတ်ချင်မှ ဟုတ်မည်။ သူ့ရပ်ရွာတွင် အိမ်ထောင်လက်ရှိ ရှိသူတစ်ဦးပင် ဖြစ်ကောင်း ဖြစ်နိုင်သေးသည်။ မေသဇင်၏ပြောပုံဆိုပုံ တုန့်ပြန်ပုံများက အတွေ့အကြုံ ရင့်ကျက်နေသူ တစ်ယောက်ဟန်ပန်မျိုး ဖြစ်သည်။

မေသဇင်သည် ဘာကြီးပဲဖြစ်နေနေ ညိုမောင် စိတ်မဝင်စားပါ။ မေသဇင် အပျိုတစ်ယောက်မဟုတ်ရင်လည်း ညိုမောင့်အတွက် ကိစ္စမရှိပါ။ ယခုအချိန်မှာ ညိုမောင်က ဒါမျိုးကိုမှ တွေ့ချင်နေသည့်အချိန်ဖြစ်သည်။

မေသဇင်က အပြောချိုသည်။ အမူပိုသည်။ လှသည်။ လှသည်၊ လွယ်သည်။ သို့သော် လည်သည်ဆိုသည့် မိန်းမစားမျိုး။

ညိုမောင်ကလည်း ကိုယ်တာဝန်မယူရဘဲ သူလမ်းသူလျှောက်မည့် မိန်းမမျိုးကိုမှ တွေ့ချင်နေသူ။ ကိုယ့်ကို တွယ်ကပ်နေမယ့်မိန်းမမျိုးနှင့်မဖြစ်။

နှစ်ယောက်စလုံး ကိုယ့်လိုအပ်ချက်နှင့်ကိုယ် ငြိမိကြတော့သည်။

မေသဇင့်ဖက်ကလည်း ရန်ကုန်မှာနေတုန်း သွားလာလည်ပတ်ရေးအတွက် အဆင်ပြေ၊ ငွေရေးကြေးရေးလည်း ကိုယ်မစိုက်ထုတ်ရ။ ပြီးတော့ ညိုမောင်သည် တက်စီမောင်းနေသည်ဆိုသော်လည်း ကိုယ်ပိုင်ကားကို မောင်းနေသူဖြစ်၍ မေသဇင်က အထင်ကြီးသည်။

ညိုမောင့်အတွက် ငွေရေးကြေးရေးသည် ယခုအချိန်၌ မပူပင်ရတော့ပါ။ ကားမှဝင်လာသော ငွေများသည် ညိုမောင့်အသုံးအတွက်သာဖြစ်သည်။ မမြကလေးကို ပြန်အပ်စရာမလို။ ညိုမောင်က ကားပြင်ဆင်မွမ်းမံစရိတ်များ ကုန်ကျကြောင်းပြောပြီး ငွေကို သူလိုသလို သုံးခဲ့သည်သာ။

မေသဇင် ရန်ကုန်ရောက်လာသည့်ရက်များ၌ ညိုမောင်က တည်းနေကျ ဟိုတယ်သို့ မေသဇင်ကို လိုက်ပို့သည်။ နှစ်ယောက်ခန်းယူထားပြီး မေသဇင်နှင့် အတူနေသည်။ နေ့လယ်ခင်း မေသဇင် သွားစရာရှိသည်များကို မညည်းမညူ လိုက်ပို့သည်။ မေသဇင် ဘာတွေလုပ်နေတယ်ဆိုတာကို တော့ ညိုမောင်က မစပ်စုပေ။ မေသဇင်ကလည်း သည်အချက်ကို နှစ်သက်ခြင်းဖြစ်ပါသည်၊

နှစ်ယောက်သား တစ်ယောက်လိုအပ်ချက်နှင့် တစ်ယောက် ကိုက်ညီကာ အပေးအယူမျှလျက်ရှိကြသည်။

တစ်ညတလေတော့ နယ်အော်ဒါရလို့ဟု အကြောင်းပြကာ ညိုမောင်က မေသဇင် တည်းသောဟိုတယ်တွင် လိုက်အိပ်တတ်သည်။ ဒါလည်း တစ်ခါတစ်ရံမှသာမို့ မမြကလေးက သံသယပင်မဝင်ခဲ့ချေ။ မမြကလေးအမြင်တွင် ညိုမောင် သူဝါသနာပါသောကားလုပ်ငန်းတွင် ပျော်မွေ့နေသည်ဟု ထင်နေ၏။

●

သူ့အပါးမှာ ယော်ရွယ်၍တပ်မက်ဖွယ်ကောင်းသော လှဆုံ၊ အပြုအစု ကောင်းပြီး အပေးအယူမျှသည့် မေသဇင်တို့ အသင့်ရှိနေတော့ ညိုမောင် မမြကလေးကို စိတ်မဝင်စားတော့ချေ။

နဂိုကတည်းကပင် ချစ်လို့မဟုတ်ဘဲ အပိုင်ကြံရုံ ကြံစည်ခဲ့ခြင်း ၁ ဖြစ်သည်။ ကိုယ့်ထက် အသက်ခုနစ်နှစ်ကြီးပြီး ပိန်လှီဖျော့တော့လှ သော မမြကလေးသည် ညိုမောင်၏လိုအင်ဆန္ဒများအတွက် စံမမီသော မိန်းမတစ်ယောက်သာ ဖြစ်လေသည်။

ညိုမောင့်အတွက် ကံကောင်းသောအချက်မှာ မမြကလေး၏ ကျန်းမာရေးအခြေအနေ ချွတ်ယွင်းလာခြင်းဖြစ်သည်။ ပန်းနာရင်ကျပ်ရောဂါရှိ သော မမြကလေးသည် တစ်နေ့တွင် ချောင်းဆိုးရင်း ခွဲဟပ်လိုက်ရာ သွေးစ လေးများ ပါလာခဲ့သည်။ ဆေးခန်းတွင် စစ်ဆေးခဲ့ရာ တီဘီရောဂါရှိနေကြောင်း သိခဲ့ရသည်။


www.burmeseclassic.com

"မောင်ညိုမောင့်.. မင်း မမြနဲ့ တစ်ခုတင်ထဲမအိပ်နဲ့တော့။ မင်းကို ရောဂါကူးကုန်လိမ့်မယ်။ မမြကြောင့် တခြားသူ ဒုက္ခမရောက်စေချင်ဘူး။ ကုန်ကုန်ပြောမယ်ကွယ်။ လင်လိုမယားလိုလည်း မနေပါနဲ့တော့။ မင်းနဲ့မမြ ကင်းကင်းနေမှကောင်းလိမ့်မယ်ကွယ့်"

တကယ်တော့ ညိုမောင်နှင့်မမြကလေးတို့ လင်မယားအရာ မမြောက်ခဲ့သည်မှာလည်း ကြာပါပြီ။ အပြင်မှာ မေသဇင်နှင့်၊ အိမ်မှာ လှဆုံနှင့် သူ့အလိုဆန္ဒ ပြည့်ချင်တိုင်း ပြည့်နေသည့် ညိုမောင်သည် မမြကလေးကို စိတ်ကုန်ခမ်းနေတာ ကြာပြီ။

ညဆိုလျှင် အဓိဋ္ဌာန်ဝင်ပုတီးစိတ်သော မမြကလေး၏ ဘုရားတရား အလုပ်မှာ ည၁၂နာရီထိုးမှ ပြီးလေသည်။ တစ်နေကုန် ကားထွက်မောင်းနေသော ညိုမောင် မမြကလေး အိပ်ရာဝင်လာချိန်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပေပြီ။

မမြကလေးကလည်း ဒီကိစ္စကို မလိုလားသူမို့ ညည့်နက်ခံ၍ ပုတီးစိတ်နေခဲ့ခြင်းဖြစ်သည်။

တစ်ခုပဲ မမြကလေးအတွက် မှားခဲ့သည်။ ညိုမောင်လို ငယ်ရွယ်၍ သန်စွမ်းကျန်းမာသောယောက်ျားတစ်ယောက်၏ လိုအပ်ချက်ကို မသိခြင်းပင်။ ထို့ကြောင့် မမြကလေးက သံသယ မဝင်ခဲ့ချေ။

တစ်ညခြား နှစ်ညခြားဆိုသလို ညသန်းခေါင်အချိန်များတွင် ညိုမောင် တိတ်ဆိတ်စွာဖြင့် ခြေဖော့နင်းထွက်သွားကာ စတိုခန်းဘေး အခန်းကျဉ်းလေးထဲမှ လှဆုံရှိရာသို့ ရောက်ရှိနေတတ်ကြောင်း မမြကလေး မသိခဲ့ပါပေ။

တစ်ခုတင်စီခွဲ၍ အိပ်စက်ခဲ့ခြင်းသည် ညိုမောင့်အတွက် ပို၍အဆင်ပြေစေရန် ဖန်တီးပေးလိုက်သလို ဖြစ်ခဲ့လေ၏။

●

ညိုမောင်သည် သူ့လုပ်ရပ်များကို ပိပိသည်းသည်းဟုပင် ထင်ခဲ့လေသည်။ အပြင်မှ သူ့လှုပ်ရှားမှုများကို အိမ်ထဲမှအိမ်ပြင်မထွက်သော မမြကလေး ဘယ်လိုမှ မသိနိုင်။

အိမ်တွင်းမှ သူနှင့်လှဆုံအကြောင်းကိုလည်း ရိုးအ,လှသော မမြကလေး မသိနိုင်။ မနက်စောစော ငါးနာရီ ထွမ်းထချက်နေကျ မမြကလေးသည် ညတွင် ၁၂ နာရီကျော်မှ အိပ်ရာဝင်သည်။ ၁၂ နာရီနှင့် ၅ နာရီ ကြားအချိန်သည် မမြကလေး နှစ်ခြိုက်စွာ အိပ်မောကျနေချိန်ဖြစ်သည်။

ညိုမောင်က သူ့လုပ်ရပ်များ ပိပိသည်းသည်းဟုပင် ထင်ခဲ့ပါ၏။

သို့သော် ...

မေသဇင် ရောက်နေသည့် တစ်နေ့တွင် ...

ထိုနေ့က မေသဇင် မော်လမြိုင်မှ ရောက်လာသည်မှာ ၃ ရက် မြောက်နေ့ ဖြစ်သည်။ ရောက်ရောက်ချင်းနေ့မှာပင် နယ်အော်ဒါရသည်ဟု အကြောင်းပြကာ မေသဇင် တည်းသောဟိုတယ်၌ ညိုမောင် အိပ်စက်ခဲ့ပြီး ဖြစ်သည်။

မေသဇင်က တစ်ပတ်ကြာအောင် ရန်ကုန်မှာနေဦးမည်ဟုလည်း ပြောထားသည်။

ညိုမောင် ဟိုတယ်သို့ရောက်သွားချိန်တွင် မေသဇင် မရှိတော့။ ပြန်သွားပြီဟု ဟိုတယ်ငြေ့ကြိုမှ ပြောလေသည်။

"ကျွန်တော်တို့တစ်ပတ်စာ ငွေရှင်းပေးထားတာပဲ"

"ဟုတ်ပါတယ် အစ်ကို၊ မသဇင်က ပြန်တော့မယ်ဆိုလို့ ပိုတဲ့ငွေကို ပြန်အမ်းပေးလိုက်ပါတယ်"

"သူ့ကို မော်လမြိုင်က အရေးတကြီး ဖုန်းဆက်ခေါ်လို့များလား"

"ဘာဖုန်းမှတော့ မဝင်ဘူးခင်ဗျ။ မသဇင်က အစ်ကိုအတွက် စာတစ်စောင်တော့ ရေးပေးသွားပါတယ်၊ ဒီမှာပါ"

စာထဲတွင် မနက်ဖန်မနက် ၁၀ နာရီတိတိ ဤဟိုတယ်ကို ဖုန်းဆက် မည်။ ဟိုတယ်၌ စောင့်ဖြစ်အောင် စောင့်နေပါဟု ရေးထားလေသည်။

ညိုမောင်က အရေးပေါ်ကိစ္စတစ်ခုခုရှိလို့ ပြန်သွားတာလို့ပဲ ထင်နေမိသေးသည်။

နောက်တစ်နေ့မှာ မေသဇင် မှာသည့်အတိုင်း ဟိုတယ်မှနေ၍ မေသဇင် ဖုန်းအခေါ်ကို ထိုင်စောင့်နေလိုက်သည်။

၁၀ နာရီအချိန်မှာ မေသဇင့်ဖုန်း ဝင်လာပါသည်။

"ကိုညိုလား၊ သဇင် ဘာလို့ပြန်သွားရတယ်ဆိုတာ ကိုညို သိပြီးပြီလား"

တစ်ဖက်မှ မေသဇင့်အသံက အနည်းငယ် မာဆတ်ဆတ် ဖြစ်နေ လေသည်။

"မသိသေးဘူး သဇင်။ သဇင် ဘာအရေးကြီးလို့ ပြန်သွားတာလဲ"

"ဘာအရေးကြီးလို့မှ မဟုတ်ဘူး ကိုယ်တော်ရေ့။ ရှင့်မိန်းမကြီးက ကျွန်မကို လာရန်တွေ့လို့ ရှက်ပြီး ပြန်ပြေးလာတာရှင့်"

"ဘာ"


www.burmeseclassic.com

ညိုမောင်သည် အံ့လည်းအံ့ဩကာ ခေါင်းနားပန်းကြီးသွားလေ သည်။

"ဘယ်လို . . . ဘယ်လို . . . သူက ဘယ်လိုသိလို့"

"အံ့ပါရဲ့၊ ကိုညို့မိန်းမက ကိုညို့ကိုတော့ ရန်မလုပ်ဘူးပေါ့ ဟုတ်လား"

"ကိုယ် ဘာမှမသိရပါလား သဇင်ရယ်၊ ကိုယ်တို့အကြောင်းကို သူ မသိပါဘူး"

"သိလို့ သဇင့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီပဲရှင်။ သဇင်တို့က ဒါမျိုး တစ်ခါမှ အပြောလည်း မခံဖူးဘူး။ ဒီလိုဖြစ်လာမယ်လို့လည်း မျှော်လင့်ထားတာ မဟုတ်ဘူး။ သဇင် သိပ်ရှက်တယ်"

"ဟုတ်ရဲ့လားကွာ၊ တစ်ယောက်ယောက်ကများ နောက်တာလား။ နှောင့်ယှက်တာလားပဲ။ ကိုယ့်မိန်းမ ကိုယ့်အမျိုးသမီးက ဒါတွေ သိစရာ အကြောင်း မရှိဘူး။ သူက . . . "

"ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား၊ လုပ်နေပြန်ပြီ။ ဆံပင်အရှည်ကြီးနဲ့ ပိန်ပိန်ပါးပါး။ သူ့ကိုယ်သူ မမြကလေးပါဆိုတဲ့ မိန်းမဟာ ရှင့်မိန်းမ မဟုတ်လို့ ဘယ်သူလဲ"

"ဟာ"

"ကိုညို့မိန်းမက တော်တော်အသက်ကြီးပြီပဲ။ ပိုက်ဆံရှိလို့ အရရှိုင်ထားတာ မှတ်တယ်"

"တော်ပါတော့ သဇင်၊ ဒီလိုမပြောပါနဲ့ကွာ၊ ကိုယ်တောင်းပန်ပါတယ်။ သူ ဘယ်လိုသိသွားသလဲဆိုတာ ကိုယ် မစဉ်းစားတတ်တော့ဘူး"

"စဉ်းစားမနေပါနဲ့တော့၊ သဇင့်ကိုလည်း တောင်းပန်မနေပါနဲ့တော့။ သဇင်လည်း တော်ပါပြီ ကိုညိုမောင်။ နောင်လည်း သဇင့်ကို တွေ့ဖို့မကြိုးစားပါနဲ့။ သဇင်ကလည်း မတွေ့ချင်တော့ဘူး။ ဒီမယ် ကိုညိုမောင် သဇင်တို့က မရှားပါဘူးရှင့်"

"သဇင် . . . သဇင် ကိုယ်ရှင်းပြ"

တစ်ဖက်မှ ဖုန်းချသွားလေပြီ။

●

မမြကလေး သည်အကြောင်းတွေ ဘယ်လိုသိသွားသလဲဆိုတာ ညိုမောင် မစဉ်းစားတတ်တော့။ မမြကလေးကို ဤမျှခြေသွက်လိမ့်မည်ဟုလည်း ထင်မထားမိ။

သည်ကိစ္စအတွက် ညိုမောင် မမြကလေးကို စိတ်လည်း ဆိုးသည်။ မျက်နှာချင်းဆိုင်ဖို့လည်း မဝံ့ရဲအောင် ဖြစ်ရသည်။

မမြကလေးသည် သူ့ကိုတော့ ရန်လုပ်ခြင်း၊ တားမြစ်ခြင်းမလုပ်ဘဲ မေသဇင့်ကို ဘာကြောင့် သွားတွေ့ရသနည်း။ မေသဇင့်ကို မည်မျှအထိ ရန်တွေ့ခဲ့သနည်း။ မေသဇင်နှင့် ဘာတွေ ပြောခဲ့သနည်း။

ညိုမောင် သိလည်း သိချင်သည်။ မေးလည်း မမေးရဲပေ။

ကိုယ်လုပ်သမျှ ဖိရိလုပြီထင်ထားတုန်းက အနေရဲသော်လည်း မမြကလေး သိသွားပြီဆိုသည့်အခါ အိမ်ပြန်ရန်ပင် မဝံ့ရဲအောင် ဖြစ်ခဲ့ရလေသည်။

သို့သော် အိမ်ကို မပြန်မဖြစ် ပြန်ခဲ့ရသည်သာ။

အိမ်ရောက်တော့လည်း ထိုကိစ္စအတွက် မမြကလေးကို အပြစ်တင်ချင်သည့်တိုင် ကိုယ်တိုင်က ဖောက်လွဲဖောက်ပြန် ပြုထားသည့်ကိစ္စမို့ စပြောဖို့ မဝံ့ရဲ ဖြစ်နေရပြန်သည်။

မမြကလေးကလည်း ညိုမောင့်ကို ဘာတစ်ခွန်းမှ မေးမြန်းပြောဆိုခြင်း မရှိချေ။

ညိုမောင် အနေရအထိုင်ရ ခက်လှုက်ရှိသည်။

သည်လိုနှင့် ၂ ရက်လွန်မြောက်ပြီးချိန်မှပင် မမြကလေးက အေးအေးစွာ စကားစလာခဲ့လေသည်။

"မောင်ညိုမောင်၊ မင်း မမြကို ဘာပြောချင်သလဲ၊ ပြောလေ"

မမြကလေးကိုယ်တိုင်က လမ်းဖွင့်ပေးလိုက်မှ ညိုမောင် ပြောလိုက်သည်။

"မမြ လုပ်ပုံမကောင်းဘူးဗျာ"

"ဘာဖြစ်လို့ပါလိမ့်ကွယ်"

"ကျွန်တော့်ကို ဆူပြောရန်လုပ်ပါ၊ ဖြစ်ပါတယ်။ တစ်ဖက်သား မိန်းကလေးကို သွားပြီးရန်တွေ့တာတော့ မသင့်တော်ပါဘူး"


www.burmeseclassic.com

"အလို… မမြကြ ရန်တွေ့တယ်လို့ မင်းသိခဲ့ရတယ်ပေါ့။ ရန် တွေ့ဖို့ နေနေသာသာကွယ်။ မမြ အဲဒီမိန်းကလေးကို လေသံမာမာနဲ့ တောင် စကား မပြောခဲ့ပါဘူး"

"ဘာ"

"မမြကြ မမြဟာ မောင်ညိုမောင်ရဲ့ဇနီးဖြစ်ကြောင်း သူ့ကို ပြောပြတယ်။ မောင်ညိုမောင့်ကို အိမ်ထောင်ရှိကြောင်း သိပါသလားလို့ မေးခဲ့ တယ်။ အိမ်ထောင်ရှိယောကျ်ားတစ်ယောက် ဖြစ်မှန်းမသိရင် မိန်းကလေးတစ်ယောက်အနေနဲ့ အကျိုးမဲ့လိမ့်မယ်ဆိုတဲ့အကြောင်း မိန်းကလေးချင်း ကိုယ်ချင်းစာတဲ့ အနေနဲ့ ပြောခဲ့တာပါကွယ်။ ရန်တွေ့တဲ့ စကား လုံးဝ မပါပါဘူး"

"ဒါတွေကို မမြ ဘယ်လိုသိလဲ"

"ဒီလိုပေါ့ကွယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိတာပေါ့။ ဒါမျိုးဆိုတာက သတင်းပို့ချင်တဲ့လူ ခပ်များများပဲ"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ မမြ ဒီလိုလုပ်ဖို့မကောင်းပါဘူး"

"မမြကို မကျေနပ်ရင် ကွာရင်ကွာပစ်လိုက်ပါ မောင်ညိုမောင်။ မောင်ညိုမောင်နဲ့မမြ နှစ်သက်လို့ယူထားကြတာလည်း မဟုတ်ဘူးလေ။ ဒါကြောင့်လည်း မမြက မောင်ညိုမောင့်ကို အပြစ်မပြောခဲ့တာပါ။ မမြနဲ့ မင်းနဲ့က အသက်ချင်းလည်း ကွာလှတယ် မဟုတ်လား။ မေသဇင်ကို သွား တွေ့တာကတော့ မင်းကို လူမှိုအမှတ်နဲ့ လက်ခံနေတာဆိုရင် နစ်နာမှာစိုးလို့ မိန်းမချင်း ကိုယ်ချင်းစာစိတ်နဲ့ သတိပေးခဲ့တာပါ။ မင်း မမြကို စိတ်ကုန် ရင် ကွာလိုက်ကြရုံပါပဲ မောင်ညိုမောင်"

မမြကလေး နှုတ်မှ ကွာရှင်းစကားပြောလိုက်တော့ ညိုမောင် လန့်သွားသည်။ ညိုမောင် မမြကလေးနဲ့ မကွာရှင်းနိုင်ပါ။ စည်းစိမ်ချမ်းသာနှင့် နေဖူးရတာ နှစ်ပေါက်ရုံပဲ ရှိသေးသည်။ ဒီစည်းစိမ်ချမ်းသာတွေကို သူ လက်မလွှတ်နိုင်၊ ဘယ်တော့မှ လက်မလွှတ်နိုင်။ ကိုယ့်အစွမ်းအစနှင့် ဘယ်သော အခါမှ မရနိုင်တဲ့ ကြွယ်ဝမှုများကို ညိုမောင် ကျောမခိုင်းနိုင်ပါပေ။

သည်တော့ ညိုမောင်သည် ကိုယ်ကမှားနေသည့်လူ ဖြစ်သည့်အတိုင်း မမြကလေးကို ချော့မော့ရတော့သည်။

"ကျွန်တော် မှားပါတယ် မမြ။ ကျွန်တော် စိတ်အလိုလိုက်မိတာပါ။ မေသဇင်ဆိုတဲ့မိန်းကလေးကလည်း ပေါ့ပျက်ပျက်မိန်းကလေးတစ်ယောက် ပါ မမြရယ်။ သူက ဆွဲဆောင်လို့ ကျွန်တော် သူ့အလိုလိုက် မိတာပါ။ ခွင့်လွှတ်ပါမမြ၊ ကျွန်တော် ဒါမျိုး နောက်မမှားစေရပါဘူး"

မမြကလေးသည် ကိုယ်နှင့် ချစ်ကျွမ်းဝင်ခဲ့သည့် မိန်းကလေးကို ပေါ့ပျက်ပျက်မိန်းမတစ်ယောက်ဟု သမုတ်ပြီး ဟိုကစလို့ သူက လိုက်လျောရ သယောင် ပြောနေသည့် ညိုမောင့်ကို အံ့သြစွာ စိုက်ကြည့်လိုက်သည်။

"တကယ်ပါ မမြရယ်၊ ကျွန်တော် နောက်မမှားစေရပါဘူးဗျာ"

မမြကလေးက သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။

"အေးလေ… မှားခဲ့ရင်လည်း ကိုယ့်အမှားဇာတ်ကိုယ်ခံပေါ့။ တကယ်တော့ လင်မယားဆိုတာ လင်ရယ် မယားရယ်လို့ မဖြစ်ခင်က ဘာမှ တော်စပ်ကြတဲ့သူတွေ မဟုတ်ဘူး။ ၁၉၀၀ ကိုလေသာဆိုတာ ပြတ်တောက်လွယ်တယ်ကွယ့်။ ၅၂၈ လို မဟုတ်ဘူး။ မင်းနဲ့ မမြလို ချစ်လို့ ကြိုက်လို့ မဟုတ်ဘဲ အကြောင်းကြောင်းကြောင့် ပေါင်းသင်းဖြစ်ခဲ့တဲ့သူတွေ ကြားမှာ ပိုဆိုးတာပေါ့။ မမြကတော့ ဆန်ဆုံတော့လည်းစား ကံကုန်ရင် သွားပဲလေ"

●

မမြကလေး၏ရောဂါမှာ တစ်နေ့တခြား ပိုဆိုးလာခဲ့သည်။ ချောင်းဆိုးတိုင်း သွေးပါလာသည်။ ဆေးမပြတ်ကုသ၊ ဆေးသောက်သော်လည်း သက် သာ မသွားပေ။

မမြကလေးသည် ပိုရှိပိန်ချုံးလာလေသည်။ နဂိုပိန်ရတဲ့အထဲ ပိုပိန်ကာ လူတစ်ရပ်မျှရှိသော ဆံပင်ရှည်ကြီးနှင့်မိန်းမကို ကြည့်ရသည်မှာ စာချောက်ရုပ်ကြီးနှင့် တူလှသည်။

သို့သော် ရောဂါသည်းလာသည်နှင့်အမျှ ထိုဆံပင်ရှည်ကြီးသည်လည်း တစ်နေ့တခြား ပါးပါးလာလေသည်။ ရောဂါကြောင့် ဆံပင်များ ကျွတ်ကုန် ခြင်း ဖြစ်သည်ဟု မမြကလေးက ပြောသည်။

ညိုမောင်ကတော့ မမြကလေးအနားကို မကပ်တော့ပေ။ မမြကလေးကလည်း အကပ်မခံ။ သူ့ရောဂါတွေ ကူးကုန်မယ် ကင်းကင်းနေပါဟု ပြော သည်။

ညိုမောင်သည် မမြကလေးကို တစ်ပတ်သုံးကြိမ် ဆေးခန်းလိုက်ပို့ ရုံဖြင့်သာ လင်သားတာဝန်ကျေပွန်ပြရတော့သည်။


www.burmeseclassic.com

ညိုမောင်လိုလူအတို့ မမြကလေးရှေ့တွင် မိန်းမအလိုကျ အေးအေးဆေးဆေးနေပြသော်လည်း စိတ်ကိုတော့ မဖျောက်နိုင်။ မေသဇင်နဲ့တုန်းကလို အတည်ပေါက်ကြီးရေရှည်တွဲကာ ပေါင်းသင်းနေခြင်းမျိုး မလုပ်တော့ပေမယ့် မိန်းမများနဲ့တော့ မကင်းခဲ့ပေ။

ပြီးတော့ ညိုမောင့်အတွက် လှဆုံက အိမ်ထဲမှာပင် အဆင်သင့် ရှိနေသေးသည်။

အနေအထိုင် ပိယိသောကြောင့် ညိုမောင်နှင့်လှဆုံအကြောင်းကို မမြကလေး မရိပ်မိခဲ့ပေ။

ညဆိုလျှင် သန်းခေါင်မှအရုဏ်တိုင်အောင် တစ်ရေးထဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်လေ့ရှိသော မမြကလေး၏အကျင့်သည် ညိုမောင်နှင့်လှဆုံကို လွတ်လပ်ခွင့်ပေးထားသကဲ့သို့ ရှိနေသည်။

သို့သော် မကောင်းမှုဟူသည် ထိတ်ကွယ်ရာမရှိချေ။ တစ်နေ့တွင် ပေါ်ရမြဲသာဖြစ်သည်။ တစ်နည်းအားဖြင့် ဘုရားတရားနှင့် ဘာသာရေးကိုင်းရှိုင်းသော မမြကလေးကို ကြာရှည်လှည့်စားလို့မရပေ။ ညိုမောင်၏ ဖြေလုမ်းဖျက်မှု၊ ဖောက်ပြန်မှုကို မမြကလေး အင်အားမစိုက်ထုတ်ရဘဲ သိခဲ့ရသည်သာ ဖြစ်သည်။

မေသဇင်နဲ့တုန်းကလည်း မမြကလေး လိုက်လံစုံစမ်းနေရတာ မဟုတ်။ သတင်းပို့သူရှိ၍ သိခဲ့ခြင်းဖြစ်သည်။ သတင်းပို့သူကလည်း တခြားမဟုတ်၊ ကိုမြဆောင် ဖြစ်သည်။ ညိုမောင်၏ ကျေးဇူးရှင်ကိုမြဆောင်။ မမြကလေးတို့ ကားကို ဆယ်နှစ်ကျော် မောင်းနှင်ခဲ့သူ ကိုမြဆောင်ပင်။

ကိုမြဆောင်သည် မမြကလေးအပေါ်တွင် ယခုထိ အလုပ်ရှင်တစ်ယောက်အဖြစ် လေးစားသမှုရှိသေးကြောင်း သက်သေပြလိုက်ခြင်းလည်းဖြစ်သည်။

မမြကလေးကတော့ ဒီအကြောင်းကို ကိုမြဆောင် ပြောပြလို့သိကြောင်း ညိုမောင့်ကို ပြောမပြခဲ့ပါ။

လှဆုံနဲ့ကိစ္စကိုတော့ မမြကလေး၏ ကိုယ်စောင့်နတ်များက နှိုးဆော်လို့ သိရတာလို့ပင် ဆိုလိုက်ချင်သည်။

●

ထိုညက ချောင်းတွေမပြတ်ဆိုးပြီး မမြကလေး လန့်နိုးလာသည်။

အိပ်ရာထဲမှ နွမ်းလျစွာထကာ ညိုမောင့်ခုတင်ဆီသို့ ကြည့်လိုက်သည်။ ညိုမောင် ရှိမနေ။ နာရီကိုကြည့်လိုက်တော့ ညဉ့်တစ်နာရီခွဲ။ ညပိုင်းသောက်ရမည့်ဆေးကို မသောက်ဖြစ်ဘဲ မမြကလေး အိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။

ရင်ကျပ်ကာ ချောင်းမပြတ်ဆိုးပြီး လန့်နိုးလာတော့မှ ဆေးမသောက်ရသေးတာကို သတိရသည်။

အခန်းထဲမှာ ညိုမောင် ရှိမနေတာကို အပေါ့အပါးသွားနေလို့ပဲဟု မမြကလေးက ထင်သည်။

မမြကလေးသည် အခန်းထဲမှ ဘီရိုအံဆွဲထဲ ထည့်ထားသော ဆေးများကို ထုတ်ယူကာ ဆေးသောက်ဖို့ မီးဖိုခန်းဆီထွက်လာခဲ့သည်။

ရေခဲသေတ္တာထဲမှ ရေပုလင်းကိုထုတ် ဆေးသောက်ပြီးမှ ကိုယ်လက်သန့်စင်ရန် အိမ်သာထဲဝင်ခဲ့သည်။ အိမ်သာမှာ နှစ်ခန်းရှိသည်။ နှစ်ခန်းစလုံး တံခါးပွင့်လျက်ရှိသည်။ ညိုမောင် အိမ်သာသွားခြင်း မဟုတ်ဘူးပေါ့။

မမြကလေးစိတ်ထဲ၌ ထူးထူးခြားခြား သံသယ မဝင်သေးချေ။ ပြန်အိပ်ရန် အခန်းဆီသို့ပင် ပြန်လာခဲ့ပြီ ဖြစ်သည်။

ကိုယ်စောင့်နတ်က နှိုးဆော်လေသလားမသိ။ လှဆုံအခန်းရှေ့ အရောက်တွင် မမြကလေး ရပ်လိုက်မိသည်။ လှဆုံအခန်းက တိတ်ဆိတ်နေပါသည်။

ဘာရယ်လို့ ရည်ရွယ်ချက်မရှိဘဲ မမြကလေးသည် စေ့ရုံစေ့ထားသော လှဆုံအခန်းတံခါးကို ဖွင့်လိုက်မိလေသည်။

အခန်းပြင်ပမှ မီးရောင်က လှဆုံအခန်းထဲသို့ လင်းခနဲ ထိုးကျသွားသည်။

ထိုအခါ လှဆုံနှင့် ညိုမောင်တို့၏ ချစ်ဗျူဟာခင်းကျင်းနေသော ပိုးစိုးပက်စက်မြင်ကွင်းကို မမြကလေး မျက်ဝါးထင်ထင် မြင်လိုက်ရလေတော့သည်။

●

မမြကလေး စူးစူးရှရှအော်လိုက်သည်။

ရုတ်တရက် ဝင်လာသော မီးအလင်းတန်း၊ မမြကလေး၏ အော်သံများကြောင့် အခန်းထဲမှနှစ်ယောက်မှာ အနေအထား ပျက်သွားခဲ့သည်။

လှဆုံထံမှ အော်သံတစ်ချက်ထွက်လာသည်။

အခန်းထဲမှ ဝရုန်းသုန်းကားအသံများ ဆက်တိုက်ထွက်ပေါ်လာ၏။


www.burmeseclassic.com

မမြကလေးသည် မင်သက်မိစွာ အခန်းတံခါးကို ကိုင်ထားရင်း ကြောင်ရပ်နေသေးသည်။ ဖြစ်ရပ်ကို ခြုံငုံသိရှိလိုက်မိသည်နှင့် မမြကလေး မိုက်ခနဲ လဲကျသွားတော့သည်။

''မမြ မမြ''

အခန်းထဲမှ ညိုမောင် ပြေးထွက်လာသည်။

ကြမ်းပေါ်လဲကျသွားသော မမြကလေးကို ပွေ့ထူလိုက်၏။ ညိုမောင့် ကိုယ်ပေါ်တွင် ပုဆိုးသာပါသည်။ အပေါ်ပိုင်း၌ အင်္ကျီမရှိ။

ညိုမောင် လှုပ်ယမ်းလိုက်၍ မမြကလေး သတိပြန်လည်လာသည်။ သတိရရချင်း မမြကလေးက ညိုမောင် လက်များကို ပုတ်ထုတ်လိုက်၏။

''ဖယ်. . . မင်း ငါ့မကိုင်နဲ့''

ညိုမောင့်ကို စက်ဆုပ်ရွံရှာစွာကြည့်ရင်း အသံကုန်အော်ဟစ်လိုက်သည်။

မမြကလေးက တစ်ဆက်တည်း ထရပ်ဖို့ ကြိုးစားလေသည်။ ရပ်လိုက်မိသည်တွင် မိုက်ခနဲဖြစ်သွား၍ တံခါးရွက်ကို လှမ်းကိုင်ထားလိုက်ရသည်။

ညိုမောင်က ဖေးမမည်ဟန်ပြင်သည်ကို –

''ငါ့ အသားမထိနဲ့နော်'' ဟု အော်လိုက်သည်။

''ဘယ်မလဲ ဟိုကောင်မ။ နင်တို့ . . . နင်တို့ ခွေးဇာတ်ခင်းနေ ကြတာပေါ့လေ''

မမြကလေး၏တစ်သက်တာတွင် မမြကလေးနှုတ်မှ အကြမ်းတမ်း ဆုံးထွက်ပေါ်လာသော စကားလုံးများပင် ဖြစ်တော့၏။

လှဆုံ အခန်းထဲမှ ထွက်လာသည်။ လှဆုံတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျက်ရှိသည်။ လှဆုံက ကပိုကယို ပြန်ဝတ်ထားသော အင်္ကျီကို ဖုံးကွယ်သည့်အနေဖြင့် မျက်နှာသုတ်ပဝါဖြင့် အပေါ်ပိုင်းကိုပတ်ထား၏။

ရုတ်ရုတ်သဲသဲအသံများကြောင့် ဦးဘမြစ် လန့်နိုးလာသည်။ ခဏချင်းမှာ ဦးဘမြစ် ရောက်လာလေသည်။

''ဘာဖြစ်ကြ. . . ဟင်''

ဦးဘမြစ်သည် မြင်ကွင်းကိုကြည့်ကာ ချက်ချင်းနားလည်သွားသည်။

''ဖေဖေ့. . ဖေဖေ''

မမြကလေးက အားကိုးကြီးစွာ ဖခင်အိုကြီးဆီ ပြေးသွားလေသည်။

ဖခင်ရင်ခွင်တွင် ခေါင်းအပ်ရင်း မမြကလေး ငိုချလိုက်သည်။

''ရှက်တယ်၊ မြကလေး သိပ်ရှက်တယ်ဖေဖေ။ သူတို့ သူတို့ ခွေးဇာတ်ခင်းနေကြတယ် ဖေဖေရဲ့''

မမြကလေးက ငိုရှိုက်ရင်း ပြောသည်။

ဦးဘမြစ်က မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်လိုက်သည်။

''တိရစ္ဆာန်. . ခွေးတိရစ္ဆာန်ကောင်၊ မင်း ငါ့အိမ်ပေါ်က ဆင်းသွား''

ညိုမောင်က ခေါင်းငိုက်စိုက်ချကာ မလှုပ်မယှက်ရပ်နေသည်။ လှဆုံက ညိုမောင်ကိုကွယ်၍ တရှုံ့ရှုံ့ငိုနေ၏။

''ကိုယ့်အိမ်က အခိုင်းအစေကိုများ၊ မင်းမို့လို့ မောင်ညိုမောင်ရယ်''

မမြကလေးက ငိုရှိုက်ရင်း ပြောလိုက်သည်။

''ပြောမနေနဲ့ သမီး၊ ဘာထူးလဲ။ ဒီကောင်လည်း အခိုင်းအစေပဲ၊ အောက်တန်းစား ခွေးတိရစ္ဆာန်ကောင်။ အချိန်တန်တော့ ဇာတိပြတာပဲ။ ဟေ့ကောင့်. . မင်းကို ငါ ပြောနေတယ်ကွ။ ငါ့မျက်စိအောက်က ထွက် သွားစမ်း၊ ငါ့အိမ်ပေါ်က ဆင်းသွားစမ်း၊ နှစ်ယောက်စလုံး မမြင်ချင်ဘူး။ သွား . . . သွားကြ''

ဦးဘမြစ်၏စကားများက ညိုမောင်၏မခံချင်စိတ်ကို ဆွပေးလိုက် သကဲ့သို့ရှိသည်။ ညိုမောင်က ဦးဘမြစ်ကိုရည်ရွယ်ကာ နှုတ်လှန်ထိုး၍ ခံပက် လိုက်လေသည်။

''မသွားနိုင်ဘူးဗျ၊ မဆင်းနိုင်ဘူး။ ဒါ ကျုပ်မိန်းမအိမ်၊ ကျုပ်နဲ့ ဆိုင်တယ်''

''ဘာ. . ဘာ. . အောက်တန်းစားကောင်၊ လူပါးဝလို့''

''ယောကျ်ားဖောက်ပြန်တာ အပြစ်မရှိဘူးဗျ၊ အပြစ်မရှိဘူး။ ခင်ဗျား သမီး မိန်းမတာဝန်မကျေလို့ ကျုပ် ဒီလိုလုပ်ရတာ၊ ဘာဖြစ်သေး။ ကျုပ် ယောကျ်ားဗျ''


www.burmeseclassic.com

"အမယ်လေး"

မမြကလေး၏အော်သံ။

"ခွေးကောင့်.. ခွေးကောင်"

ဦးဘမြစ်က ညိုမောင့်ကို ကိုယ်ထိလက်ရောက်လုပ်ရန် ဒေါသဖြင့် ရှေ့တိုးလိုက်သည်။

"ဖေဖေ့.. ဖေဖေ၊ တော်ပါတော့။ သူတို့ထိုက်နဲ့သူတို့ကံ ထားလိုက်ပါတော့။ လာပါ ဖေဖေရယ်၊ မြကလေး တောင်းပန်ပါတယ်"

မမြကလေးက ဖခင်ကြီးကို ဆွဲခေါ်သွားသည်။

ညိုမောင်နှင့် လှဆုံ ရပ်လျက်ကျန်ရစ်သည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့ ဘာဆက်လုပ်ရမည်လဲ။

●

ဦးဘမြစ်ကို အခန်းထဲလိုက်ပို့ရင်း ဖခင်ကြီး အိပ်သည်ထိ မမြကလေး ထိုင်စောင့်နေလိုက်သည်။ အခန်းတံခါးကိုလည်း ပိတ်ထားလိုက်သည်။

အပြင်တွင် ညိုမောင်နှင့်လှဆုံ ဘာတွေဖြစ်ကျန်ခဲ့သည်ကို မသိချင်တော့။

ခဏနေတော့ ကားမောင်းထွက်သွားသံကို ကြားရသည်။

"ဒီကောင့်ကို လက်မစံနဲ့တော့။ ဒီကောင်နဲ့ ကွာရှင်းလိုက်တော့ သမီး"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဖေဖေသာ ဒီအကြောင်းတွေ ခေါင်းထဲက ထုတ်ပစ်လိုက်ပါ ဖေဖေ။ မြကလေးကိစ္စ မြကလေး ကြည့်ရှင်းပါ့မယ်"

"ငါ့သမီးလေးကို ဖေဖေ သနားလိုက်တာကွယ်"

●

မနက် မိုးစင်စင်လင်းသည်နှင့် ညိုမောင် ပြန်ရောက်လာသည်။

"မင်း ပြန်လာရဲသေးသလား။ မင်း လိုချင်ရာယူသွား။ မင်း ထွက်သွားတော့။ မင်းနဲ့ငါ ကွာလိုက်တော့မယ် မောင်ညိုမောင်"

မမြကလေးက သေွးအေးစွာ ပြောသည်။

မမြကလေး တစ်ညလုံးစဉ်းစားခဲ့ပြီးပြီ။ သည်ယောက်ျားကို ချစ်လို့ ယူထားတာလည်း မဟုတ်။ အဆင့်အတန်းချင်းလည်း မတူ၊ ဘာအကူအညီမှလည်း မရ၊ သူ့အတွက် မိမိမှာကော၊ ဖခင်ကြီးမှာပါ စိတ်ဆင်းရဲရသည်။ ဖခင်ကြီးသည် ညကအဖြစ်ကြောင့် စိတ်ထောင်းကိုယ်ကျေဖြစ်ကာ အိပ်ရာထဲ ဘုံးဘုံးလဲ သွားခဲ့လေပြီ။

"ကျွန်တော့်ကို ဘာလို့ကွာမှာလဲ မမြ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

"အလို့.. မင်းကပဲ မေးရသေးတယ်။ မင်းလုပ်ရပ်မင်း သိရင် မေးစရာလိုသေးလား။ ကိုယ့်အိမ်မှာ မိုခိုလုပ်ကိုင်နေတဲ့ သူကိုမှ မင်း မထောက်မညှာ၊ မင်းလိုလူကို ဘယ်လိုယုံစားရတော့မှာလဲ"

"ဒီလိုပြောရင် မှားမှာပေါ့ မမြ။ ကျွန်တော်ယောက်ျားပါ၊ သွေးသားဆန္ဒအရ လှဆုံကို ဆက်ဆံတာ၊ တကယ်တော့ လှဆုံကိုယ်တိုင်က မိန်းမကောင်းမှ မဟုတ်ဘဲ"

"ဘာ"

"သူက စလို့ ကျွန်တော်ဖြစ်ရတာ"

"မင်း မဟုတ်တာ မပြောနဲ့၊ လှဆုံကို ခေါ်ထားတာ ၅ နှစ်ရှိပြီ။ လှဆုံ ဒါလောက် မဖိုက်ကန်းဘူး။ အခု လှဆုံ ဘယ်မှာလဲ"

"သူ့ရွာဖက်သွားမယ့် သင်္ဘောနဲ့ တင်ပေးလိုက်တယ်"

"ဟင် မိန်းကလေးတစ်ယောက်ကို မင်းဒီလို အလွယ်တကူ လုပ်လို့ရမလား။ မင်း လှဆုံကို ယူပါ၊ လက်ထပ်ယူပါ"

ညိုမောင်က ရယ်လိုက်သည်။

ရယ်နေသော ညိုမောင့်ကို မမြကလေးက စက်ဆုပ်စွာ ကြည့်နေ၏။

"ဒါကို အလေးအနက် ထားမနေပါနဲ့မမြ။ လှဆုံလို မိန်းမကို ကျွန်တော်က ယူစရာလား။ ဒါ ဖြစ်တတ်တဲ့သဘာဝပါ မမြရယ်။ ကျွန်တော့်ကိုနားလည်ပါ။ မမြ စိတ်မဆင်းရဲအောင် နောင် ကျွန်တော်ဆင်ခြင်ပါ့ မယ်။ ကျွန်တော် မမြကိုတော့ ကွာမပေးနိုင်ဘူး၊ မမြကို ကျွန်တော် ချစ်တယ်"


www.burmeseclassic.com

"တော်"

"မမြအတွက် ယောကျ်ားတစ်ယောက် ရှေ့မှာ မားမားမတ်မတ်ရှိဖို့ လိုပါတယ် မမြ။ အဲဒါ ကျွန်တော်ပါပဲ။ မမြက ရိုးလွန်းလို့ သိပ်တုန်လှုပ်နေတာပါ။ စိတ်ချပါ မမြ။ နောင် ဒါမျိုး မဖြစ်စေရပါဘူး။ မမြ စိတ်မဆင်းရဲစေရပါဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါ မမြရယ်"

"ခွင့်မလွှတ်နိုင်ဘူးဟေ့၊ ခွင့်မလွှတ်နိုင်ဘူး။ မင်း ငါတစ်ယောက်ထဲကို ဒုက္ခပေးတာမျိုးကို ငါမပြောလိုပါဘူး။ ခုတော့ မင်းကြောင့် ငါ့အဖေ ပါ စိတ်ဆင်းရဲရပြီ။ ငါက မိဘကို ဘုရားလို ကိုးကွယ်တဲ့မိန်းမ၊ မိဘဆိုတာ အစားထိုးမရတဲ့ အနန္တဂိုဏ်းဝင်၊ မင်းကြောင့် ငါ့အဖေ စိတ်ဆင်းရဲပြီး အိပ်ရာထဲလဲနေပြီ။ ငါ့အဖေကို စိတ်ဒုက္ခရောက်အောင် လုပ်တဲ့မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူးဟေ့ မောင်ညိုမောင်"

●

ညိုမောင်ကား 'ကုတ်နှင့်ကော်ထုတ်သော်မှ မဆင်း' ဆိုသည့် ပုံစံမျိုးဖြင့် အနေမပျက်ဆက်နေသည်။

မမြကလေး ဘာမှမတတ်နိုင်။ အံကိုကြိတ်လျက် သည်းခံနေရသည်။

မမြကလေး သည်းခံစိတ်များက ကုန်ခမ်းခဲ့ပါပြီ။

နောက်ဆုံးတော့ မမြကလေး ကိုယ့်ကိုကိုယ်သာ အပြစ်တင်မိတော့သည်။ ဒီယောကျ်ားကို ယူမိတာမှားလေခြင်း။ မမျှော်လင့်သော မှားယွင်းမှုကို ပုံကြီးချဲ့တွေးတောမိကာ ညိုမောင့်ကို လက်ထပ်ခဲ့မိတာ မှားလေပြီ။ အစကပင် မသိလိုက်မသိဖာသာနေပြီး ဒင်းကိုအလုပ်ထုတ်ပစ်ခဲ့လျှင် ခုလိုနောင်တတွေ ခံစားရမှာမဟုတ်။ ခုတော့ ငြိစွန်းမိတဲ့အဖြစ်ကို အလေးအနက်ထားခဲ့မိတာ မိမိ အမှားသာ။

မမြကလေးသည် ထိုအချိန်မှစ၍ ညိုမောင့်ကို တန်ပြန် လက်စားချေရန် တေးထားလိုက်တော့သည်။

ဖခင်ဖြစ်သူ ဦးဘမြစ်ကတော့ ထိုနေ့မှစ၍ အိပ်ရာထဲ ဘုံးဘုံးလဲခဲ့သည်မှာ ပြန်၍နလန်မထူတော့ပေ။ ပုံနှိပ်တိုက်ကိုလည်း အလုပ်မဆင်းနိုင်တော့။ ပုံနှိပ်တိုက်ကို မန်နေဂျာနှင့်လွှဲထားရသည်။

ဖခင်ကြီးကို သနားလေ ညိုမောင့်အပေါ် မုန်းတီးစက်ဆုပ်မှုက ပိုလာလေ ဖြစ်သည်။

သို့သော် မမြကလေးသည် သူမ၏အမျက်ကို အပြင်သို့ ထုတ်မပြခဲ့ပါ။

မမြကလေးက ညိုမောင့်ကို မယားဝတ္တရားမပျက်ပြုစုသည်။ ချက်ပြုတ်ကျွေးမွေးသည်။ အိမ်ဖော်မရှိတော့၍ ညိုမောင့် အဝတ်အစားများကိုပင် လျှော်ဖွပ် မီးပူတိုက်ပေးလိုက်သေးသည်။

"ငါ့သမီးကို အဖေ သနားလှချည်ရဲ့ကွယ်။ ဟိုအကောင့်ကို တန်ရာတန်ရာပေးပြီး နှင်ချလိုက်တော့ သမီး"

"မဖြစ်ပါဘူး ဖေဖေ၊ မြကလေးထိုက်နဲ့ မြကလေးကံ ရှိပါစေတော့"

"သူက ကွာမပေးဘူးတဲ့လား"

"ရှိပါစေတော့ ဖေဖေ၊ ဒါတွေမေးမနေပါနဲ့တော့။ ဖေဖေ ကျန်းမာအောင်သာ နေပါ"

"သမီးကို ဖေဖေစိတ်မချဘူးကွယ်"

"ဖေဖေရယ်"

"မမိကို လှမ်းခေါ်လိုက်၊ သမီးမှာ မိန်းမဖော်ရှိမှဖြစ်မယ်"

"ဒေါ်လေးမိကို"

"ဟုတ်တယ်၊ မမိနဲ့တိုင်ပင်မှ။ ဖေဖေ့မှာ တိုင်ပင်စရာ ဒီညီမတစ်ယောက်ပဲ ရှိတာ။ မမိကို ဒီမှာခေါ်ထားသင့်ရင် ထားရမယ်။ ဖေဖေသေရင် သမီးတစ်ယောက်တည်း စိတ်မချဘူး သမီးရယ်"

"ဖေဖေရယ်၊ ဖေဖေ ကျန်းမာလာမှာပါ"

မမြကလေးက ကိုယ်ပြောသည့်စကား ကိုယ်မယုံကြည်ဘဲ ကြက်တူရွေး နှုတ်တိုက်ရွတ်သလိုရွတ်ကာ ဖခင်ကြီးစိတ်ချမ်းသာအောင် အားပေးလိုက်သည်။ တကယ်တော့ ဦးဘမြစ်အခြေအနေကို မမြကလေး သိပြီးဖြစ်သည်။ ဆရာဝန်ကလည်း အသိပေးထားပြီးပြီ။ ဖခင်ကြီးကို သနားလေ ညိုမောင့်အပေါ် နာကြည်းစိတ်က ပိုလာလေ ဖြစ်တော့သည်။

ဦးဘမြစ်အလိုကျ အဒေါ်ဖြစ်သူ ဒေါ်မိကို လှမ်းမှာရတော့သည်။


www.burmeseclassic.com

ဒေါ်မိသည် ဦးဘမြစ်၏ တစ်ဦးတည်းသောညီမ ဖြစ်သည်။ အသက်ချင်း ဆယ်နှစ်လောက်ကွာသည်။ ဒေါ်မိအသက်သုံးနှစ်မှာ မိဘတွေ ဆုံးပါးကုန်တော့ ဦးဘမြစ်က ကိုရင်ဝတ်နှင့် ဘုန်းကြီးကျောင်းမှာ နေရသည်။ ဒေါ်မိကိုတော့ ဆွေမျိုးထဲက ဘကြီးတစ်ယောက်က မွေးစားလိုက်သည်။ မောင်နှမချင်း ရင်းရင်းနှီးနှီး မနေဖူးခဲ့ကြပါ။ မမြကလေးပင် အဒေါ်ဖြစ်သူကို ဆယ်တန်းနှစ်က ရန်ကုန်ကို ဘုရားဖူးအလာမှာ တစ်ခါပဲ တွေ့ဖူးလိုက်သည်။

မည်သို့ဆိုစေ ဒုက္ခကြုံပြီဆိုတော့ ဆွေမျိုးကို အားကိုးရှာရတော့သည်။

ဦးဘမြစ်က ရဟန်းဘဝမှထွက်၍ ရန်ကုန်တက်လာ၊ တက်လမ်းရှာလို့ ကိုယ့်အားကိုယ်ကိုးနိုင်မှ အိမ်ထောင်ပြုခဲ့ရာ အိမ်ထောင်ကျတော့ အသက် ၃၈နှစ်ရှိပြီ။ ဒေါ်မိသည် ဦးဘမြစ်ထက် ဆယ်နှစ်ခန့်ငယ်သော်လည်း အသက် ၂၀ မပြည့်ခင် အိမ်ထောင်ကျခဲ့၍ ဒေါ်မိသားသမီးများ က မမြကလေးထက် ကြီးကြသည်။ အားလုံးအိမ်ထောင်ကျပြီး၍ ဒေါ်မိမှာ မြေးတွေပင် ရနေပြီ။ ခင်ပွန်းသည် ကွယ်လွန်သွား၍ မုဆိုးမဖြစ်နေပြီ။

ဦးဘမြစ် ဆန္ဒအရ အညာရှိဒေါ်မိကို စာရေးအကြောင်းကြားလိုက်ရာ မကြာခင် ဒေါ်လေးမိ ရောက်လာသည်။

ဦးဘမြစ်က ညီမဖြစ်သူကို အကြောင်းစုံပြောပြသည် ထင်ပါ၏။ မောင်နှမနှစ်ယောက် တီးတိုးတိုင်ပင်ကြသည်ကို မမြကလေး တွေ့ရသည်။

"မြကလေးရေ့.. ညည်းအဖေ ခေါ်တယ်၊ လာပါဦး"

"ဟုတ်ကဲ့ ဒေါ်လေးမိ"

ဖေဖေက အားနည်းဖျော့တော့စွာနှင့် ရီဝေစွာကြည့်ရင်း ညီမနှင့်သမီးကို မှာကြားသည်။

"မမိ ဒီမှာနေလိမ့်မယ် သမီး"

"ဟုတ်ကဲ့ ဖေဖေ"

"နှင့်တူမကို ဂရုစိုက်ပါ မမိ၊ အစ်ကိုကြီး စိတ်မချဘူး"

"မမိ ဒီမှာပဲ တစ်သက်လုံးနေပါ့မယ် အစ်ကိုကြီးရယ်။ မမိ သားသမီးတွေလည်း အကုန်လက်လွှတ်ကုန်ပါပြီ။ မမိ အစ်ကိုကြီးကို ပြုစုရအောင် လာတာပါ"

"ငါ့ကိုပြုစုစရာ မလိုတော့ပါဘူး။ ငါက မီးစာကုန်လုနီးပါပြီ"

"ဖေဖေရယ်"

"အစ်ကိုကြီးကလည်း"

"နှင့်တူမကိုသာ စောင့်ရှောက်ရစ်ပါ ညီမလေးရယ်။ နှင် ရှိရင်တော့ ငါ စိတ်ချပါပြီ"

ဦးဘမြစ်သည် မမြကလေးအတွက် တကယ်ပင် စိတ်ချလက်ချ ရှိသွားပြီ ထင်ပါသည်။ ဒေါ်လေးမိ ရောက်လာပြီး မှာစရာရှိတာတွေ မှာကြားပြီးကတည်းက ဘာစကားမှ မပြောတော့ချေ။

အိပ်ရာထဲမှာ တရားမှတ်ရင်းဖြင့်သာ ငြိမ်သက်စွာရှိနေသည်။

မမြကလေးက ဖခင်ကြီးဘေးတွင်ထိုင်ရင်း တရားစာများ ရွတ်ဖတ်ပြနေသည်။

ဒေါ်မိရောက်လာပြီး လေးရက်မြောက်နေ့၌ မေတ္တာသုတ်ကို ရွတ်ဖတ်ပြနေရင်းမှ ငုံ့ကြည့်လိုက်ရာ အသက်ပျောက်နေသော ဦးဘမြစ်ကို တွေ့ရလေသည်။ ဘယ်အချိန်က အသက်ထွက်သွားမှန်းပင် မသိ။ တရားရှင်ကြီးသည် ညင်သာစွာပင် အသက်ဓိဝိန်ချုပ်ငြိမ်းသွားရှာလေပြီ။

"ဖေဖေရယ့်... ဖေဖေ၊ မြကလေးကို တစ်ယောက်တည်း ထားခဲ့ပြီလား ဖေဖေရဲ့"

မမြကလေးက ဖခင်ကြီး ရင်ပတ်ကို မျက်နှာအပ်ရင်း ငိုရှိုက်လိုက်ရာ သူမ၏ဆံပင်တွေးကြီးသည် ဦးဘမြစ်၏သက်မဲ့ခန္ဓာပေါ်သို့ ပြည်ကျသွားလေသည်။

●

ဦးဘမြစ်၏နာရေးကိစ္စအဝဝပြီးစီးချိန်တွင် အိမ်၏စီးပွားရေးလုပ်ငန်းများကို အသစ်ပြုပြင်ဖို့ ဖြစ်လာသည်။

အထူးသဖြင့် ပုံနှိပ်တိုက်လုပ်ငန်း။

ပုံနှိပ်တိုက်လုပ်ငန်းကို မမြကလေးက မကျွမ်းကျင်ချေ။ လေ့လာ၍လည်း မတတ်နိုင်ပေ။

ထို့ကြောင့် ပုံနှိပ်တိုက်ကို စက်ရော၊ နေရာပါ တစ်ပါတည်း ရောင်းချပစ်ဖို့ မမြကလေးက စီစဉ်သည်။

သည်တွင် ညီမြမောင်၏ကဏ္ဍဝင်လာသည်။

ညီမြမောင်က ပုံနှိပ်စက်ကို ရောင်းမပစ်ဖို့ အရေးဆိုလာခဲ့၏။


www.burmeseclassic.com

“စက်ကို မရောင်းပါနဲ့ မမြ ကျွန်တော်ဆက်ပြီးလုပ်ပါ့မယ်”

“မဖြစ်ပါဘူး။ မင်းမှနားမလည်တာ၊ စာပေအကြောင်း မင်း ဘယ်လောက်သိလို့လဲ”

ညိုမောင်က ပြုံးသည်။

“ဘာလုပ်ငန်းပဲဖြစ်ဖြစ် စီးပွားရေးလုပ်နေတာပဲ မမြရာ။ လုပ်ရည်ကိုင်ရည်ရှိရင် ဖြစ်ပါတယ်”

“ဖေဖေက စာပေလုပ်ငန်းကို စီးပွားဖြစ်သက်သက်လုပ်တာ မဟုတ်ဘူးကွယ့်”

ဖေဖေသည် သာသနာပြန့်ပွားရေးအတွက် ဘာသာရေးစာအုပ်များကို အခမဲ့ရိုက်နှိပ်ပေးခြင်း၊ ဖြန့်ချိပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ စာပေဖြင့် သာသနာပြုခဲ့ကြောင်းကို မမြကလေးက ညိုမောင့်ကို ရှင်းပြမနေတော့ပေ။

“ဟုတ်ပါတယ်။ ဒါပေမဲ့ တည်ထောင်ပြီးသား လုပ်ငန်းတစ်ခုကို ဘာဖြစ်လို့ အလွယ်တကူ စွန့်လွှတ်ပစ်မလဲ မမမြ။ ကျွန်တော် ယောက်ျား လေးတစ်ယောက်လုံး ရှိနေတာပဲ။ ကျွန်တော်လုပ်ကြည့်ပါရစေ။ ကျွန်တော်လည်း စာပေဝါသနာပါပါတယ် မမြ”

“ဟုတ်ပါတယ်လေ၊ မောင်ညိုမောင် လုပ်ကြည့်ချင်လည်း လုပ်ပါစေ မြလေးရယ်။ မအောင်မြင်တော့မှ ရောင်းဖို့ချဖို့ စဉ်းစားကြတာပေါ့”

ဒေါ်လေးမိကပါ ဝင်ပြောလာသည်။

အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ အလုပ်လုပ်မယ်ဆိုတဲ့ စကားက သဘာဝကျနေသည့်အပြင် လုပ်ငန်းကလည်း အသစ်ထူထောင်ပေးဖို့မလို၊ ရှိပြီးသားဆိုတော့ မမြကလေး တားမြစ်အား မရှိတော့ပေ။ ညိုမောင့်မှာ အရည်အချင်းဘယ်လောက်ရှိလဲသိရအောင် စမ်းလုပ်ခိုင်းလိုက်သည်။

●

လုပ်ငန်းကိုလွှဲအပ်လိုက်တယ်ဆိုပေမယ့် မမြကလေးက ညိုမောင့်ကို စိတ်မချပေ။ အစပိုင်းမှာ လုပ်ငန်းထဲကိုယ်တိုင်လိုက်ကာ သင်ပြပေးရသည်။

ဖေဖေ့အလုပ်သမားများ၊ ဝန်ထမ်းများနှင့်မိတ်ဆက်ပေးရသည်။ ညိုမောင်က ဖေဖေ၏လုပ်ငန်းများကိုဆက်ခံကာ ဆက်လက်အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အသိပေးရသည်။

ညိုမောင်က ဦးဘမြစ် ထုတ်ဝေထားသော စာအုပ်များကို ကိုင်ကြည့်ကာ နှာခေါင်းရှုံ့သည်။ ဖေဖေ့စာအုပ်များက အပျော်ဖတ်ပရိသတ်ကြိုက် စာအုပ်မျိုးတွေ မဟုတ်။ ဂျာနယ်စာပေများလည်း မဟုတ်ပါ။ ဗေဒင်ဟောနည်းကျမ်းလို၊ ဟင်းချက်နည်းအမျိုးမျိုးလိုစာအုပ်များ၊ မြန်မာ့ရိုးရာ ဆေးပညာ စာအုပ်များ၊ ရှေးဆရာကြီးများရေးခဲ့သည့် ကာမသိဒ္ဓိကျမ်းတို့၊ လောကနီတိတို့လိုစာအုပ်များ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးများရေးသည့် တရားတော်များလည်း ပါဝင်သည်။

ခေတ်အဆန်ဆုံးစာအုပ်ဆို၍ အင်္ဂလိပ်စကားပြောနည်းများ၊ အင်္ဂလိပ်စာအရေးအသား၊ အသုံးအနှုန်းများအကြောင်း ပညာပေးရေးသား ထားသည့် စာအုပ်များသာ ရှိသည်။

ညိုမောင့်အဖို့တော့ သည်လိုစာအုပ်များမှာ ကြည့်ရှုံ့နှင့်ပင် ပျင်းရိ ငြီးငွေ့ဖွယ်ကောင်းလှပေ၏။

တကယ်တော့ ဦးဘမြစ်သည် ထိုစာမူများကို စာရေးသူများထံမှ မူပိုင်ခွင့်ကို အပြီးအပြတ်ဝယ်ယူထားခြင်းဖြစ်သည်။ တချို့စာရေးသူများမှာ ကွယ်လွန်သွားတာပင် ကြာချေပြီ။ စာမူကို မူပိုင်ခွင့်ပါ ဝယ်ယူထားသောကြောင့် အကြိမ်များစွာ ကြိုက်သလောက် ရိုက်နှိပ်နိုင်ပေသည်။ စာမူခ ထပ်ပေးစရာမလို။

စာအုပ်ဖြန့်ချိသည့်ပုံစံကလည်း ဆိုင်တကာတွင် စာအုပ်များကို လိုက်တင်ထားပြီး ရောင်းကုန်မှ ငွေရှင်းသည့်စနစ်ဖြစ်သည်။ ရောင်းမကုန်ပါက တိုက်ကို ပြန်အပ်နိုင်သည်။

သို့သော် ဦးဘမြစ်က စာအုပ်ဖိုးငွေများကို ရှင်းပေးမှသာယူပြီး တောင်းခံလေ့မရှိသောကြောင့် စာအုပ်တွေကိုနှစ်ရှည်လများ တင်ရောင်းကြ သည်။ နှစ်ပေါက်မှ ငွေချေကြသည်။ စာအုပ်တွေကလည်း အချိန်ကာလနှင့် မသက်ဆိုင်ဘဲ စိတ်ဝင်စားသူ ဝယ်ချင်တဲ့အချိန်မှ ဝယ်တတ်သည့် စာအုပ် မျိုးများဖြစ်ရာ တစ်ချိန်ချိန်တော့ ရောင်းကုန်သွားသည်ပင်။ စာအုပ်ပေါင်းများစွာ ရိုက်နှိပ်၍ အစဉ်မပြတ် ဖြန့်ချိထားသည်မို့ စာအုပ်ဖိုးဝင်လာသော ငွေနှင့် အရင်းအနှီးများက လည်ပတ်နေသည်။

ဦးဘမြစ်၏စာပေတိုက်သည် ကာလပေါ်တွေ့ရှုပ်ပြများကို ထုတ်ဝေခြင်းမပြုဘဲ သူ့လိုင်းနှင့်သူ သီးခြားရပ်တည်နေသည့် တိုက်တစ်ခုဖြစ်သည်။ စာအုပ်တိုက်နာမည်ကိုပင် **‘ကဝိအမော်’** ဟုပေးထားသည်။


www.burmeseclassic.com

ညီမောင့်အဖို့တော့ စာပေတိုက်နာမည်ကအစ ထုတ်ဝေထားသည့် စာအုပ်များအဆုံး ဖျင်းရိုးယ်ကောင်းလှပေသည်။ သူလက်ထက်မှာတော့ စာအုပ်တိုက်ကို လူအများကြား ရေပန်းစားအောင် ကြိုးစားသွားမည်ဟု စိတ်ကူးမိပေသည်။

စာအုပ်ထုတ်ဝေရေးလုပ်ငန်းအကြောင်းကို မမြကလေးလည်း သိပ်နားလည်သည် မဟုတ်ပေ။

မမြကလေးက ဖေဖေ့လက်ထောက်အဖြစ်ခန့်ထားသော ဦးသိန်းလူဆိုသည့် စာပြင်ဆရာကြီးလက်ထဲသို့ ညီမောင့်ကိုအပ်နှံလိုက်သည်။ ဦးသိန်းလူသည် ကဝိအမော်စာအုပ်တိုက်တည်ထောင်စကပင် စာပြင်ဆရာလုပ်လာသော စာအုပ်လုပ်ငန်းအကြောင်းကို နောကြေနေသည့် အဘိုးကြီးတစ်ယောက် ဖြစ်သည်။ ခဲစာလုံးဖြင့် စာစီပြီး ပုံနှိပ်စက်ကြီးများဖြင့် ရိုက်နှိပ်သည့်ခေတ်မှ စ၍ ကွန်ပျူတာဖြင့်စာစီကာ အော့ဖ်စက်များနှင့်ရိုက်နှိပ်သည့်ခေတ်အထိ တောက်လျှောက်လုပ်လာသော လုပ်သက်ရင့်ပညာရှင်တစ်ယောက်လည်း ဖြစ်သည်။ ရှုံးပြင်ကနားသွားစရာကိစ္စရှိလျှင်လည်း ဦးသိန်းလူပင် သွားသည်။

ဦးသိန်းလူက လိုလိုချင်ချင်ပင် ညီမောင့်ကို စာအုပ်လုပ်နည်းပညာများ သင်ပေးခဲ့လေသည်။

ဤနေရာ၌ ညီမောင်တတ်ကျွမ်းသွားသောပညာရပ်ကို သိက္ခာရှိသော စာပေလုပ်ငန်းပညာဟု မမြကလေးက မဆိုချင်ပေ။ စာအုပ်ဖြစ်အောင် ပြုလုပ်နည်းမျှသာဟု ပြောချင်ပေ၏။

ညီမောင်သည် ဦးဘမြစ်ကဲ့သို့မဟုတ်။ သူတတ်ကျွမ်းသော စာအုပ်လုပ်နည်းပညာရပ်ဖြင့် စာပေသိက္ခာရှိသည်၊ မရှိသည်ကို မငဲ့ကွက်ဘဲ ရောင်းကုန်လျှင် ပြီးရော၊ ငွေအမြတ်ရဖို့သာ လိုရင်းဆိုသည့်စိတ်ဖြင့် စာအုပ်များ ထုတ်လုပ်ရောင်းချခဲ့သောကြောင့် ဖြစ်သည်။

ညီမောင်သည် စာအုပ်ကို ထုတ်ကုန်တစ်ခုအဖြစ်သာ ထုတ်လုပ်ပြီး ငွေအမြတ်ရရှိရေးကို ဦးစားပေးကာ လုပ်ဆောင်ခဲ့ပေသည်။

ညီမောင်လုပ်လိုက်သော စာအုပ်လုပ်ငန်းသည် ကဝိအမော်၏ရာဇဝင်ကို ပြောင်းပြန်လှန်ပစ်လိုက်သလိုဖြစ်သည်။ ညီမောင်၏လုပ်ရပ်များအတွက် မမြကလေး များစွာအံ့အားသင့်ခဲ့ရပါသည်။

●

အစပိုင်းတွင် မမြကလေးကိုယ်တိုင် စာအုပ်တိုက်သို့ လိုက်ပေးခဲ့သည်။ ဦးသိန်းလူကလည်း သိတားသင့်သည့်အရာများအားလုံးကို ဆရာစားမချန် သင်ပေးခဲ့သည်။

စက်ကိရိယာပိုင်းဆိုင်ရာများအပြင် ပြင်ပဆက်သွယ်ရေးဖြစ်သည့် စက္ကူဆိုင်များ၊ ပုံနှိပ်စက်ဆိုင်ရာ ဆေးဆိုင်များ၊ စာအုပ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်ကြီးများကို လိုက်ပြမိတ်ဆက်ပေးသည်။ ရုံးပိုင်းဆိုင်ရာအတွက် အရေးပါသော ထုတ်ဝေခွင့် ကတ်ပြားမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းကိစ္စများ၊ စာပေစိစစ်ရေးရုံးသို့စာမူတင်ခြင်း၊ စာမူခွင့်ပြုချက်ယူခြင်းကိစ္စများ စသဖြင့် စာအုပ်တစ်အုပ် ဖြစ်မြောက်လာရန် ဖြတ်သန်းရသည့် လုပ်ငန်းအဆင့်ဆင့်ကို သင်ပြပေးခဲ့သည်။

ညီမောင်သည် ဖြတ်ထိုးဉာဏ်ရှိသော လူငယ်တစ်ယောက် ဖြစ်သည်။ သင်ရလွယ်သည်၊ တတ်လွယ်သည်။ အချိန်မကြာမီမှာပင် စာပေလောကကို နှံ့စပ်သွားခဲ့သည်။ မမြကလေး နောက်မှ လိုက်ပေးစရာမလိုတော့။

ပထမဆုံး ညီမောင် လက်စွမ်းပြလိုက်သော စာအုပ်သည် ခဏချင်းမှာပင် ရောင်းကုန်သွားကာ အောင်မြင်မှုရခဲ့လေသည်။

ကဝိအမော်တိုက်မှ အင်္ဂလိပ်စကားပြောစာအုပ်များနှင့် အင်္ဂလိပ်ဘာသာရပ်စာအုပ်များ ထုတ်ဝေလေ့ရှိသည်ကိုသိသော ဆရာတစ်ယောက်က သူပြုစုထားသော ကိုရီးယားစကား အလွယ်တတ်မြောက်နည်းဆိုသည့် စာအုပ်တစ်အုပ်ကို လာရောင်းခဲ့လေသည်။

ညီမောင်က ထိုစာမူကို စာရေးဆရာတောင်းသော ဈေးအတိုင်းပေးခဲ့သည်။ ဘေးမှကြည့်နေသော ဦးသိန်းလူက ညီမောင် ပေးလိုက်သောစာမူခများလှကြောင်းကို စာရေးဆရာ ထွက်သွားတော့ပြောပြသည်။

မမြကလေးကလည်း မရေရာသည့် စာအုပ်မျိုးအတွက် ထိုမျှ မပေးသင့်ကြောင်း အပြစ်တင်ခဲ့လေသည်။

သို့သော် ထိုစာအုပ်ထွက်လာသည့်အခါ ဦးသိန်းလူရော၊ မမြကလေးပါ အံ့အားသင့်ခဲ့ရလေသည်။ ဦးသိန်းလူက ကဝိအမော်မှ ထွက်သမျှ စာအုပ်တွေထဲတွင် အမြန်ဆုံးကုန်သည့် စာအုပ်ဖြစ်ကြောင်း၊ သုံးလအတွင်း နောက်တစ်ကြိမ် ပြန်ရိုက်ရ၍ အောင်မြင်ကြောင်း တအံ့တသြ သုံးသပ်ခဲ့သည်။

"ကျွန်တော် ကြိုတွက်ပြီးသားပါ။ အခု တီဗွီက ကိုရီးယားကားတွေ လွှင့်ပေးနေတယ် မဟုတ်လား။ လူတိုင်းလည်း ကြိုက်ကြတယ်။ ကိုရီးယားကို လူတွေ ခုတလော စိတ်ဝင်စားလာကြတာ ထင်ရှားတယ်လေ။ ဒါကြောင့် ဒီလိုစာအုပ်မျိုး ရောင်းစွံမယ်ဆိုတာ တွက်မိလို့ ကျွန်တော်စာမူခကောင်းကောင်း ပေးပြီး ဝယ်ထားလိုက်တာ။ ဦးလေး ဘယ်နှကြိမ် ပြန်ရိုက်ရိုက် စာမူခ ထပ်ပေးစရာလည်း မလိုဘူး၊ ရောင်းရသမျှ စားရောပဲ"


www.burmeseclassic.com

မှန်ပါသည်။ ညိုမောင်သည် စာမူကို မူပိုင်ခွင့်ပါအပြတ် ဝယ်ယူထားလိုက်ရာ ဘယ်နှကြိမ်ပြန်ရိုက်ရိုက် စာမူခထပ်ပေးစရာမလိုပေ။ သို့သော် အကွက်မြင်သော ညိုမောင်က စာရေးဆရာကိုဖိတ်ခေါ်ကာ စာမူခ ထပ်၍ ချီးမြှင့်ခဲ့ပါသည်။ နောက်ထပ် ကိုရီးယားနှင့်ပတ်သက်သော စာမူရှိပါက ထပ်ပေးရန် တောင်းခံခဲ့သည်။ ရလည်း ရခဲ့သည်။

ညိုမောင်က ကိုရီးယားစကားအလွယ်ပြောနည်းဆိုသည့် စာအုပ်ကို ရိုက်နှိပ်ရာတွင် ရိုးရိုးကြီး ရိုက်ခြင်းမဟုတ်။ လူတွေ စိတ်ဝင်စားနေသည့် ကိုရီးယားမင်းသားမင်းသမီးများပုံကို ရအောင်ရှာ၍ မျက်နှာဖုံးတင်ထားသည်။ မျက်နှာဖုံးကပင် စိတ်ဝင်စားစရာ ဆွဲဆောင်မှုရှိနေသည်။ ဘာသာရပ်စာအုပ်မျိုးကို မင်းသား မင်းသမီးပုံဖြင့် ထုတ်ဝေလေ့မရှိတတ်ရာ ညိုမောင်လုပ်လိုက်သော စာအုပ်မှာ တစ်မျိုးထူးခြားနေခဲ့သည်။

မျက်နှာဖုံးတွင်သာ မဟုတ်။ အတွင်းစာမျက်နှာများတွင်လည်း ကိုရီးယား ဇာတ်လိုက်များပုံကို တစ်ဖောင်ခြားစီ ကြွေစက္ကူဖြင့် ရောင်စုံ ရိုက်နှိပ်၍ ထည့်သွင်းထားသေးသည်။ နိုင်ငံခြားမင်းသား မင်းသမီးပုံများမို့ ဓာတ်ပုံအသုံးပြုအတွက်လည်း ငွေပေးစရာ မလိုပေ။

ညိုမောင်သည် သူပထမဆုံးစီစဉ်သော ထိုစာအုပ်အတွက် အမြတ်အစွန်း များစွာရလိုက်၏။ အထူးခြားဆုံးအမြတ်ကတော့ ဦးသိန်းလှူနှင့် မမြကလေးတို့၏ အံ့ညြစွာအထင်အမြင်ကြီးမှုကို ရယူလိုက်နိုင်ခြင်းပင် ဖြစ်တော့သည်။

●

နောက်တစ်လကြာတော့ ညိုမောင်က ရုပ်ပြစာအုပ်တစ်အုပ်ထုတ်သည်။

ကဝိအမော်စာပေတိုက်သည် ရုပ်ပြကာတွန်းစာအုပ်မျိုးဝေးလို့ စာချည်းသက်သက်ရေးထားသော ဝတ္ထုစာအုပ်မျိုးကိုပင် မထုတ်ဝေခဲ့ဖူးပါ။ စာအုပ်အဖုံးကိုလည်း အရုပ်ပန်းချီများဖြင့် ရေးခြယ်ခြင်းမပြုဘဲ စာလုံးဒီဇိုင်းဖြင့် အရောင်တစ်ရောင်ထဲ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

''ရောင်စုံရိုက်လို့ရတဲ့ အော့ဖ်စက်ကြီးတစ်ခုလုံးရှိနေမှ ဘာလို့ အလကားထားမလဲ မမြ။ စာတွေချည်း ရိုးရိုးကြီး ရိုက်နေတာ အောက်ပါတယ်။ ကဝိအမော်တိုက်ကို လူငယ်တွေပါ စိတ်ဝင်စားလာအောင် လူငယ်ကြိုက်စာအုပ်တွေလည်း ထုတ်ဖို့လိုတာပေါ့''

ညိုမောင်ထုတ်လိုက်သည့် ရုပ်ပြစာအုပ်၏ ပန်းချီဆွဲသူရော၊ ရုပ်ပြဇာတ်ကောင်ရောမှာ နာမည်ရှိပြီးသားမို့ ထိုစာအုပ်မှာလည်း အထိုက်အလျောက် အောင်မြင်ခဲ့လေသည်။

ထို့နောက်တော့ ညိုမောင်က ရုပ်ပြများရော၊ ကာတွန်းများပါ ကာတွန်းဆရာ၊ ရုပ်ပြဆရာများအား ငွေကြိုပေး၍ စာချုပ်စာတမ်းနှင့် အလုပ်လုပ်လာသည်။ ကဝိအမော်ပုံနှိပ်တိုက်သည် ယခင်က ရှေးဟောင်းစာပေ ကျမ်းဂန်များ၊ အတည်အတံ့ စာပေများသာရိုက်နှိပ်ခဲ့၍ လူသိနည်းခဲ့ရာမှ ယခုအခါ ကာတွန်းဆရာတွေ၊ စာရေးဆရာတွေ အဝင်အထွက်ရှိကာ စည်ကားလာလေသည်။

စာပေတိုက်အမည်ကိုလည်း ကဝိအမော် ဆိုသည်မှာ ရှေးဆန်၍ ရိုးသည်ဆိုကာ နာမည်ပြောင်းလိုက်သည်။

ယခုအခါ ညိုမောင်ထုတ်သည့်စာအုပ်များ၏ စာပေတိုက်အမည်မှာ အသစ်ဖြစ်နေလေပြီ။

**'နေမဝင်'စာပေ** တဲ့။

ကဝိအမော်ဆိုသည့် အမည်သည် နေမဝင်စာပေမှ ထုတ်ဝေသော စာအုပ်များကို ရိုက်နှိပ်သည့် ပုံနှိပ်စက်၏အမည်အဖြစ်သာ ကျန်ရှိတော့လေသည်။

●

နေမဝင်စာပေတိုက်ထုတ် ကဝိအမော်– စာပုံနှိပ်စက်မှ ရိုက်နှိပ်လိုက်သော စာအုပ်များကိုကြည့်၍ မမြကလေး အံ့သြခဲ့ရလေသည်။

သည်စာအုပ်များသည် စာပေအဖြစ်အရာမဝင်သော စာအုပ်များဖြစ်ကြောင်း မမြကလေး ကောင်းကောင်းသိသည်။ ညိုမောင်ကတော့ သူ့ကိုယ်သူ လာဘ်မြင်သော၊ ထက်မြက်သော ထုတ်ဝေသူတစ်ဦးဟု အထင်ရောက်နေလေပြီ။ ထိုသို့ အထင်အမြင်ကြီးလောက်အောင်လည်း သူထုတ်ဝေသော စာအုပ်များက ရောင်းကောင်းနေသည်။ စီးပွားရေးအရအောင်မြင်သည် ဆိုပါစို့။

ဖေဖေသာရှိလျှင် ဘယ်လိုပြောမည်မသိ။

မမြကလေးသည် တစ်ချိန်ကချစ်သူ ကိုမြတ်မင်းမောင်ကို သတိရမိလေသည်။ ကိုမြတ်မင်းမောင်ကရော မမြကလေး၏ခင်ပွန်းဖြစ်သူက ဒီလိုစာအုပ်မျိုးတွေ ထုတ်ဝေနေတာသိလျှင် ဘယ်လိုပြောမှာပါလိမ့်။

ကိုမြတ်မင်းမောင်က ဖေဖေထုတ်နေသော စာအုပ်များကို စာပေတန်း မဝင်ဘူးဆိုကာ ဝေဖန်ခဲ့သည်။ ညိုမောင်ကတော့ သူအမြင်ဖြင့် ကဝိအမော်ထုတ် စာအုပ်များမှာ ရှေးဆန်ကြောင်း၊ ပျင်းစရာကောင်းကြောင်း ရှုံ့ချခဲ့သည်။ နှစ်ဦးစလုံးပင် ဦးဘမြစ် ထုတ်ခဲ့သောစာအုပ်များကို ကိုယ့်အမြင်နှင့်ကိုယ် အကောင်းမထင်ခဲ့ကြချေ။


www.burmeseclassic.com

စာပေနှင့်ပတ်သက်၍ ဘာတစ်ခုမှ အခြေခံမရှိသော ညိုမောင်သည် အချိန်တိုတိုဖြင့် အောင်မြင်သောထုတ်ဝေသူဖြစ်လာခဲ့သည်။ ဘဝသရုပ်ဖော်စာပေဖြင့် လူထုဘဝကို မြှင့်တင်မည်ဟု စကားလုံးကြီးကြီးပြောခဲ့သော ကိုမြတ်မင်းမောင်၏ စာများကိုကား စာအုပ်အဖြစ်ဝေးလို့ စာတိုပေစအဖြစ်ပင် မမြင်ရသေးပါလား။

မမြကလေး ပြုံးမိသည်။ လောကကြီးဟာ ဆန်းကြယ်လှချေကလား။

●

ညိုမောင် စာအုပ်လုပ်ငန်းဖြင့် အောင်မြင်နေချိန်တွင် မမြကလေး၏ ကျန်းမာရေးအခြေအနေမှာ တစ်စတစ်စဆိုးဝါးလာခဲ့လေသည်။

လူက ပိန်လာသည်။

ဆံပင်များ ပါးလာသည်။ တိုလာသည်။

မမြကလေး၏ဆံပင်များသည် ခြေမျက်စိအထိ ရှည်လျားရာမှ တခေါက်ခွက်လောက်အထိသာ ရှိပါတော့သည်။

မမြကလေးက ညိုမောင် ဘယ်အချိန်များဖွေဖောက်မလဲ စောင့် ကြည့်နေခဲ့သည်။ သည်တစ်ခါ ညိုမောင်ဖွေဖောက်လာလျှင် ဘယ်လိုတုန့်ပြန်ရမလဲဆိုတာပါ မမြကလေး စဉ်းစားနေမိ၏။

ဖခင်ကြီးဦးဘမြစ် အသေစောခဲ့ရတာ ညိုမောင့်ကြောင့်ဟု စွဲနေ သော မမြကလေးသည် တွေးမိတိုင်း ထိုအဖြစ်အတွက် ညိုမောင့်အပေါ် အခဲမကျေသေးပေ။

သို့ရာတွင် ညိုမောင့်ကို ကြည့်ရသည်မှာ စာအုပ်လုပ်ငန်းထဲ စိတ်ဝင် ၁းပြီး နစ်မျောနေသည်ဟု ထင်ရသည်။ ခြေငြိမ်နေပုံရနေသည်။

တကယ်လည်း ညိုမောင်သည် သူလုပ်လိုက်သော စာအုပ်များ အောင်မြင်သည့်အတွက် ပီတိဖြစ်နေသည်။ သူ့ကိုယ်သူလည်း သူအလွန်တရာဖြစ်ချင်သော လုပ်ငန်းရှင်တစ်ဦးဘဝရောက်ပြီဟု အထင်ကြီးမိသည်။

သို့သော် ညိုမောင်က သည်မျှနှင့် အားရတင်းတိမ်သည်တော့ မဟုတ်သေး။ ခြေချမိသောလုပ်ငန်းတွင် ထိပ်ဆုံးအထိရောက်အောင် ကြိုးစားမည်ဟု အားခဲထားသေးသည်။

ညိုမောင်က လုံးချင်းဝတ္ထုများ ထုတ်ဝေရန် ကြိုးစားပြန်သည်။ ဈေးကွက်တွင် အောင်မြင်ပြီးသား၊ အရောင်းရ တွင်ကျယ်ပြီးသား စာရေးဆရာမတစ်ယောက်ကို ဆယ်အုပ်စာငွေကြိုပေး၍ မရအရ လိုက်ယူသည်။ ဆရာမအတွက် စာမူခကို လက်ရှိထုတ်ဝေသူပေးနေသည့် ပေါက်ဈေးထက် တစ်ဝက်ပိုပေးပစ်လိုက်သည်။

ညိုမောင်လုပ်ရပ်က အခြားထုတ်ဝေသူများကို မျက်လုံးပြူးစေခဲ့လေသည်။ ထိုဆရာမကို စာမူခတွေ ထိုမျှအများကြီးပေး၍ မကိုက်မှန်း စာပေလောက တစ်ခုလုံးက သိသည်။ ညိုမောင်ကတော့ ရဲရဲတင်းတင်းပင် ထုတ်ဝေခဲ့လေ၏။ ပထမထုတ်ဝေသူလောက် အကျိုးအမြတ်မများသော်လည်း ညိုမောင် မရှုံးခဲ့ပါ။

မရှုံးသည့်အထဲတွင် စာရေးဆရာမကို တိုက်၏ပင်တိုင်စာရေးဆရာမအဖြစ် ရလိုက်ခြင်းကလည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

ညိုမောင်သည် သေချာပေါက် ငွေပြန်ရနိုင်သည့်စာအုပ်မျိုး၊ ကျိန်းသေပေါက်ရောင်းစွံမည့် စာအုပ်မျိုးကိုလည်း ထုတ်ဝေခဲ့လေသည်။ သိုင်းစာအုပ်များ ဖြစ်ပါသည်။ တရုတ်သိုင်းဝတ္ထုကို ဘာသာပြန်ထားသည်ဟု ခပ်တည်တည် ခေါင်းစဉ်တပ်ထားသော သိုင်းဝတ္ထုများဖြစ်လေသည်။

ညိုမောင်၏နေမဝင်စာပေမှ 'တက္ကသိုလ် လမင်းနောင်' ဆိုသော တရုတ်သိုင်း ဘာသာပြန်စာရေးဆရာတစ်ယောက် ပေါ်ထွက်လာလေသည်။

အဖုံးတွင် တရုတ်သိုင်းဇာတ်ကားထဲမှ မင်းသားမင်းသမီးပုံများဖြင့် ဝေဆာစွာ တန်ဆာဆင်ထားသော သိုင်းဝတ္ထုစာအုပ်ကို ကြည့်ကာ ဒီတစ်ခါတော့ မမြကလေးက ဝေဖန်လေသည်။

"ဒီစာအုပ်တွေဟာ တကယ့်တရုတ်သိုင်းဝတ္ထုကို ဘာသာပြန်တာရော ဟုတ်ရဲ့လား မောင်ညိုမောင်။ မမြတော့ မသင်္ကာဘူး။ ကိုယ့်ဟာကိုယ်လျှောက်ရေးပြီး တရုတ်ဝတ္ထု ဘာသာပြန်လို့ လိမ်ထားတာထင်တယ်။ တက္ကသိုလ်လမင်းနောင် ဆိုတာ တကယ်ရော တရုတ်စာတတ်လို့လား"

မမြကလေးအပြောကို ညိုမောင်က ပြုံးနေသည်။

"ရေးတဲ့သူက တရုတ်တော့ တရုတ်ပါပဲ။ တကယ့်တရုတ်ဝတ္ထုကို ဘာသာပြန်တာ ဟုတ်–မဟုတ်တော့ ကျွန်တော် မသိဘူး။ တရုတ်ကြီးကိုယ်တိုင် လာရောင်းတဲ့စာအုပ်ပဲ။ လိမ်တာဆိုရင်လည်း သူ့တာဝန် သူယူပေါ့။ ဘယ်သူကမှလည်း တရုတ်ဝတ္ထုအစစ်ကို ပြခိုင်းမှာ မဟုတ်ပါဘူး"

"အနှစ်သာရလည်း မရှိပါဘူး။ စာပေတန်းမဝင်ရတဲ့ကြားထဲ တကယ့်ဘာသာပြန်မဟုတ်ဘဲ လိမ်တာဆိုရင်တော့ မကောင်းဘူးပေါ့"


www.burmeseclassic.com

''စာပေနယ်မှာ တချို့တိုက်တွေ ဒီလိုပဲ လုပ်စားနေရတယ် မမြ။ သိုင်းဘာသာပြန်တွေက အရင်းအနှီးလည်း နည်းတယ်၊ သေချာပေါက်လည်း ရောင်းရတယ်လေ''

တရုတ်ဝတ္ထု ဘာသာပြန် စာရေးဆရာ **'တက္ကသိုလ် လမင်းနောင်'** ဆိုတာ ဘယ်သူလို့ ဖွင့်ပြောလိုက်လျှင် မမြကလေးလည်း သေမသွားတောင် တက်ချက်သွားနိုင်ပါသည်။

တကယ်တော့ တက္ကသိုလ်လမင်းနောင်ဆိုသည်မှာ ညိုမောင် ကိုယ်တိုင်ပင်တည်း။

ညိုမောင့်မိတ်ဆွေ ထုတ်ဝေတိုက်ပိုင်ရှင်တစ်ဦးကပေးသည့်အကြံဖြင့် ဖြစ်ပေါ်လာရသော ကလောင်တစ်ချောင်းဖြစ်လေ၏။

''ကိုညိုမောင်၊ လောလောဆယ် ခင်ဗျားစာအုပ်တွေ အောင်မြင်နေ လို့ ဒါလောက်နဲ့ တင်းတိမ်မနေနဲ့ဗျ။ ခင်ဗျားဆီက စာရေးဆရာတွေ၊ ရုပ်ပြသမားတွေကို ခင်ဗျားပိုင်တာ မဟုတ်ဘူး။ တစ်ချိန်ချိန် ကိုယ့်တိုက်က ထွက်သွားကြမှာပဲ။ အဲဒီတော့ ခင်ဗျားမှာ တိုက်ပိုင်ကလောင်တစ်ချောင်း ရှိထားဖို့ လိုတယ်''

''တိုက်ပိုင်ကလောင်၊ ကျွန်တော် သူတို့ကို နှစ်အပိုင်းအခြားနဲ့ စာချုပ်ထားတဲ့ ကာလအတွင်း ပိုင်နေတာပဲ မဟုတ်လား။ ဒီလိုပဲ သူတို့ထွက်သွားတော့လည်း နောက်အသစ် ထပ်ရှာရုံပေါ့ဗျာ၊ အသစ်တင်သင့်တင်ရမှာပေါ့''

ညိုမောင်က ထုတ်ဝေသူပါးမဝသေး၍ သူ့အထင်အမြင်ကို ရိုးသားစွာ ပြောပြသည်။

''မဟုတ်သေးဘူးဗျ။ စာရေးနေတဲ့လူတွေ အများကြီးရှိတယ်။ စာရေးတဲ့လူတိုင်း စာအုပ်ထွက်တဲ့အထိ တတ်နိုင်ကြတာ မဟုတ်ဘူး။ ထုတ်ပေးမယ့် ထုတ်ဝေသူမရှိလို့၊ ကိုယ်တိုင်ထုတ်ဖို့လည်း ငွေကြေးမတတ်နိုင်လို့၊ အကြောင်း အမျိုးမျိုးပေါ့။ တချို့ စားဝတ်နေရေးအတွက် သူတို့စာမူကို ရောင်းစားကြရတယ်။ နာမည်ရပြီးသား ကလောင်ကြီးတွေ စာမရေး နိုင်တဲ့အခါ အဲဒီစာမူတွေကို အစားထိုးထည့်ပြီး ထုတ်ရတာ မျိုးရှိတယ်'

''ဟင်''

''ကလောင်သိက္ခာမထိန်းတဲ့ စာရေးဆရာတချို့ လုပ်ကြတဲ့နည်းပဲ။ သူတို့မှာလည်း ရောင်းအားကောင်းလို့ ငွေမျိုးမျိုးမြက်မြက်ရနေချိန်မှာ ပရိသတ်နဲ့လည်း အဆက်ပြတ်မသွားအောင်၊ ဝင်ငွေလည်းရအောင် တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်တဲ့သဘောပဲ။ စာမူရောင်းတဲ့သူကို ငွေနည်းနည်းပဲ ပေးပြီး နာမည်ခံတဲ့သူက စာမူခများများရတဲ့သူဆိုတော့ တွက်ချေကိုက်တယ်လေ''

''ရုပ်ဒိုးစာရေးဆရာဆိုတာပေါ့နော်''

''ဟုတ်တယ်၊ ရုပ်ဒိုးမှာလည်း နှစ်မျိုးရှိတယ်၊ တချို့ ကိုယ်တိုင်ရေးပြီး ကိုယ်မရေးနိုင်တဲ့အခါကျမှ တခြားသူစာမူကို ကြားညှပ်ထည့်တာမျိုး။ တချို့ကတော့ လုံးလုံးကို ကိုယ်တိုင်စာမရေးတတ်တာ၊ ကလောင်နာမည်တစ်ခု မှတ်ပုံတင်ထားပြီး သူများရေးပြီးသားစာမူတွေကို ကိုယ့်ကလောင်နာမည်တပ် ထုတ်တာမျိုးပဲ''

''ဩော်''

''ကျွန်တော့်တိုက်က **'စိုးမမွန်'** ဆိုတဲ့ကလောင်ကို သိမှာပေါ့''

''သိတယ်လေ၊ အဲဒါ ခင်ဗျားမိန်းမ''

'ကျွန်တော့်မိန်းမရေးတာလို့ပဲ အသံလွှင့်ထားတယ်။ ကျွန်တော့် မိန်းမကို စိုးမမွန်–နာမည်ခံခိုင်းထားတာ၊ ကျွန်တော့်မိန်းမက စာမှမရေးတတ်ဘဲ။ စိုးမမွန်နာမည်နဲ့ ထွက်သမျှစာအုပ်တွေဟာ သူများဆီက ဝယ်တာချည်းပဲ။ ကလောင်နာမည်ပေါက်သွားပြီ၊ ရောင်းအားကောင်းပြီဆိုရင် စားရောပဲလေ။ ရုပ်ဒိုးရေးတဲ့လူကို ပေးရတဲ့စာမူခက ထောင်ဂဏန်းပဲရှိတာကိုးဗျ။ ကလောင်နာမည် ပေါက်ပြီဆိုရင် သိန်းဂဏန်းထိမြတ်စွန်းနိုင်တာ ခင်ဗျားအသိပဲ''

''အေးဗျာ''

''ကလောင်နာမည်တစ်ခု ထူထောင်ထားလိုက်ပေါ့။ ကိုယ့်တိုက်က ထွက်သွားမှာ ဘယ်တော့မှ မပူရတော့ဘူး''

အကြံပေးသူနှင့်ပင် တိုင်ပင်ကာ သိုင်းဝတ္ထုလိုင်းအတွက် ကလောင်နာမည်တစ်ခုရွေး၍ မှတ်ပုံတင်လိုက်သည်။ နာမည်ပိုင်ရှင်က ညိုမောင်ကိုယ်တိုင်၊ ညိုမောင်၏ကိုယ်ရေးရာဇဝင်နှင့် ညိုမောင်၏ဓာတ်ပုံနှင့်ပင် မှတ်ပုံတင်လိုက်သည်။ တက္ကသိုလ်ဆို၍ ဘယ်တက္ကသိုလ်ထဲကိုမှ ဖြတ်ပင်မသွားဖူးသော်လည်း ကလောင်နာမည်ရှေ့မှာ လူ့အထင်ကြီးအောင် တက္ကသိုလ် ထည့်လိုက်သည်။

သည်လိုနှင့် တက္ကသိုလ်လမင်းနောင်အမည်ဖြင့် တရုတ်သိုင်းဘာသာ ပြန်ဝတ္ထုများ ထွက်ပေါ်လာခြင်း ဖြစ်လေတော့၏။



www.burmeseclassic.com

စာမူများရဖို့လည်း မခဲယဉ်းလှပေ။ တိုးတိုးတိတ်တိတ် အသံလွှင့်လိုက်သည်နှင့် စာမူလာရောင်းသူတွေ သုံးလေးဦး ရောက်လာသည်။ တကယ့်တရုတ်လူမျိုးဆို၍ တစ်ယောက်သာပါသည်။ သူတို့ပေးသော စာမူများကို တရုတ်ဝတ္ထုကနေ တကယ်ဘာသာပြန်ထားတာလားဆိုတာ ညိုမောင် မသိ။ တချို့စာမူတွေက လေးငါးခြောက်အုပ် အတွဲလိုက်ထုတ်ဝေရအောင် ရှည်လျားသည့် စာမူများဖြစ်သည်။ စာမူအားလုံးကို ဈေးချောင်ချောင်ဖြင့် ဝယ်ထားလိုက်သည်။

ဆယ်အုပ်လောက်စမိမှ ဆက်တိုက် ထုတ်ဝေလိုက်ရာ တက္ကသိုလ်လမင်းနောင်ကလောင်သည် အောင်မြင်ခဲ့လေသည်။

●

ညိုမောင်က သူ၏စာအုပ်လုပ်ငန်းကို တစ်ဆင့်တိုးမြှင့်လိုက်ပြန်လေသည်။

ဦးဘမြစ်လုပ်ခဲ့စဉ်က စာအုပ်အဟောင်းများကို အဖန်ဖန် ပြန်ရိုက်နေခြင်းဖြစ်ရာ စာစီခြင်းလုပ်ငန်းအတွက် ဇာဟီရမများလှပေ။ ဖောင်ဖွဲ့ပြီးသားဖလင်ချပ်များကို သိမ်းဆည်းထားခြင်းဖြင့် ပြန်ရိုက်ချင်သည့်အချိန်တွင် အော့ဖ်ဆက်ဖြင့် အချိန်မရွေး ပြန်ရိုက်နိုင်လေသည်။

ညိုမောင့် လက်ထက်မှာတော့ စာအုပ်အသစ်များ ဆက်တိုက် ထုတ်ဝေလာရာ ကွန်ပျူတာသမားဆီ စာစီဖို့သွားအပ်ရသည်ကပင် အလုပ်တစ်ခုဖြစ်လာသည်။ ယခုခေတ်တွင် ရုပ်ပြကာတွန်းများမှာလည်း ကာတွန်းဆရာ၊ ရုပ်ပြဆရာများဆွဲပေးလိုက်သည့်အတိုင်း စက်ပေါ်တင်၍ ရိုက်သည် မဟုတ်။ ပုံများ ပို၍ကောင်းအောင် ကွန်ပျူတာနှင့်ပြုပြင်ပြီးမှ စက်တင်ရိုက်နှိပ်ခြင်းဖြစ်ရာ ရုပ်ပြစာအုပ်များအတွက်လည်း ကွန်ပျူတာကျွမ်းကျင်သူထံ အပ်နှံရပါသည်။

လုပ်ငန်းလျင်မြန်စေရန် ကွန်ပျူတာနှစ်လုံးဝယ်၍ ကျွမ်းကျင်ပြီးသော ကွန်ပျူတာသမားနှစ်ဦးကိုပါ အလုပ်ခန့်ထားလိုက်လေသည်။

ကွန်ပျူတာတစ်လုံးက ရုပ်ပြကာတွန်းများအတွက် ပုံပြုပြင်ရန်အသုံးပြုပြီး ဖိုတိုရှော့ခေါ်သည့် ကွန်ပျူတာနည်းပညာတတ်ကျွမ်းသူက ပုံများကိုပြုပြင်ခြင်း အရောင်ထည့်ခြင်းများ ပြုလုပ်ပါသည်။ ထိုလုပ်ငန်းအတွက် ကိုမျိုးဆိုသော လူငယ်လေးတစ်ယောက်ကို ခန့်ထားလိုက်သည်။

ကွန်ပျူတာနောက်တစ်လုံးမှာ ဝတ္ထုများ စာစီစာရိုက်ရာတွင် အသုံးပြုရန်ဖြစ်သည်။ ဝတ္ထုများအတွက်မူ စာစီစာရိုက်တတ်ကျွမ်းရုံသာ လိုအပ်သည်။ စာစီစာရိုက်ဖို့အတွက် မိန်းကလေးတစ်ယောက်ကို ခန့်လိုက်သည်။ **အတာလှိုင်** တဲ့။

အတာလှိုင်သည် နေမဝင်စာပေမှထွက်ရှိသည့်ဝတ္ထုများကို နဂိုကတည်းကပင် စာရိုက်ပေးနေသူဖြစ်သည်။ ညိုမောင် အလုပ်အပ်သည့်ကွန်ပျူတာလုပ်ငန်းတွင် အလုပ်လုပ်နေသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ အလုပ်သွားအပ်လေ့ရှိသော ဦးသိန်းလူနှင့် ရင်းနှီးနေကြသူများဖြစ်သည်။ နေမဝင်တိုက်က စာစီစာရိုက်ကို ကွန်ပျူတာဖြင့် ကိုယ်တိုင်လုပ်တော့မည်ဆိုသည့်အခါ ဦးသိန်းလူက ရင်းနှီးမှုဖြင့် နေမဝင်တိုက်မှာ အလုပ်လုပ်ဖို့ ခေါ်လာခဲ့ခြင်းဖြစ်သည်။

အတာလှိုင်သည် စာစီစာရိုက်ရာတွင် သွက်သည်။ မြန်သည်။ လုပ်ငန်းကျွမ်းကျင်သည်။ အားကိုးရပါသည်။ ဖောင် ၂၀၊ စာမျက်နှာအားဖြင့် ၃၀၀ ကျော်ရှိသော စာအုပ်တစ်အုပ်ကို လေးရက်နှင့် အပြီးရိုက်နိုင်သူဖြစ်သည်။

ညိုမောင်က အတာလှိုင်၏လုပ်ရည်ကိုင်ရည်ကို သဘောကျသည်။ အတာလှိုင်ကို လခအပြင် စာတစ်မျက်နှာလျှင် ဘယ်လောက်နှုန်းဟု သတ်မှတ်ကာ ငွေပိုပေးသေးသည်။ သည်တော့လည်း အတာလှိုင်က များများ ရိုက်နိုင်သမျှ ငွေပိုရမည်မို့ အလုပ်ကိုသာ မနားတမ်းလုပ်တော့သည်။

အတာလှိုင်နေသည်က တောင်ဒဂုံခေါ်သည့် ဒဂုံမြို့သစ်တောင်ပိုင်း ဖြစ်သည်။ ဝန်ထမ်းအများစုနေသည့်ဒေသမို့ အလုပ်ဆင်းလျှင် သွားရေးလာရေး ခက်ခဲကြပ်တည်းလှသည်။ အလုပ်ဆင်းချိန်၌ ဘတ်စ်ကားများမှာ ကျပ်လှပေသည်။ ခရီးတာကလည်း ရှည်လှပေ၏။

အတာလှိုင်က ညည်းငြူသည်။

ညိုမောင်က စေတနာအပြည့်ဖြင့် သူ့အလုပ်သမလေးကို အပြန်တွင် တောင်ဒဂုံရောက်သည်ထိ လိုက်ပို့ဖြစ်လေသည်။

"ညည်း အေးအေးဆေးဆေး စာတွေရိုက်ပေါ့၊ ညရှနာရီလောက်မှ ပြန်၊ ဆရာကားနဲ့ လိုက်ပို့ပေးမယ်။ အလုပ်လည်းများများပြီး အပြန်ခရီးလည်း သက်သာသွားတာပေါ့"

ညိုမောင်က စေတနာဇလပွဖြင့် အကြံပေးလေသည်။

"သမီး ဆရာ့ကို အားနာလို့ပါဆရာ။ နေ့တိုင်းပြန်လိုက်ပို့ပေးနေရင် ဆရာ့ဆီကုန်မှာပေါ့။ ပြီးတော့ ဆရာ့အိမ်ကို အပြန်နောက်ကျမယ်လေ"

"ကိစ္စမရှိပါဘူးအတာရယ်၊ ဆရာက အလုပ်ကို အဓိကထားတာပါ။ အလုပ်ပြီးဖို့လိုရင်း မဟုတ်လား"

"ဒါဆို ညနေ ၅ နာရီကျော်မှရိုက်တဲ့ စာမူတွေအတွက် သမီးကို အပိုကြေးမပေးပါနဲ့တော့ဆရာ။ သမီး အားနာတယ်"


www.burmeseclassic.com

"ဒီလို ဘယ်ဟုတ်မလဲကွယ်၊ လုပ်အားခက ဆရာသတ်မှတ်ပေးထား ပြီးသားပဲ။ အိမ်လိုက်ပို့ပေးရလို့ဆိုပြီး အလုပ်သမားရဲ့ရပိုင်ခွင့်ကို ဆရာ မဖြတ်ချင်ပါဘူး"

"အားနာလိုက်တာ ဆရာရယ်၊ ဆရာက သိပ်သဘောကောင်းတာပဲ"

အိမ်လိုက်ပို့ပေးရင်းမှ အတာလှိုင့်မိခင်နှင့်ပါ ရင်းနှီးရသည်။ အတာလှိုင်၏ဘဝကိုလည်း သိလာရသည်။ တောင်ဒဂုံမှာ တိုက်ခန်းနှင့် နေသည် ဆိုပေမယ့် ကိုယ်ပိုင်တိုက်ခန်းမဟုတ်။ လင်မယားနှစ်ဦးထဲသာနေသည့် တိုက်ခန်းတွင် အခန်းတစ်ခန်းကို သားအမိနှစ်ယောက် ငှားနေရခြင်းဖြစ်သည်။ တိုက်ခန်းတစ်ခုထဲအတွင်းမှာ အိမ်ရှင်နှင့်အတူ ပူးနေရခြင်းဖြစ်သည်။ မိခင်မုဆိုးမကြီးက ယခင်က ရုံးတစ်ရုံးတွင် အထက်တန်းစာရေးအဆင့်အထိ အလုပ် လုပ်ဖူးသူ၊ အသက် ၆၀ မပြည့်သေးဘဲ နာမကျန်းပင်စင် ယူထားရသူဟု ဆိုသည်။ သားအမိနှစ်ယောက်၏ဘဝမှာ မဖူလုံသည့်အပြင် မလုံခြုံပါကလား။

အတာလှိုင်လေးဘဝသည် သနားစရာကောင်းလှချည့်။

"အတာလည်း စာရေးဝါသနာပါတယ်ဆရာ၊ အတာဝတ္ထုတွေ စမ်းရေးကြည့်နေတယ် သိလား"

"ဟင်. . . ဟုတ်လား။ ကောင်းတာပေါ့အတာ။ အတာ ရေးလေ၊ ဆရာ ထုတ်ပေးမယ်"

"အင်း . . . ဝတ္ထုရေးတာ လွယ်တယ်ထင်ရပေမယ့် တကယ်ချရေးတော့ မလွယ်ဘူးဆရာရဲ့။ စာတစ်ကြောင်းဖြစ်ဖို့တောင် အကြာကြီး စဉ်းစား နေရတာ"

"ကြိုးစားပေါ့အတာ၊ ကိုယ်က ဝတ္ထုတွေ နေ့တိုင်းရိုက်နေတာပဲ။ အဲဒီတွေထဲက နမူနာယူပေါ့"

"အတာ ကြိုးစားမယ်ဆရာ၊ ဝါသနာလည်းပါတယ်။ ပြီးတော့ ဘက်ဆဲလားစာရေးဆရာမလည်း သိပ်ဖြစ်ချင်တယ်။ အရင်ကွန်ပျူတာလုပ် ငန်းမှာတုန်းက အတာရိုက်ပေးရတဲ့ စာရေးဆရာမလေးတွေဆိုရင် စာမူခ သိန်းချီရတာတဲ့။ အတာသိပ်အားကျတာပဲ။ အတာမေမေ့ကို ကျေးဇူးဆပ်ချင်လို့ ပါဆရာ။ မေမေက အတာ့ကို မုဆိုးမဘဝနဲ့ ပညာတတ်အောင် သင်ပေးခဲ့တာ မဟုတ်လား။ ငွေတွေ အများကြီးရပြီး မေမေ့ကို ကောင်းကောင်း ထားချင်တယ်။ မသေခင် ကျေးဇူးဆပ်ချင်တယ်"

"အတာ့မှာ အမေကိုလုပ်ကျွေးချင်တဲ့ဆန္ဒရှိရင် တစ်နေ့ အောင်မြင်မှာပါ။ အတာကြိုးစားပြီး ရေးပါ။ အတာရေးပြီးရင် ဆရာ စာအုပ်ဖြစ်အောင် ထုတ်ပေးပါ့မယ်"

ညိုမောင်က အတာလှိုင်၏သနားစရာဘဝလေးကို စာနာကာ ကတိရဲရဲကြီး ပေးလိုက်လေ၏။

ညိုမောင့်အတွက် အတာလှိုင်၏ဘဝလေးမှာ သနားစရာကောင်းလှသလို အတာလှိုင်ဖက်က ကြည့်လျှင်လည်း ညိုမောင်၏ဘဝမှာ ကရုဏာ သက်စရာကောင်းလှပေသည်။

"အတာ့ကို ဒီလို နေ့တိုင်း အိမ်အပြန်လိုက်ပို့ပေးနေတော့ ဆရာ အိမ်ပြန်နောက်ကျမှာပေါ့။ ဆရာ့မိန်းမက မဆူဘူးလား။ မမေးဘူးလားဟင်"

အတာလှိုင်က မေးသည့်အခါ ညိုမောင်က ဝမ်းနည်းကြေကွဲဟန်ဖြင့် သက်ပြင်းကလေးချပြလိုက်လေသည်။

"ဆရာ့မိန်းမက ဆရာ့ကို ဂရုမစိုက်ပါဘူးကွယ်။ အိမ်ပြန်ရောက်ရင်တောင် ဆရာပြန်လာတာ အသိအမှတ်ပြုချင်မှပြုတာပါ"

"အို. . ဘာဖြစ်လို့လဲဆရာ"

"ဆရာတို့အိမ်ထောင်ရေးက မေတ္တာကို အခြေခံထားတာမှ မဟုတ်တာ။ တကယ်တော့ ဆရာက သူတို့ရဲ့အခိုင်းအစေသက်သက်ပါလေ"

"ရှင့်. . ဆရာ"

"ဆရာက ဘာဥစ္စာဓနမှ မရှိပါဘူး။ နယ်ကတက်လာတဲ့ လူငယ်တစ်ယောက်ပါ အတာ။ ဆရာ့မိန်းမက ဆရာ့ထက်အသက် အများကြီးကြီး တယ်"

"ဟုတ်လား ဆရာ"

"ဆယ်နှစ်ကျော်လောက်ကြီးတာပေါ့"

ညိုမောင်က ပိုပိုသာသာလေးပြောလိုက်သည်။

"ဟင့်. . တော်တော်ကွာတာပဲ"

"လူကလည်း ရောဂါသည်ပါ။ သူ့အဖေက ဆရာ့ကျေးဇူးရှင် ဖြစ်နေတယ်လေ။ မသေခင် သူ့သမီးနဲ့အိမ်ထောင်ချပေးလို့ ဆရာ မချင့်မချိန် သက်သဲ ကျေးဇူးတရားထောက်ထားပြီး ယူလိုက်ရတယ်။ အခု သူတို့လုပ်ငန်းတွေကို ဆရာကပဲ ဆက်ပြီးလုပ်ကိုင်ပေးနေတာပါ။ ဒါပေမဲ့ ဆရာ့မိန်းမက ဆရာ့ကို သူ့ရဲ့အခိုင်းအစေလိုပဲ ဆက်ဆံတယ်"


www.burmeseclassic.com

"ဖြစ်ရလေ ဆရာရယ်၊ ဆရာလုပ်ပေးနေလို့ လုပ်ငန်း ဒါလောက် အောင်မြင်နေတာပါ။ အရင်က ကဝိအမွန်စာပေတိုက်ဆိုတာ ဘယ်သူမှတောင် မသိပါဘူး"

"နေမဝင်လို့နာမည်ပြောင်းပြီး ပေါ်ပြူလာဖြစ်လာအောင် ဆရာ့ဘာသာ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ သူကတော့ အသိအမှတ်မပြုပါဘူး အတာရယ်။ ဒါတွေဟာ သူ့အဖေထားခဲ့တဲ့ လက်ငုတ်လက်ရင်းတွေ၊ ဆရာက အဆင်သင့် ဝင်လုပ်ရုံပဲလို့ သူက ထင်ထားတာ"

"ကိုယ့်လင်သားအပေါ်မှာတောင် ဒီလိုစိတ်မျိုးထားသေးတယ် နော်။ သူက လုသလားဟင် ဆရာ"

"အရင်ကတော့ လုချင်လုခဲ့မှာပေါ့၊ သူဌေးသမီးပဲ။ ခုတော့ သူ့မှာ ရောဂါနဲ့လေ။ ရောဂါမှ တီဘီရောဂါ၊ အခုတော့ ပိန်လို့၊ ပိန်တာမှ ဝါးခြမ်းပြားလောက်ရှိတော့အောင် ပိန်သွားတာ"

"အို့.. တီဘီရောဂါက ကြောက်စရာကောင်းတယ်နော် ဆရာ။ သနားပါတယ်၊ တီဘီက ကူးတတ်တယ် ဆရာ"

"ဟုတ်တယ်.. ဆရာတို့ အတူတူမနေပါဘူး။ လင်မယားအရာ မမြောက်တာတောင် နှစ်နဲ့ချီကြာပါပြီ"

"အို"

"ဆောရီးအတာ၊ ဆရာ့အကြောင်းရင်ဖွင့်မိတာနဲ့ မပြောသင့်တာတွေ ပါကုန်ပြီ။ အတာ စိတ်ညစ်သွားပြီလား"

"မညစ်ပါဘူးဆရာ၊ ဆရာ့ကို သနားတာပါ။ အတာက ဆရာ့ကို အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ယောက်ဆိုတော့ အိမ်ထောင်ရေးလည်း သာသာယာယာ၊ ပျော်ပျော်ရွှင်ရွှင်ရှိမယ်လို့ ထင်ထားမိတာ"

"မထင်ပါနဲ့အတာရယ်၊ ဆရာတို့မှာ သားသမီးလည်း မရှိဘူး။ မိန်းမကလည်း ရောဂါသည်၊ ဒီကြားထဲ အသက်ကလည်း ကွာသေးတယ်ဆိုတော့ အိမ်ထောင်ရေးသုခ ဆရာ့မှာ မရှိပါဘူး"

●

အတာလှိုင်က ညိုမောင့်ကို သနားခဲ့လေသည်။

ညိုမောင်ကလည်း အတာလှိုင့်ကို သနားရင်းစွဲရှိသည်။ သနားလို့ပင် လုပ်ခပို့ပေးရုံမက အလုပ်အပြန်မှာ အိမ်တိုင်ရာရောက် လိုက်ပို့ပေးခဲ့သည် မဟုတ်ပါလား။

အတာလှိုင်ကလည်း ညိုမောင်ခင်းပြသော သနားစရာဇာတ်လမ်းကို နားထောင်၍ ညိုမောင့်ကိုသနားသည်။

နှစ်ယောက်သား အသနားပြိုင်ပွဲကြီး ကျင်းပကြတော့သည်။ ဘယ်သူက ဘယ်သူ့ကို ပိုသနားနိုင်မလဲ။

တစ်ယောက်နှင့်တစ်ယောက် အသနားတွေပိုနေကြသူအချင်းချင်း ရင်ဖွင့်မိရာမှ ရင်ဘတ်ချင်း နီးစပ်သွားကြလေတော့သတည်း။

နောင်အခါ အတာလှိုင် ကြိုးစားရေးမည်ဆိုသည့်ဝတ္ထုတစ်ပုဒ်ထဲတွင် ညိုမောင်၏ သနားစရာဇာတ်ကြောင်းလေးသည် ပါဝင်ကောင်း ပါဝင်လာနိုင်ပါသည်။

လောလောဆယ်တော့ ဝတ္ထုထဲတွင် ထည့်၍ မရေးဖွဲ့ရသေးသော အပြင်မှဇာတ်ကောင်ကိုပင် အတာလှိုင်တစ်ယောက် အသနားပိုမိရလေပြီ။

ဆရာက သူမကို ဝါသနာတူ၊ လုပ်ငန်းတူအဖြစ် ချစ်မိပါပြီဟုဆိုသည့်အခါ သနားရင်းစွဲရှိသော သူမက အချစ်ကံခေသော အနိမ့်စံဆရာ့ဘဝကို ကယ်တင်ချင်စိတ်ပေါက်လာလေ၏။

ဆရာ၏ ညှိုးနွမ်းနေသော နှလုံးသားကို သူမ၏မေတ္တာရေစင်ဖြင့် ဖျန်းပက်လိုက်တော့မည်။ အချစ်သူရဲကောင်းမကြီးလုပ်ကာ ဆရာ့ဘဝကို လန်းဆန်းစေတော့မည်။ သူမနှစ်သက်သော၊ သူမ နမူနာယူကာ အတုခိုး ကြိုးစားနေသော စာရေးဆရာမများ၏ဝတ္ထုများထဲမှ အမျိုးသမီးဇာတ်ကောင်များသည်လည်း ဤသို့ပင်ဖြစ်သည်၊ ချစ်သူအတွက် ဘဝကိုစွန့်ကြသည်။ အချစ်ကို ကိုးကွယ်ကြသည်။ ကိုယ်ကြိုက်တဲ့ယောကျာ်းဟာ အိမ်ထောင်သည်ပဲဖြစ်နေနေ အချစ်အတွက် အရာရာကို ရင်ဆိုင်ရဲကြသည်။ လိုချင်တာကို ရအောင်ယူကြသည်။

အတာလှိုင်ဟာလည်း အချစ်အတွက် ဘာမဆိုရင်ဆိုင်ရဲတဲ့ အချစ်သူရဲကောင်းမလေးလေ။

အတာလှိုင် ပထမဆုံးရေးတဲ့လုံးချင်းဝတ္ထုဟာ ဆရာနဲ့ အတာတို့ရဲ့ အချစ်ကို ကလောင်စွမ်းရဲရဲဖြင့် ခြယ်မှုန်းထားသည့် ဂန္ထဝင်ဝတ္ထုတစ်ပုဒ် ဖြစ်လာပေလိမ့်မည်။

အချစ်သူရဲကောင်းမလေး အတာလှိုင်ကား ချစ်ကံခေသော ဆရာ့အတွက် အချစ်ကယ်တင်ရှင်မလေး ဖြစ်ခဲ့ပါလေပြီ။

●


www.burmeseclassic.com

စာပေလုပ်ငန်းနှင့်ပတ်သက်သည့် ညိုမောင်၏ လုပ်ရပ်များသည် စာဖတ်ပရိသတ်ကို လှည့်ဖျားသောလုပ်ရပ်များ၊ လိမ်လည်သောလုပ်ရပ်များဟု ဆိုနိုင်သည်။ အခြားသူရေးသောစာကို မိမိနာမည်တပ်၍ ထုတ်လုပ်ရောင်းချခြင်းသည် ပရိသတ်ကို လှည့်ဖျားရာကျရုံမက တကယ်ရေးသားသော စာရေးဆရာကိုလည်း စော်ကားမော်ကားပြုရာကျပါသည်။

သို့ရာတွင် အခြားသူတချို့လည်း ဤသို့လုပ်နေသည့်နည်းတူ ငွေမျက်နှာကိုကြည့်၍ စီးပွားဖြစ်အနေဖြင့် ညိုမောင် လုပ်ခဲ့ရသည်။

သို့သော် ညိုမောင့်တွင်လည်း စိတ်ကောင်းလေးရှိပါသေးသည်။ တစ်နည်းအားဖြင့် ညိုမောင်သည် သန့်စင်၍ စံတင်ထိုက်သော စာပေများကို ပရိသတ်အထင်ကြီးအောင် ထုတ်လုပ်ပြချင်ပါသေးသည်။ ထုတ်လုပ်သမျှ စာတွေဟာ အတုအယောင် အဖြီးအဖျန်းတွေချည်း ဖြစ်နေလျှင် စာပေတိုက် အနေနှင့်လည်း ကြာလျှင် သိက္ခာကျဆင်းမှာကို ညိုမောင် တွေးမိသည်။

စိတ်ကောင်းဝင်ချိန်တွင် ညိုမောင်က စာရေးဆရာ အစစ်အမှန်တစ်ဦးကို အောင်မြင်သည်ထိစင်တင်ပြီး မိမိတိုက်၏ ဂုဏ်သိက္ခာကို ထိန်းပြလိုစိတ် ပေါက်လာ၏။

ညိုမောင့်တိုက်တွင် အဝင်အထွက်ပြုနေသော စာရေးဆရာများစွာ ရှိပါသည်။ ညိုမောင်၏ ရုံဒိုးကလောင်ဖြစ်သော တက္ကသိုလ်လမင်းနောင် အမည်ဖြင့် ထုတ်ဝေမည့် တရုတ်သိုင်းဝတ္ထုများကို ရေးပေးနေသော စာရေးဆရာများ ဖြစ်သည်။ သူတို့သည် အမှန်တော့ စာပေဝါသနာပါ၍ စာရေးဆရာ ဖြစ်ရန် ကြိုးစားနေသူ၊ ကြိုးစားခဲ့သူများဖြစ်သည်။ စင်တင်ပေးမည့်သူမရှိ၍ ငုပ်နေသူများဖြစ်သည်။ တချို့က စာပေမာနကို အသာဘေးချိတ်ကာ စားဝတ်နေရေးအတွက် မိမိတတ်ကျွမ်းသော စာပေပညာဖြင့် ကိုယ်မယုံကြည်သော စာပေအမျိုးအစားများကို ရေးသားကာ အခြားသူအမည်ဖြင့် ထုတ်ဝေဖို့ ရောင်းစားရသည်။

ညိုမောင်၏ တက္ကသိုလ်လမင်းနောင်အမည်ဖြင့် တရုတ်သိုင်းဝတ္ထုတွေ ပုံမှန်ရေးပေးနေသည့် စာရေးဆရာ လေးငါးဦးရှိပါသည်။ သူတို့သည် သိုင်းဝတ္ထုများကို ဝါသနာပါ၍ရေးနေကြခြင်း မဟုတ်။ တချို့က အချစ်ဝတ္ထု ရေးလိုသူများ ဖြစ်ကာ၊ တချို့က လှို့ဝှက်သည်းဖို၊ ဂန္ထဝင်မြောက်သည့် မိမိဝါသနာ ပါသော ဝတ္ထုများရေးသားကာ ကိုယ့်ကလောင်နာမည်နှင့်ကိုယ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်လိုသူများ ဖြစ်ပါသည်။ မဖြစ်သာ၍ သိုင်းဝတ္ထုများ၊ ဖြစ်ညှစ်ရေးကာ စားဝတ်နေရေးအတွက် ကိုယ့်စာမူကို ရောင်းစားနေကြသူများ ဖြစ်သည်။

ကိုယ်မယုံကြည်သော၊ ကိုယ်ဝါသနာမပါသော သိုင်းဝတ္ထုများကို ခံစားချက်အတုအယောင်ဖြင့် ဖြစ်ညှစ်ရေးလိုက်သည့်တိုင် တက္ကသိုလ် လမင်းနောင် အမည်ဖြင့် ထိုဝတ္ထုများကို ထုတ်ဝေလိုက်တော့ အောင်မြင်ပေသည်။

သူတို့၏ကိုယ်ပိုင်နာမည်နှင့်များ ထုတ်ဝေခွင့်ရခဲ့ပါက သူတို့ဆီမှ ထူးခြားသောစာပေအဆီအနှစ်များ ထွက်လာနိုင်ပေ၏။ ကိုယ့်ကလောင်နာမည် နှင့် ထွက်ပေါ်လာမည့်စာအုပ်အတွက် ကြိုးစားရေးဖွဲ့ကြမည်မှာ သေချာပါသည်။

ဒါကိုတွေးမိသော ညိုမောင်က သူ့ကို ရုံဒိုးရေးပေးနေတဲ့ စာရေးဆရာတွေထဲက တစ်ယောက်ယောက်ကို ၎င်း၏ကိုယ်ပိုင်နာမည်နှင့် စင်တင် ထုတ်ဝေပေးဖို့ ဆုံးဖြတ်လိုက်တော့သည်။

ဘယ်သူ့ကို တင်ပေးသင့်တယ်ဆိုတာကတော့ အတာလှိုင်နှင့် တိုင်ပင်ပြီး ရွေးခဲ့ကြသည်။

သည်မှာ ကိုဝေမိုးကို စင်တင်ပေးဖို့ ဆုံးဖြတ်ခဲ့ကြ၏။ ကိုဝေမိုးနှင့်က လူပုဂ္ဂိုလ်ချင်းလည်း ရင်းနှီးနေကြသည်။ လူလည်း လူငယ်။ ပြီးတော့ ကိုဝေမိုးက **မောင်ဝေမိုး(ကေတုမတီ)** အမည်ဖြင့် လောလောဆယ်တွင် မဂ္ဂဇင်းများ၌ အချစ်ဝတ္ထုတိုလေးများ မကြာမကြာ ဖော်ပြခံနေရသူဖြစ်သည်။ မောင်ဝေမိုး(ကေတုမတီ) ကလောင်နာမည်က လူသိပြီးသား။

ညိုမောင်က သူ့အစီအစဉ်ကို ကိုဝေမိုးအားပြောပြတော့ ကိုဝေမိုးက ဝမ်းသာသည့်အပြင် ကျေးဇူးတင်သွားသည်။ လုံးချင်းဝတ္ထုကို သူ့ကလောင် နာမည်ရင်းဖြင့် ထုတ်ဝေပေးပါက စာမူခ မပေးချင်နေပါ။ အောင်မြင်မှသာ စာမူခယူပါမည်။ ကိုယ့်နာမည်နှင့် စာအုပ်ထွက်ခွင့်ရလျှင် ကျေနပ်ပါပြီဟု ဆိုလာသည်။

သို့ဖြင့် ပထမဆယ်အုပ်ကို စာမူခ မသတ်မှတ်ဘဲ ထုတ်ဝေပေးရန်၊ ဆယ်အုပ်ကျော်မှသာ ရောင်းရသည့်အုပ်ရေအလိုက် စာမူခသတ်မှတ်ရန် သဘောတူညီချက်ဖြင့် စာချုပ်ချုပ်ကာ မောင်ဝေမိုး(ကေတုမတီ)ကို နေမဝင်စာပေမှ စင်တင်ပေးဖို့ဖြစ်လာ၏။

ညိုမောင်သည် စိတ်သဘောထား သန့်ရှင်းစွာဖြင့်ပင် မောင်ဝေမိုးအား အောင်မြင်သည်ထိ လုပ်ပေးဖို့ ကြိုးစားခဲ့လေ၏။

●

www.burmeseclassic.com

ညိုမောင်နှင့်အတာလှိုင်တို့၏ အချစ်ဒီဂရီများကလည်း တက်သထက် တက်လာခဲ့လေသည်။

ညိုမောင်က မောင်ဝေမိုး အောင်မြင်ပြီးလျှင် အတာလှိုင့်စာအုပ်များကို ဆက်၍ထုတ်ဝေမည်ဟု ကတိပေးလေသည်။ အတာလှိုင့်ကိုလည်း ဝတ္ထုများရေးထားရန် တိုက်တွန်းခဲ့၏။

အတာလှိုင်ကလည်း အချစ်အသည်းကွဲအလွမ်းအဆွေးဝတ္ထုများကို ကြိုးစားရေးဖွဲ့ရှာပါသည်။ သို့သော် ဝတ္ထုဆိုသည်မှာ တကယ်တမ်း ရေးကြည့်တော့ မလွယ်ပါကလား။ ဝတ္ထုတစ်ပုဒ်ကို ဖတ်မိလျှင် ဝတ္ထုရေးရတာ မခက်ဘူးဟု ထင်ရသည်။ ခက်မခက်က ကိုယ်တိုင်ချရေးကြည့်မှ သိနိုင်လေ၏။ စာတစ်ကြောင်း ဖြောင့်ဖြောင့်ထွက်လာဖို့ပင် မလွယ်လှချေတကား။

အတာလှိုင်သည်လည်း သူများရေးပြီးသားဝတ္ထုများကို ကွန်မျူတာဖြင့် တဖျောင်းဖျောင်း မြန်ဆန်စွာရိုက်နိုင်၍ ရေးတော့လည်း အလွယ်တကူ ဖြစ်လာမည်ဟု ထင်ခဲ့သူပင်။ တကယ်ရေးကြည့်မှ *'စာလုံးရေးဖို့ ညီလေးလှိုင်၊ ရွှေဂဲ မရေးနိုင်၊ ဘေးမှိုင်ရှာပေါ့ ကြက်တူရွေး၊ ရွှေဂဲကြက်တူရွေး'* ဆိုတဲ့ ကဗျာထဲကလိုမျိုး သူများစာအံ၊ စာရွတ်သမျှ လိုက်ရွတ်ဆိုနိုင်သည့် ကြက်တူရွေးကလေးသည် စာရေးဖို့ကျတော့ မတတ်နိုင်ဘဲ လက်မှိုင်ချရသလိုမျိုး ကြုံရပေတော့၏။

ဒါကို ညိုမောင်က အတာလှိုင်ကလေး သူတစ်ပါးအိမ်မှာ ကျဉ်းကျဉ်းကျပ်ကျပ် မှီခိုငှားရမ်းနေရ၍ စာမရေးနိုင်ခြင်း ဖြစ်သည်ဟုပြောသည်။ အတာလှိုင် စိတ်အေးလက်အေး စာရေးနိုင်ဖို့ အတာလှိုင်တို့သားအမိနေရန် အိမ်ငှားပေးမည်ဟု ဆိုလေသည်။ အတာလှိုင့်အဖို့တော့ ရေစက်တုန်း ရေတွင်းထဲကျခြင်းပေတည်း။

မေမေ့ကို ဆရာသဘောကောင်းကြောင်း၊ ဆရာရက်ရောကြောင်းတွေ ပြောပြောပြရသည်မှာ အမော။ ဟော့.. ခုတော့ ဆရာက အတာ့ကို အိမ်တောင် ငှားပေးဦးမယ်တဲ့။ အတာ့ကို အောင်မြင်တဲ့ စာရေးဆရာမကြီး သိပ်ဖြစ်စေချင်တဲ့ ဆရာလေ။

မေမေ့ကိုပြောပြလိုက်တော့ မေမေကလည်း ဝမ်းသာသည်။ သည်လိုနှင့် အတာလှိုင်တို့သားအမိသည် တောင်ဒဂုံတိုက်ခန်းတွင် အိမ်ရှင်နှင့် တွဲနေရာမှ ကျောက်မြောင်းဘက်ရှိ တိုက်ခန်းကျယ်ကြီးသို့ ရောက်သွားလေ၏။ အိမ်ငှားခ သောင်းဂဏန်းကို ဆရာက စိုက်ပေးပါသည်။

အတာလှိုင်၏မိခင်ကြီးသည်လည်း သားအရွယ်လောက်ရှိသည့် ညိုမောင့်ကို သမီးခေါ်သလို 'ဆရာ'ဟုပင် ခေါ်ကာ လေးစားရိုကျိုးစွာဖြင့် ကျေးဇူးတွေတင်နေရှာလေသည်။

အတာလှိုင်ပြောပြ၍ ဆရာသည် သူ့ထက်အသက် အများကြီးကြီးသောမိန်းမကို မချစ်မနှစ်သက်ဘဲ ယူထားရကာ ထိုမိန်းမက ဆရာ့အပေါ် နိုင်ထက်စီးနင်းရှိကြောင်းများကို သိရသည့်အခါ ဆရာမောင်ညိုမောင်ကို ကရုဏာသက်ခဲ့ရပေ၏။

သမီးက အသနားပိုကာ၊ အမေက ကရုဏာမိုးစွေခဲ့သည့်အတွက် သူငှားပေးသောအိမ်သည် သူ့အတွက် နားခိုစရာ အေးရိပ်သာ ဖြစ်ခဲ့လေတော့သည်။

ကျေးဇူးရှင်ဆရာမောင်ညိုမောင် တံခါးမရှိ ဓားမရှိ ဝင်စေထွက်စေပေါ့။ တစ်ဆင့်တက်၍ သမီးဖြစ်သူက ဆရာနှင့်သံယောဇဉ်ငြိတွယ်နေပါပြီ ဆိုသည့်အခါတွင်လည်း အိမ်ထောင်ရေးကံဆိုးရှာသည့် ဆရာမောင်ညိုမောင်တစ်ယောက် သမီးနှင့်ကျမှ အချစ်စစ် အချစ်မှန်ကို တွေ့ရှာပြီဟု တွေးကာ ကရုဏာသက်ရပြန်သည်။

"ကျွန်တော် ဒီမိန်းမရဲ့ လောင်းရိပ်အောက်က လွတ်အောင် ကြိုးစားပါ့မယ် ဒေါ်ဒေါ်။ အတာလေးကို အိမ်တစ်ဆောင် မီးတပြောင် ထားနိုင်အောင် ကြိုးစားပါ့မယ်"

ထိုသို့ပြောသည့်အခါ အတာလှိုင့်မိခင် ဒေါ်ခင်ထားက ညိုမောင့်ကို ပစ်ကျသွားလေသည်။

"အို.. အခုပဲ ဆရာ့ထောက်ပံ့မှုတွေက ဒေါ်ဒေါ်တို့အပေါ်မှာ များလှပါပြီလေ။ ဒေါ်ဒေါ့်အနေနဲ့တော့ တစ်ဖက်သားကိုလည်း စိတ်မဆင်းရဲစေချင်ပါဘူးဆရာရယ်။ ဒါပေမဲ့ ဒေါ်ဒေါ့်မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ။ သမီး လိမ္မာလေးကို သူများကဲ့ရဲ့တာတော့ မခံစေချင်ဘူး။ ဒီတော့ တစ်ဖက်နဲ့လည်း ပြတ်ပြတ်သားသား ဖြစ်စေချင်တယ်လေ"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ အတာ့ကို ကျွန်တော် တင့်တောင်းတင့်တယ် လက်ထပ်ယူမှာပါ။ သူနဲ့လည်း ပြတ်အောင် ဖြတ်ပါ့မယ်။ ဒါပေမဲ့ စီးပွားရေးလုပ်ငန်းအားလုံးက သူ့နာမည်နဲ့ရှိနေတာမို့ အခြေအနေ ကြည့်နေရတာပါ"

"ဟင်"

"ဒါတွေပြတ်သားအောင် လုပ်ပြီးမှ"

"အင်း.. ဟုတ်တာပေါ့လေ၊ ဟုတ်တာပေါ့"

www.burmeseclassic.com

ဒေါ်ခင်ထား ပြာပြာသလဲ ထောက်ခံလိုက်သည်။ စီးပွားရေးလုပ်ငန်းတွေ အားလုံးကိုစွန့်လွှတ်ပြီး မောင်ညိုမောင် အိမ်ပေါ်တက်လာလို့တော့ မဖြစ်သေးပါ။ အတာလှိုင်အသနားပိုနေခြင်းနှင့် ဒေါ်ခင်ထား ကရုဏာမိုးစွေနေခြင်းတို့မှာ ထိုစီးပွားရေးလုပ်ငန်းများ နောက်ခံရှိနေ၍သာဖြစ်သည်။ အချစ်ကို ဦးစားပေးပြီး အိမ်ပေါ်ကို လူချည်းရောက်လာလို့ကတော့ သူမတို့ဖက်က အနုတ်လက္ခဏာ ဖြစ်သွားလိမ့်မည်။

သည်တော့လည်း မြွေမသေ တုတ်မကျိုး၊ ကြိုးရှည်ရှည်နဲ့ လှန်ထားဖို့ကို ဒေါ်ခင်ထားက သိပါသည်။

ညိုမောင်ကလည်း သိပါသည်။ ဒီသားအမိသည် သူ့ကို ဘယ်နည်းနှင့်မှ လက်လွှတ်ခံတော့မည်မဟုတ်။ ညိုမောင်ကလည်း မယားကြီးနှင့် အပြတ်ဖြစ်အောင် ဖြည်းဖြည်းချင်း ကြိုးစားမည်ဆိုကာ သူတို့ထက် ရှည်သောကြိုးနှင့် ပြန်လှန်ထားလိုက်သည်။

သည်ကြားထဲမှာတော့ လက်ရှိအခြေအနေအတိုင်းပေါ့။

သည်လိုနှင့် အတာလှိုင်တို့အိမ်သည် ညိုမောင့်အတွက် နားခိုရာသာမက စားအိမ်သောက်အိမ်ဖြစ်လာသည်။ နောက်ဆုံးမတော့ ညအိပ်ညနေ ကွန်းခို အပန်းဖြေသည့်ရိပ်သာတစ်ခု ဖြစ်လာခဲ့တော့သည်။

''သမီးရေ့… ညည်းဆရာကို ကိုယ့်ဖက်က ပိုင်အောင်သာ လုပ်ထားတစ်ခုတော့ ရှိတယ်။ ပတ်ဝန်းကျင်မှာ သိက္ခာမကျစေနဲ့၊ လက်မထပ်ခင် မှာလည်း ကိုယ်ဝန်တွေဘာတွေ ရှိမလာစေနဲ့ဦးနော်… သိလား''

မိခင်တစ်ဦး၏ စံနမူနာဖြစ်ဖွယ် ဆုံးမစကားပင် ဖြစ်လေတော့သည်။

''ဟုတ်ကဲ့ပါမေမေ၊ သမီးနားလည်ပါတယ်''

●

အတာလှိုင်သည် တကယ်ပင် နားလည်မှုရှိပါပေသည်။ သူမသည် စာပေတိုက်ပိုင်ရှင်၏ ဦးစားပေးခံရသူအဖြစ် ရောက်ရှိနေပြီဖြစ်ရာ မည်သို့ မည်ပုံ နေရထိုင်ရမည်ကို အတာလှိုင် ကောင်းကောင်းသိလေသည်။

အတာလှိုင်သည် စာစီစာရိုက်အဆင့်သာရှိသော ကွန်ပျူတာစာရေးမတစ်ယောက် မဟုတ်တော့ပေ။ စာပေတိုက်ပိုင်ရှင်၏ အထူးအရေးပေးခံ ရသော အရေးကြီးပုဂ္ဂိုလ် ဖြစ်နေပြီ။

လက်ရှိအခြေအနေကို အကျိုးရှိစွာ အတာလှိုင် အသုံးချတတ်ပေ၏။

အတာလှိုင်သည် ကွန်ပျူတာဖြင့် စာစီစာရိုက်သောအလုပ်ကို မလုပ်တော့ပါ။ စာရိုက်ရန် လူသစ်တစ်ယောက် ရှာခန့်လိုက်သည်။ ယောကျ်ား လေးတစ်ယောက်ကိုပင် ခန့်လိုက်သည်။ မိန်းကလေးကို ခန့်လိုမဖြစ်။ သရဲ့ဘေးတွင် မိန်းကလေးဆို၍ သူမတစ်ယောက်သာ ရှိရမည်။

အတာလှိုင်က မှုံးပိုင်းဆိုင်ရာကိစ္စများကို သူကိုယ်တိုင်သွားသည်။ စာအုပ်ဖိုးငွေစာရင်းရှင်းလင်းခြင်းများအထိ အတာလှိုင့်ခြေ အတာလှိုင့်လက် ဖြစ်လာသည်။ အတာလှိုင်သည် နေမင်းစာပေ၏ အရေးပါအရာရောက်သောသူတစ်ဦး ဖြစ်ခဲ့လေပြီ။

အတာလှိုင်သည် ဝတ္ထုရေးဖို့ ကြိုးစားရန်ပင် မေ့လျော့သွားခဲ့ပြီ။

နေမင်းစာပေမှစင်တင်ထားသော မောင်ဝေမိုး(ကေတုမတီ)၏ လုံးချင်း ဝတ္ထုများသည်ကား တစ်လတစ်အုပ် မှန်မှန်ထွက်လျက် ရှိလေသည်။

ညိုမောင်သည် မောင်ဝေမိုး၏စာအုပ်များကို ကြော်ငြာကစ၍ စာအုပ်မျက်နှာဖုံး၊ စက္ကူသားသန့်သန့်၊ အပြင်အဆင်ကောင်းကောင်းဖြင့် ထုတ်ဝေ ပေးလျက်ရှိသည်။ စာအုပ်များမှာ သိပ်မရောင်းရဘဲ အရှုံးပြလျက်ရှိသော်လည်း စာမူခမပေးရ၍ တော်သေးသည်။ ကလောင်သစ်တစ်ယောက်အတွက် စာအုပ်လေးငါးအုပ်နှင့် ပရိသတ်သတိထားမိဖို့ဆိုတာ ခဲယဉ်းပါသည်။

မောင်ဝေမိုးဝတ္ထုများကို ညိုမောင်လည်း ကြိုက်သည်။ အတာလှိုင်လည်း ကြိုက်သည်။ ဝတ္ထုကောင်းများမို့ တစ်နေ့တွင် အောင်မြင်ရမည်ဟု ယုံ ကြည်ထားသည်။ ပေါက်သွားလိမ့်မည်ဟု မျှော်လင့်ကြသည်။ စာပေနယ်၌ စာရေးဆရာတစ်ဦး ရောင်းအားကောင်းလျှင်၊ အောင်မြင်လျှင် 'ပေါက်သည်' ဟု သုံးနှုန်းကြပါသည်။

သို့သော် ပေါက်နိုး ပေါက်နိုးဖြင့် ထုတ်ဝေလာခဲ့ရာ စာမူခ မသတ်မှတ်သော စာအုပ်ဆယ်အုပ်သာ ပြည့်သွားသည် မောင်ဝေမိုးသည် ပေါက် မလာခဲ့ချေ။

အနုပညာနယ်ကား ဆန်းကြယ်လှသလို ကြောက်စရာ ကောင်းလှပေ၏။ စာပေသာမက ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ဂီတပဲဖြစ်ဖြစ် အနုပညာရှင် ဘယ်လောက်ပြည့်ပြည့်၊ ဘယ်လောက်ပဲတော်တော်၊ အောင်မြင်ချင်မှ အောင်မြင်မည်။ အောင်မြင်ခြင်းနှင့်ပညာ ပြည့်ဝခြင်းမှာ တခြားစီဖြစ်သည်။


www.burmeseclassic.com

မောင်ဝေမိုးသည်လည်း စန်းမကောင်း၍ပင်လား။ သူ့အတွက် ကံတရား အခြေအနေမပေးသော အချိန်အခါ မကျသေး၍ပဲလား မသိ။ ကောင်းပါ တော်ပါရက်ကယ်နဲ့ မအောင်မြင်ရှာပေ။

မောင်ဝေမိုးကတော့ စာအုပ်တွေရောင်းမကောင်းသေးရင် စာမူခ မပေးပါနဲ့၊ စာအုပ်သာဆက်ထွက်ပေးပါဟု သဘောကောင်းစွာ ခွင့်ပြုရှာသည်။

ညီမောင့်အဖို့တော့ ၁၃ အုပ်မြောက်ထုတ်ဝေပြီးချိန်တွင် ခြေကုန်လက်ပန်းကျကာ ဆက်လုပ်ချင်စိတ်မရှိတော့။ ရောင်းမကုန်၍ ကျန်သည့် စာအုပ်များက တိုက်ထဲတွင် ထားစရာနေရာပင်မရှိတော့ပေ။ နောက်ဆုံးတော့ သတ်မှတ်ဈေး၏ လေးပုံတစ်ပုံခန့်နှင့်ပင် အပေါင်းဈေး ချရောင်း ပစ်လိုက်ရသည်။

"ကိုဝေမိုးရေ့.. ခင်ဗျားအတွက် အချိန်မကျသေးလို့ပဲလားတော့ မသိဘူး။ ကျွန်တော်ကတော့ လုပ်တာပဲဗျာ။ ဘယ်နေရာမှ မရိုပါဘူး။ ဒါပေမဲ့ စာအုပ်တွေက အရောင်းမတက်ဘူးဗျ"

"ဟုတ်ကဲ့အစ်ကို၊ ကျွန်တော်လည်း သိပါတယ်"

မောင်ဝေမိုးလည်း မျက်နှာမကောင်းရှာပေ။

"အဲဒီတော့ ကိုဝေမိုးစာအုပ်တွေ ခဏနားထားလိုက်ဦးမယ်ဗျာ။ ဘယ်လိုမှတော့ စိတ်မရှိပါနဲ့"

"ဘယ်တတ်နိုင်မှာလဲ အစ်ကိုရယ်"

"စာအုပ်လောကတစ်ခုလုံး အရောင်းကျနေတာပါလေ။ ကိုဝေမိုး တစ်ယောက်တည်း မဟုတ်ပါဘူး။ အသစ်ဆိုတော့ တိုးဖို့ခက်တာပေါ့ စိတ်မပျက်ပါနဲ့"

"မပျက်ပါဘူးအစ်ကို၊ ကျွန်တော် စာဆက်ရေးမှာပါ။ ကျွန်တော် စာပဲရေးတတ်တာပါ။ အစ်ကို့တိုက်အတွက် စာအုပ်တွေ ဆက်ရေးပေးပါ့မယ် အစ်ကို"

●

မောင်ဝေမိုးပြောသော ဆက်ရေးမည်ဆိုသည့် စာအုပ်များမှာ ယခင်က ရေးခဲ့သည့် သိုင်းဝတ္ထုများကို ဆိုလိုပါသည်။

ကိုယ့်ကလောင်နာမည်နှင့် အချစ်ဝတ္ထုများ ထုတ်ဝေခွင့်ရပါလျက် မအောင်မြင်ခြင်းမှာ ကံအကြောင်းမလှ၍ ဖြစ်သည်။ တခြားစီးပွားရေးလည်း မလုပ်တတ်၊ စာကိုသာကိုးကွယ်ပြီး စာပေနယ်ထဲမှမထွက်ချင်သည့် မောင်ဝေမိုးတို့လို လူမျိုးအဖို့ ရှဲဒိုးကလောင်ဖြင့် ထမင်းစားရမည်ကိုလည်း ဝန်မလေးတော့ပါ။

အတာလှိုင်ကတော့ မောင်ဝေမိုးဝတ္ထုတွေ ကောင်းပါရက်နဲ့ ဘာလို့ မအောင်မြင်ရပါလိမ့်ဟု တွေးကာ မချင့်မရဲ ဖြစ်နေလေသည်။ မထုတ်ဝေဖြစ်လိုက်သော စာအုပ်များကိုပြန်ဖတ်၍ အဖြေရှာကြည့်၏။

ထိုအခါ မောင်ဝေမိုး၏ဝတ္ထုများသည် နာမည်ပေးပုံ ရိုးလို့ဟု သူမ အမြင်ဖြင့် အဖြေထွက်လာသည်။ ခုခေတ်၌ နာမည်ပေးရာတွင် ဝတ္ထုခေါင်းစဉ်ကိုလည်း သူများထက်ဆန်းမှ၊ ထူးမှ လူတွေက စိတ်ဝင်စားသည်။ 'သမုဒယရင်မှာနှောင်တွယ်'ဆိုတာမျိုးက ရှေးခေတ်ဝတ္ထုရေးဆရာတွေ မှည့်ခဲ့တဲ့ နာမည်မျိုး။ လူငယ်တွေ စိတ်မဝင်စားကြတော့။ ဇာတ်ကောင်နာမည်ကိုလည်း ဆန်းသထက်ဆန်း၊ ညွှန့်သထက်ညွှန့်နေအောင် ပေးတတ်မှ လူတွေက သဘောကျသည်။ **ဇာတ်ကောင်နာမည်သည် အပြင်လောကမှ ဘယ်လူသားမှ မမှည့်သော နာမည်မျိုးဖြစ်လျှင် ပို၍ကောင်းသည်။** စိတ်ကူးယဉ်ဝတ္ထုဆိုတော့ စိတ်ကူးယဉ်ဆန်လေ ကောင်းလေ မဟုတ်ပါလား။

သို့ဖြင့် အတာလှိုင်သည် မောင်ဝေမိုး၏ ၁၄ အုပ်မြောက်အဖြစ် ရိုက်နှိပ်ရန် ရည်ရွယ်ထားပြီးမှ မထွက်ဖြစ်တော့သော ဝတ္ထုတစ်ပုဒ်ကို သူ့စိတ်ကူးနှင့် သူ ပြင်ကြည့်တော့သည်။

ဇာတ်ကောင်နာမည်တွေကလည်း ရိုးလိုက်တာ။ မြင့်မြတ်မောင်နှင့် သက်ထားမွှေတဲ့။ ဒီလိုနာမည်မျိုးတွေကို ယခုခေတ် စာဖတ်နေသည့် ကလေးတွေက မကြိုက်ကြ။ အပြင်လောကမှာ ပေါပေါလောလော မှည့်နေကြသည့် နာမည်မျိုးတွေဖြစ်သည်။

အတာလှိုင်သည် မင်းသားနာမည်ကို **'တောင်တန်းပြာ'** ဟု လည်းကောင်း။ မင်းသမီးနာမည်ကို **'မြစ်ပြင်ကျယ်'**ဟုလည်းကောင်း ပြောင်းလိုက်သည်။ ထိုနာမည်မျိုးမှာ လတ်တလောထိပ်တန်းရောက်နေသော အမျိုးသမီး စာရေးဆရာမလေးတွေ မှည့်နေကျနာမည်မျိုးဖြစ်သည်။

ဝတ္ထုနာမည်ကိုပါ ပြင်ပစ်လိုက်၏။ ဇာတ်လမ်းက မနှစ်သက်ဘဲ ပေါင်းဖက်ခဲ့ရသည့် လင်ယောကျ်ား သေဆုံးသွားပြီးနောက် တစ်ခုလပ်ဘဝဖြင့် ကျန်ရစ်ခဲ့သော မိန်းမငယ်လေးတစ်ဦး၏ အချစ်ဇာတ်လမ်း။ မောင်ဝေမိုးက တစ်ခုလပ်ဘဝရောက်ခါမှ အချစ်စစ်နှင့်တွေ့ရပုံ၊ ချစ်သူကို မည်စ်္ကသို့စေလို၍ မိမိတစ်ခုလပ်ဘဝကို မအပ်နှင်းဘဲ ရှောင်ထွက်ပြေးသွားပုံများကို ရင်နင့်စဖွယ် စီကုံးရေးသားထားခြင်း ဖြစ်လေသည်။


www.burmeseclassic.com

ဝတ္ထုအမည်လေးကလည်း ဇာတ်လမ်းနှင့် လိုက်ဖက်လှပေ၏။ **'စမ်းရေကြောမှ ပန်းအကြွေ'** တဲ့။

ဒီနာမည်ကို အတာလှိုင်က မကြိုက်။ ရှေးဆန်သည်ဟု ထင်သည်။ ဝတ္ထုနာမည်တွေ့ရုံနှင့် မဖတ်ရမနေနိုင်အောင် စိတ်ဝင်စားကြမည့် ခေါင်းစဉ်မျိုး ပြောင်းပစ်လိုက်သည်။

အတာလှိုင် ပြောင်းလိုက်သည့်နာမည်က **'ကျွန်မအပျို မဟုတ်ပါဘူးရှင်'** တဲ့။ ဘယ်လောက်ကောင်းလိုက်တဲ့ နာမည်လေးလဲ၊ လူတိုင်းလည်း စိတ်ဝင်စားကြမည်။ ဖတ်လည်း ဖတ်ချင်ကြမည်။

မင်းသားနှင့်မင်းသမီးတွေ့ဆုံပုံသည်လည်း မောင်ဝေမိုး ရေးထားတာ ရိုးလွန်း၍ အတာလှိုင်က သူ့အကြိုက်ဇာတ်ကွက်တစ်ကွက် ပြင်ရေးကာ ပြောင်းပစ်လိုက်ပြန်သည်။

မောင်ဝေမိုး၏ဝတ္ထုကို ဇာတ်ကောင်နာမည်ပြင်၊ ဇာတ်လမ်းခေါင်းစဉ် ပြင်ပြီးသည့်အခါ အတာလှိုင်က ညိုမောင့်ကို ပေးဖတ်လိုက်၏။

"ဖတ်ကြည့်ပါဦး ဆရာ၊ ကိုဝေမိုးဝတ္ထုတွေ ကောင်းရဲ့သားနဲ့ လူမဖတ်ကြတာ ဘာကြောင့်ဆိုတာ သိသွားပြီ။ သူက နာမည်ပေးပုံမှိုးတာကိုး။ အတာ ပြင်ထားတဲ့အတိုင်း ထုတ်လိုက်ရင် လူမကြိုက်ဘူးလို့ ပြောနိုင်ပါဦးမလား ဆရာ"

ညိုမောင်ကလည်း အတာလှိုင် ပြင်ဆင်ရေးသားထားသော ဝတ္ထုကို ကြိုက်သည်။

ဒီလိုဖြင့် မောင်ဝေမိုး၏ဝတ္ထုကို အတာလှိုင် ပြင်ဆင်သည့်အတိုင်း အတာလှိုင့်အမည်ဖြင့် ထုတ်ဝေဖို့ အကြံရခဲ့တော့၏။

ကလောင်နာမည်အတွက် နှစ်ယောက်သား စဉ်းစားကြရာ နာမည်ပေါင်းများစွာထဲမှ **'တွယ်တာတီတီ'** ဆိုသောနာမည်ကို ရွေးချယ်ဖြစ်ကြလေသည်။

●

သည်လိုနှင့် မောင်ဝေမိုး၏ မထုတ်ဝေဖြစ်သောစာအုပ်တစ်အုပ်ကို စိတ်တိုင်းကျပြင်ဆင်ကာ တွယ်တာတီတီအမည်ဖြင့် ထုတ်ဝေခဲ့ရာ ထင်သည်ထက်ပင် များစွာအောင်မြင်ခဲ့လေသည်။

**တွယ်တာတီတီ** ကလောင်အမည်သည် တစ်အုပ်တည်းနှင့် ပေါက်သွားလေ၏။

ထိုအခါ မောင်ဝေမိုးရေးပြီးဖြစ်သောစာအုပ်များကို အတာလှိုင်က ဇာတ်ကောင်နာမည် ဆန်းဆန်းကြွယ်ကြွယ်များပေးခြင်း၊ ဝတ္ထုခေါင်းစဉ် ပြောင်းလဲပစ်ခြင်းများ ပြုလုပ်လေတော့၏။ မောင်ဝေမိုးကိုယ်တိုင် မအောင်မြင်ခဲ့သော်လည်း အတာလှိုင် ပြင်ဆင်ကာ တွယ်တာတီတီအမည်ဖြင့် ထုတ်ဝေသည့်အခါတွင်ကား အရောင်းရဆုံးတစ်ဆယ်ဆိုသော 'တော့ပ်တင်၊' စာရင်းသို့ ဝင်သွားလေတော့သည်။

မောင်ဝေမိုးသည်လည်း သိုင်းစာအုပ်များကို ဖြစ်ညှစ်ရေးဖို့ မလိုတော့ပါ။ သူဝါသနာပါသော အချစ်ဝတ္ထုများကိုသာဆက် လက်ရေးသားရတော့သည်။ သို့သော် ကိုယ်နာမည်ဖြင့် ထုတ်ဝေဖို့တော့ မဟုတ်ပါလေ။ တွယ်တာတီတီအတွက်သာ ဖြစ်သည်။

အတာလှိုင်က ဇာတ်ကောင်နာမည် ဆန်းဆန်းကြွယ်ကြွယ်များကို စဉ်းစားပေးသည်။ မောင်ဝေမိုးက အတာလှိုင် ရွေးပေးသော ဇာတ်ကောင်နာမည်များအတိုင်း ရေးရသည်။ ဝတ္ထုခေါင်းစဉ်ကိုလည်း မောင်ဝေမိုး ပေးစရာမလိုပါ။ ရေးပြီးဝတ္ထုကို ဖတ်ပြီး အတာလှိုင်က ဝတ္ထုနာမည်ကို သူကိုယ်တိုင် စဉ်းစားသည်။ ပေးသည်။

**'ဆတ်ကော့လတ်ကော့အချစ်' 'ရွှပိုးထိုးသောနှလုံးသား' 'ကျွန်မအသည်းလေး ဆတ်ဆတ်တုန်' 'ရင်နှစ်မှာကြားမှ အကြင်နာများ'** စသည့် ခေါင်းစဉ်များဖြင့် ထွက်လာသောဝတ္ထုများကို လူငယ်ပရိတ်သတ်များ စိတ်ဝင်စားကြပေသည်။

ကာယကံရှင် စာရေးဆရာမောင်ဝေမိုး ကိုယ်တိုင်ကတော့ ယခင် ရှုဒိုးဘဝဖြင့် သိုင်းဝတ္ထုများရေးခဲ့စဉ်က ကိုယ့်ကလောင်နာမည်နှင့်သာ အချစ်ဝတ္ထုများ ထုတ်လိုက်ရလျှင် ကျော်ကြားမည်၊ အောင်မြင်မည်ဟု ထင်ခဲ့သည်။ တကယ်တမ်း ထုတ်ခွင့်ရသည့်အခါ မအောင်မြင်ရှာတော့ ကိုယ့်ကံတရားကိုယ်ပင် ရိုးမယ်ဖွဲ့မိတော့သည်။ သူ့ဝတ္ထုတွေ မကောင်းလို့မဟုတ်တာတော့ သေချာသည်။ တွယ်တာတီတီနာမည်နဲ့ထုတ်တော့ အောင်မြင်နေသည်။ လူကြိုက်များနေသည် မဟုတ်ပါလား။ မိမိမအောင်မြင်ခြင်းမှာ ကံဆိုးလွန်း၍သာ ဖြစ်တော့သည်။

မောင်ဝေမိုးသည် စိတ်ကိုလျှော့ချလိုက်၏။ စိတ်ဓာတ်တွေလည်း အလိုလို ကျသွားသည်။

ယခု မောင်ဝေမိုး စာအုပ်ရေးခ ယခင်ကထက် ပိုရပါသည်။ ညိုမောင်က ပိုပေးပါသည်။ တစ်အုပ်ကို သုံးလေးသောင်းရနေသည်။ သို့သော် သူရေးပေးသည့်စာအုပ်ကို တွယ်တာတီတီ အမည်ဖြင့် ထုတ်ဝေလိုက်သည့်အခါ ညိုမောင်တို့ရသော အကျိုးအမြတ်က သိန်းဆယ်ဂဏန်းဖြစ်နေသည်။ ဒါတွေကို မောင်ဝေမိုး မြင်နေသိနေရပါသည်။ သို့သော် မောင်ဝေမိုးအဖြစ်က ကိုယ်ရေးပေးတဲ့ စာမှအောင်မြင်လို့ဆိုပြီး မဖော်ကြွားနိုင်တဲ့ဘဝ။ ဂုဏ်မယူနိုင်တဲ့ဘဝ။

www.burmeseclassic.com

ကိုယ့်ဘဝကိုယ် မကျေနပ်ရာမှ မောင်ဝေမိုး အရက်ပိုသောက်လာသည်။ နဂိုကပင် စာရေးဆရာဖြစ်သည့် အားလျော်စွာ အရက်ကလေး သောက်တတ်နေရာမှ အောင်မြင်မှုမရ၊ ရဲ့ဒိုးကလောင်အဖြစ်မှ ရုန်းမထွက်နိုင်တဲ့ ကိုယ့်အဖြစ်နှင့် ကိုယ့်ဦးနှောက်ကို သိသိကြီးနှင့် ဖောက်အစားခံနေရသည့်အဖြစ်များကို ကြိတ်မနိုင်ခဲမရဖြစ်ကာ အရက်ပိုသောက်ရင်းမှ အရက်သမားလုံးလုံး အရက်ကျေးကျွန်ကြီး ဖြစ်ခဲ့ရလေတော့သည်။

●

ညိုမောင်၏ အလုပ်ခွင်မှအပြောင်းအလဲများကို မမြကလေး မသိခဲ့ချေ။

မမြကလေး၏ရောဂါအခြေအနေမှာလည်း တစ်စတစ်စ ဆိုးဝါးလာခဲ့လေပြီ။

မမြကလေး ပိုပိန်လာသည်။

လှုပ်ရှားမှု သိပ်မလုပ်နိုင်တော့။

အသိသာဆုံး အပြောင်းအလဲမှာ ဆံပင်များပင် ဖြစ်လေသည်။

မမြကလေး၏ဆံပင်များမှာ ပါးလျားလာသည်။ အရှည်ကလည်း တင်ပါးဖုံးရုံသာ ရှိတော့သည်။ ခြေမျက်စိအထိ ရှည်လျားခဲ့သောဆံပင်များနှင့် နှိုင်းစာလျှင် တစ်ဝက်မျှ လျော့နည်းသွားခြင်း ဖြစ်လေသည်။

ညိုမောင်၏ အပြောင်းအလဲများကို မမြကလေး မစုံစမ်းခဲ့၊ စိတ်မဝင်စားခဲ့သော်လည်း သတင်းပေးပို့သူကမူ ရှိခဲ့လေ၏။ အခြားသူမဟုတ်။ ဦးဘမြစ် လက်ထက်ကတည်းက စာပြင်ဆရာ လုပ်လာခဲ့သော အဘိုးကြီး ဦးသိန်းလူ ဖြစ်သည်။

မမြကလေးတို့မှာ အလုပ်သမားများအပေါ် အဆင့်အတန်းမခွဲတဲ စေတနာထားဆက်ဆံခဲ့သူများ ဖြစ်ခြင်းကြောင့် အရေးအကြောင်းရှိလာသည့်အခါ စေတနာရောင်ပြန်ဟပ်ခြင်းပင် ဖြစ်ပါသည်။

မေသဇင်နဲ့ကိစ္စတုန်းကလည်း မမြကလေးကို အလုပ်သမားဟောင်း ကိုမြဆောင်က သတင်းလာပို့ခဲ့ဖူးသည်။ ဦးသိန်းလူကလည်း ဦးဘမြစ်နှင့် မမြကလေးတို့ ကောင်းခဲ့ဖူးသည့် အချက်များကိုထောက်ထားကာ အလုပ်ရှင်အား လာ၍ပြောပြခဲ့ခြင်း ဖြစ်လေသည်။

သည်တစ်ခါတော့ မမြကလေး မအံ့သြတော့။ ညိုမောင် ခြေလှမ်းပျက်သည့်ကိစ္စအတွက် မအံ့သြတော့ပါ။ တုန်လည်း မတုန်လှုပ်တော့ပါ။

မမြကလေး အံ့သြမိတာတစ်ချက်ပဲရှိသည်။

စာရေးဆရာတက္ကသိုလ်လမင်းနောင်ဆိုတာ ညိုမောင်ရဲ့ ကလောင်နာမည်ဖြစ်နေတယ်ဆိုတဲ့ အချက်ရယ်၊ ညိုမောင်နှင့် ယခုငြိစွန်းနေတဲ့ ကောင်မလေးဟာလည်း တွယ်တာတီတီဆိုသော နာမည်ကျော်စာရေး ဆရာမလေး ဖြစ်နေတယ်ဆိုတာရယ်။

မမြကလေး အော်ဟစ်ပြီး ရယ်ပစ်လိုက်ချင်သည်။ လောကကြီး ဘာဖြစ်သွားပြီလဲ။

လောကကြီးကပဲ တစ်ဖက်စောင်းနင်း ဆန်သွားပြီလား။ မဟုတ်မမှန် လိမ်လည်လှည့်ဖျား လူပေါ်လူညွှန့်ခူးစားသူများကို ကောင်းစားခွင့် ပေးထားသည့် တရားပျက်သောလောကကြီး ဖြစ်နေပြီလော။

မဖြစ်နိုင်ပါ။ မကောင်းသူတို့ကောင်းစားခြင်းမှာ တဒင်္ဂသာဖြစ်ပါလိမ့်မည်။ တစ်ခဏသာ ဖြစ်ပါလိမ့်မည်။

တကယ်လည်း တဒင်္ဂ တစ်ခဏသာ ဖြစ်စေရမည်။

လောကပါလတရားက မစီရင်လျှင် သက်ဆိုင်သူများက စီရင်ရပေလိမ့်မည်။ ကံတရားက ဒဏ်မခတ်လျှင် သူမက ဒဏ်ခတ်ရလိမ့်မည်။

ညိုမောင့်လုပ်ရပ်များကြောင့် ဖခင်ကြီး အသက်မသေခင် စိတ်ဆင်းရဲခဲ့ရသည်။ သူမဘဝကိုလည်း ဖျက်ဆီးချေမွခဲ့သည်။ ဆက်လက်၍လည်း စိတ်ဆင်းရဲအောင် ပြုမူနေဆဲဖြစ်သည်။ ဒီလိုလူမျိုးဟာ ဒဏ်ခတ်ခံသင့်တဲ့ လူမျိုးပဲ မဟုတ်လား။

မမြကလေးက စိတ်မချမ်းမြေ့စွာဖြင့် သူမ၏ပါးလျားနေပြီဖြစ်သော ဆံပင်ကလေးများကို ပွတ်သတ်ကိုင်တွယ်ကြည့်ရင်းမှ တွေးနေသည်။

ညိုမောင်လိုလူစားကို သတိသံဝေဂရအောင်၊ နောင်တရအောင် မည်သို့တုန့်ပြန်သင့်သလဲ။

မမြကလေးက အတွေးနက်နက်ဖြင့် စဉ်းစားနေမိလေသည်။

●

တစ်နေ့သ၌ ညိုမောင်သည် ထုံးစံအတိုင်း အလုပ်အသိမ်းတွင် အတာလျှိုင့်ကို အိမ်ပြန်လိုက်ပို့ပေးခဲ့သည်။ ညိုမောင်သည် ညစာစား သောက်ပြီးမှသာ အတာလျှိုင်တို့အခန်းမှ ပြန်လေ့ရှိပေ၏။ ကိုယ့်အိမ်မှာကိုယ် မစားဖြစ်တာပင် ကြာပြီ။

ထိုနေ့ကလည်း ညိုမောင်သည် ထမင်းစားသောက်ပြီးမှ ပြန်ရန် အေးအေးဆေးဆေးပင် တိုက်ခန်းပေါ်တက်လာခဲ့၏။



www.burmeseclassic.com

ညိုမောင်က အတာလှိုင့်ပခုံးကိုဖက်ရင်း ကြည်နူးရွှင်ပျစွာဖြင့် တက်လာခဲ့ကြရာ အခန်းဝတွင် တံခါးဖွင့်ရင်း အသင့်စောင့်ကြိုနေသော အတာလှိုင့်မိခင်ကို တွေ့ရလေသည်။

ဒေါ်ခင်ထားသည် သည်အချိန်မျိုးတွင် တီဗွီကြည့်နေကျဖြစ်၍ ညိုမောင်တို့ ဘဲလ်တီးမှသာ တံခါးကို ထဖွင့်ပေးမြဲဖြစ်၏။

ယနေ့တော့ ဒေါ်ခင်ထားသည် ညိုမောင်နှင့်အတာလှိုင် ပြန်အလာကို တိုက်ပေါ်မှမျှော်ကြည့်နေရာ ကားရောက်လာသည်ကို မြင်သည်နှင့် တံခါးကို အသင့်ဖွင့် ကြိုနေခြင်းဖြစ်ပါသည်။

ထူးခြားသော ဒေါ်ခင်ထားအပြုအမူကြောင့် ညိုမောင်ရော အတာလှိုင်ပါ စိတ်၌ ထင့်ခနဲဖြစ်သွားသည်။ ဒေါ်ခင်ထား၏မျက်နှာမှာ ဖျက်ပွင့်း၍လည်း နေသေးသည်။

"အထဲမှာ ဧည့်သည်ရောက်နေတယ်"

ဒေါ်ခင်ထားက ထိုမျှသာပြောကာ အတွင်းဖက်သို့ လှည့်ဝင်သွားသည်။

ညိုမောင်နှင့် အတာလှိုင် အခန်းထဲဝင်လိုက်သည်။

ဧည့်သည်ဆိုသူကို ကြည့်လိုက်သည့်အခါ ညိုမောင့်ရင်မှာ ထိတ်ခနဲခုန်ကာ ပြာသွားလေသည်။

မမြကလေးသည် ဧည့်ခန်းကုလားထိုင်တွင် ထိုင်လျက်ရှိ၏။

မမြကလေးကိုမမြင်ဖူးသော အတာလှိုင်က ဘာမှမသိသေး။

"မ... မမ... မြ"

ညိုမောင်က အံ့ဩထိတ်လန့်စွာ နှုတ်မှရွတ်ဆိုလိုက်၏။

"ဟုတ်ပါတယ် မောင်ညိုမောင်၊ မမြ မင်းဆီလိုက်လာခဲ့တာ"

ညိုမောင်က သက်ပြင်းကိုချကာ အတာလှိုင့်ဘက် လှည့်ကြည့်လိုက်သည်။

"ကျွန်တော် အလုပ်တိုက်မှာ ရှိနေတာပဲ"

"တမင် ဒီကိုလိုက်လာတာပါ၊ ထိုင်လေကွယ်"

မမြကလေးက သွေးအေးစွာပြောရင်း သူ့ကပင် ထိုင်ရန် ပြောလိုက်သည်။

ညိုမောင်က မမြကလေးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"တွယ်တာတီတီဆိုတာ ဒီကလေးမလေးလား။ မမြ သူနဲ့လည်း တွေ့ချင်လို့ လာလိုက်တာပါ မောင်ညိုမောင်"

အတာလှိုင် သဘောပေါက်လိုက်လေပြီ။

အတာလှိုင်က မိခင်ဖြစ်သူကို အားကိုးစွာကြည့်လိုက်၏။

ဒေါ်ခင်ထားက တီဗွီရှေ့တွင် ကြောင်တောင်တောင်ဖြင့် ရပ်နေသည်။

"ထိုင်ကြပါလေ၊ အစ်မကြီးလည်း ထိုင်ပါဦး။ ညီမလေးလည်း ထိုင်၊ ကျွန်မလာတာ ပြေပြေလည်လည် ဆွေးနွေးချင်လို့ လာခဲ့တာပါ။ အစ်မကြီး ထိုင်ပါဦး"

မမြကလေးက ဒေါ်ခင်ထားကိုပါ ထိုင်ရန်ဖိတ်ခေါ်လိုက်သည်။

ဒေါ်ခင်ထားက နံတွင်ဝင်ထိုင်လိုက်၏။ အတာလှိုင်သည် မိခင်ဘေးတွင် ကပ်ရက်ဝင်ထိုင်လိုက်လေသည်။

"အတာ... ဒါ ဆရာ့ရဲ့ဇနီး ဒေါ်မြကလေးပါ"

ညိုမောင်က မိတ်ဆက်ပေးလိုက်သည်။

"ဟုတ်... ဟုတ်ကဲ့ အန်တီ၊ တွေ့ရတာ ဝမ်းသာ... ဝမ်းသာ ပါတယ်"

အသံတုန်တုန်ဖြင့် ပြန်ပြောသည်။

မမြကလေးက သူမကို အန်တီဟုခေါ်လိုက်သော အတာလှိုင်၏ လည်ပတ်မှုကို သတိထားလိုက်မိသည်။ မမြကလေးဟာ သူ့ရဲ့အဒေါ်အရွယ်လောက် ရှိတယ်လို့ ဆိုလိုက်တာပေါ့လေ။

မမြကလေးက ပြုံးနေသည်။

"ကောင်းပြီလေ၊ တို့လည်း တွေ့ရတာဝမ်းသာပါတယ်။ အခုလာခဲ့တာ တခြား မဟုတ်ပါဘူး။ မောင်ညိုမောင့်ကို တောင်းပန်ချင်လို့ပါကွယ်"



www.burmeseclassic.com

''ဗျာ''

တောင်းပန်ချင်လို့ပါဆိုသည့်စကားက ညိုမောင့်ကို အံ့ဩသွားစေခဲ့သည်။ အပြစ်ရှိသူ လွန်ကျူးသူက သူမဟုတ်လား။ အပြစ်မဲ့သူက အပြစ်ကျူးသူကို တောင်းပန်မည်ဆိုတော့ မမမြစကားက အရွဲ့တိုက်စကားလေလား။

''ဟုတ်ပါတယ်၊ တောင်းပန်ချင်လို့ပါ။ မမမြ လောကမှာ နေရချိန် သိပ်မရှိတော့ပါဘူး မောင်ညိုမောင်။ ဒါကို မင်းသိပါတယ်''

''ဟာ့.. မမမြကလည်း''

''ရောဂါက ကျွမ်းနေပါပြီကွယ်။ မမမြ နောက်ဆုံးနေရမယ့်အချိန် ကလေးမှာ လိပ်ပြာလုံလုံနဲ့ သိက္ခာရှိရှိ နေသွားချင်လို့ပါကွယ်။ မသေခင်လေးမှာ လင်မယား ကွဲတယ်ကွာတယ်လို့ မမမြ မဖြစ်ချင်ဘူး''

''ဘာလို့ကွာရမှာလဲ၊ ကွဲရမှာလဲ မမမြ။ ကျွန်တော် မမမြကို ကွာဖို့ ရှင်းဖို့ မရည်ရွယ်ပါဘူး''

မမြကလေးက ရင်ထဲက ကြိတ်ပြုံးလိုက်သည်။ ညိုမောင့်ဆီက ဒီစကားပဲ ထွက်လာမယ်ဆိုတာ သူမမျှော်လင့်ပြီးသားလေ။

''ဟုတ်တာပေါ့၊ ကွဲလို့လည်း မဖြစ်ပါဘူး။ မမမြမရှိရင် လက်ရှိလုပ်ငန်းတွေ မောင်ညိုမောင်ပဲ ဆက်လုပ်ရမယ့်ဟာ''

မမြကလေးစကားက ညိုမောင့်ကို ဘဝင်မြွေ့သွားစေပြန်သည်။

အတာလှိုင့်ထံမှ သက်ပြင်းချသံ သိသိသာသာ ထွက်ပေါ်လာသည်။ ဒေါ်ခင်ထားကလည်း သမီးလက်ကို မသိမသာ ဆုပ်ညှစ်လိုက်သည်။

ဒေါ်ခင်ထားသည် မိခင်အနေဖြင့် တစ်ခုခုပြောသင့်ပြီ ဟုယူဆကာ ဝင်ပြောလိုက်သည်။

''ဒီလိုပါရှင်၊ ကျွန်မ သမီးနဲ့သရာနဲ့က ဆရာတပည့် သံယောဇဉ်တွယ်ရာက ငြိစွန်းမိကြတာပါ။ ဆရာ့မှာ အိမ်ထောင်ရှိကြောင်း သိပါတယ်။ ကျွန်မတို့ကလည်း တစ်ဖက်သားကို မစာနာတတ်တဲ့သူတွေ မဟုတ်ပါဘူး''

မမြကလေးက လက်ကာပြရင်း ဒေါ်ခင်ထားစကားကို တားလိုက်သည်။

''ဒါတွေ ကျွန်မနားလည်ပါတယ် အစ်မကြီး။ ထားပါတော့။ မောင်ညိုမောင်နဲ့ ကျွန်မဟာလည်း ပုဆိုးတန်းတင် အကြင်လင်မယားရယ်လို့ သိထားကြပေမယ့် ကန့်တော့ပါရဲ့ရှင်၊ လင်မယားအရာ မမြောက်တော့ပါဘူး။ ကျွန်မ ရောဂါအခြေအနေ၊ ကျွန်မအသက်အရွယ်တွေကြောင့် မောင်ညိုမောင်နဲ့ တွယ်တာတီတီတို့အပေါ် ကျွန်မအပြစ်မတင်ချင်တော့ပါဘူး အစ်မကြီး။ ကျွန်မ အခုလာတာ အပြစ်ပြောဖို့ အပြစ်တင်ဖို့ ပြေရှင်းဖို့တွေအတွက် မဟုတ်ပါဘူး။ ရှေ့ဆက်ရမယ့် ကိစ္စတွေအတွက် ညှိနှိုင်းချင်လို့ပါရှင်''

''ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့''

မမြကလေးက ပြေပြေလည်လည် ရှင်းပြနေသည့်အခါ ဒေါ်ခင်ထားက မမြကလေးကို စိတ်ထားပြည့်ဝသော အမျိုးသမီးတစ်ယောက်အဖြစ် စိတ်ထဲမှ ချီးကျူးလိုက်မိသည်။ အတာလှိုင်လည်း နေသာထိုင်သာ ရှိသွားလေသည်။

မမြကလေးက ညိုမောင့်ဘက်သို့ တစ်ဖန်ပြန်လှည့်ကာ ပြောလိုက်သည်။

''ဒီလိုပါ မောင်ညိုမောင်၊ မမမြဟာ မိန်းမသားတစ်ယောက်တည်း တစ်ကောင်ကြွက်ဆိုတာ မင်းအသိပါကွယ်။ မမမြမှာ အားကိုးစရာ မရှိပါဘူး။ ဒါလေးမိဆိုတာလည်း အဖော်ရရုံလောက်ပါ။ မသေခင်မှာ ပတ်ဝန်းကျင်ကဲ့ရဲ့ မခံရအောင် နေသွားချင်တယ်ကွယ်။ ပတ်ဝန်းကျင်အမြင်မှာ မမမြ သေသည်အထိ မောင်ညိုမောင်နဲ့မမမြတို့ ပေါင်းသင်းသွားကြတယ်လို့ မြင်စေချင်တယ်ကွယ်''

''ဟုတ့်.. ဟုတ်ကဲ့ မမမြ၊ ကျွန်တော် ဆင်ခြင်ပါ့မယ်''

''တွယ်တာတီတီနဲ့ အဆက်ဖြတ်ရမယ်လို့ မမမြ မဆိုလိုပါဘူးကွယ်။ မမမြ ပြောချင်တာက မမမြသေသည်အထိ လင်ယောကျ်ား တစ်ယောက်အနေနဲ့ အများအမြင်မှာ ရှိနေစေချင်တာပါ''

''ဗျာ''

''ဟုတ်ပါတယ်၊ ဒီတော့ တွယ်တာတီတီနဲ့ တရားဝင်ယူကြဖို့ ကြမယ်ဆိုရင်တောင် မမမြသေမှ လုပ်စေချင်တယ်ကွယ်''

ညိုမောင်က အတာလှိုင့်ကို လှည့်ကြည့်လိုက်သည်။ အတာလှိုင်က ခေါင်းငုံ့သွား၏။

''ခုတော့ ဒီအတိုင်းပဲ နေကြပါ၊ ရပါတယ်။ မမမြ နားလည်မှု ရှိပါတယ်။ မောင်ညိုမောင့်ဖက်က တစ်ခုပဲ မမမြကို လိုက်လျောပေးပါကွယ်''

''ဘာများလဲ မမမြ''

''အိမ်ကိုတော့ နေ့စဉ်ပြန်လာပါ။ အချိန်မှန်ပြန်လာပါ''

''ကျွန်တော် နေ့တိုင်းပြန်လာသားပဲ''



www.burmeseclassic.com

"ဒီလိုကွယ့် မောင်ညိုမောင်ရဲ့ အခုအကြောင်းတွေကို ဒေါ်လေးမိ မသိဘူး။ ဒီကိစ္စအတွက် ဒီကိုထွက်လာတာလည်း ဒေါ်လေးမိ မသိဘူး။ ဒေါ်လေးမိကိုတော့ မမမြကလည်း မသိစေချင်ဘူးကွယ်။ ဒီတော့ ဒေါ်လေးမိရော ပတ်ဝန်းကျင်ကပါ မင်းကို သံသယရှင်းဖို့လိုတယ်။ မမမြ ဖြစ်စေချင်တာက တွယ်တာတီတီနဲ့ လွတ်လွတ်လပ်လပ်နေချင်ရင်နေပါ။ အိမ်ကို နေ့စဉ်အချိန်မှန်ပြန်လာပြီး ထမင်းကိုလည်း အိမ်မှာပဲ စားစေချင်တယ်။ မမမြအတွက်လည်း လင်ယောကျ်ား မားမားမတ်မတ်ရှိပါတယ်ဆိုတာ ပတ်ဝန်းကျင်ကလည်း သိစေ။ ဒေါ်လေးမိလည်း သံသယကင်းအောင်ပေါ့။ ဒါပါပဲကွယ်။ အိမ်ကိုအချိန်မှန်ပြန်လာပြီး အိမ်က ထမင်းဟင်းကိုပဲ စားသောက်စေချင်တယ်ကွယ်။ မမမြ တောင်းပန်ချင်တာ အဲဒီလောက်ပါပဲလေ"

"မမမြရယ့်.. ကျွန်တော် နေနိုင်ပါတယ်။ တောင်းပန်စရာ မလိုပါဘူးဗျာ။ ကျွန်တော်ကသာ့.. ကျွန်တော်ကသာ မမမြကို တောင်း ပန်ရမှာပါ"

"ရှိပါစေတော့ မောင်ညိုမောင်။ မောင်ညိုမောင် အစားအသောက်ကို အိမ်ရောက်မှ စားတာမျိုး။ အချိန်မှန်ပြန်လာတာမျိုးလောက်နဲ့ လုံလောက်ပါပြီ။ ဒါဆို ဒေါ်လေးမိလည်း သံသယကင်းမှာပါ။ အစ်မကြီးနဲ့ ညီမလေးကိုလည်း ကျွန်မက တောင်းပန်ပါတယ်။ ကျွန်မ သေသည်ထိ သည်းခံပေးကြပါဦးလို့"

"အို"

မမြကလေးစကားကြောင့် အတော်လျှိုင် ခေါင်းငုံ့သွားပြန်သည်။

ဒေါ်ခင်ထားက ပါးစပ်ကြီးဟကာ ငေးကြည့်နေသည်။

"ကျွန်မတို့.. ကျွန်မတို့"

ဒေါ်ခင်ထားက တစ်ခုခုကို ပြေရာပြေကြောင်းပြောချင်၍ စကားကို စလိုက်သည်။ သို့သော် ဘာဆက်ပြောရမှန်းမသိဘဲ အတန်ကြာ ကြောင်နေသည်။

"ဟိုလေ.. ကျွန်မတို့ ဒေါ်မြကလေးကို နားလည်ပါတယ်။ ဒေါ်မြကလေးဖက်က ရန်မရှာဘဲ ခွင့်လွှတ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ရှင်။ စိတ်ချပါ ဒေါ်မြကလေး။ ဆရာကိုညိုမောင့်ကို အချိန်မှန် အိမ်ပြန်ဖို့ ကျွန်မက သတိပေးပေးပါ့မယ်ရှင်။ ကျွန်မတို့သားအမိကို နားလည်မှုပေးတဲ့အတွက် ဝမ်းသာပါတယ်"

ဒေါ်ခင်ထားက လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ တကယ်ပင် ကျေးဇူးတင်လှပါသည်။ မမြကလေးပြောသွားသည့် စကားများထဲ၌ သူသေလျှင် ညိုမောင်သာ လုပ်ငန်းအားလုံးပိုင်ဆိုင်ရမည်ဟုပါလေရာ ထိုပစ္စည်းများသည် ညိုမောင့်အတွက် ဖြစ်သလို အတော်လျှိုင်အတွက်ပင် ဖြစ်သည် မဟုတ်ပါလော။

သည်းခံရပေမည်။ စောင့်ဆိုင်းရပေမည်။

ကြည့်ရတာ မမြကလေး၏အခြေအနေကလည်း သိပ်မဟန်လှ။ ဒီမိန်းမ ကြာကြာခံမှာ မဟုတ်ပါဘူး။ မကြာခင် ကြွမှာပါ။ သူသေရင် သူတို့စည်းစိမ် ဥစ္စာအားလုံး ငါ့သမီးအတွက်ချည်းပေါ့။ ဒေါ်ခင်ထားက အားရပါးရ တွေးပစ်လိုက်သည်။

"မောင်ညိုမောင့်.. မမမြသေသည်အထိ မမမြပြောသလို သည်းခံပေးနိုင်မယ် မဟုတ်လားကွယ်"

မမြကလေးက ပြန်တော့မည့်ဟန်ဖြင့် ထိုင်ရာမှထမည့်ဟန်ပြင်ရင်း နောက်ဆုံးစကား မေးလိုက်သည်။

"စိတ်ချပါ မမမြ။ ကျွန်တော့်ကို နားလည်ပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်လုပ်ရပ်တွေအတွက် ကျွန်တော် တောင်းပန်ပါတယ်မမမြ။ မမမြ စိတ်တိုင်းကျ ဖြစ်စေရပါမယ်။ မမမြ အခု ပြန်တော့မှာ မဟုတ်လား။ ကျွန်တော် တစ်ခါတည်းလိုက်ခဲ့ပါ့မယ်"

ယနေ့ပွဲတွင် မမြကလေး အနိုင်ရလိုက်ပေပြီ။ မမြကလေး၏ သည်းခံခွင့်လွှတ်သော စကားများ။ အပြုအမူများကြောင့် အတော်လျှိုင်လည်း ဘာမှပင် မပြောသာတော့ဘဲ ညိုမောင် ပြန်လိုက်သွားသည်ကို ကြည်ကြည်ဖြူဖြူ ကြည့်နေလိုက်ရသည်။

မမြကလေး အနိုင်ရလိုက်ပါပြီ။ ဆက်ပြီးအနိုင်ရအောင်လည်း မမြကလေးက ကြိုးစားပါဦးမည်။


www.burmeseclassic.com

သည်လိုနှင့် ညိုမောင်သည် မမြကလေး အလိုကျနေထိုင်ခဲ့လေ၏။

ညနေတိုင်လျှင် အတာလှိုင့်ကို အမြန်ပြန်လိုက်ပို့ကာ အိမ်ပြန်လာသည်။ မမြကလေး စီမံချက်ပြုတ်ကျွေးသော ထမင်းဟင်းကိုစားသည်။

ညိုမောင် မနက်စာ၊ ညစာ အိမ်မှာစားသောက်ရုံနှင့်ပင် မမြကလေးက ကျေနပ်ပါလေပြီ။ ထမင်းစားသောက်ပြီးလျှင်တော့ နောက်တစ်ခေါက် အတာလှိုင့်ထံပြန်သွားပြီး ညအိပ်နေလျှင်လည်းနေပါ၊ မမြကလေးက ခွင့်ပြုသည်။ ခွင့်လွှတ်သည်။ မမြကလေးဆန္ဒက ညိုမောင့်ကို မနက်စာနှင့်ညစာ အိမ်မှာစားစေဖို့ပဲ ဖြစ်၏။

မမြကလေး၏အကြောင်းပြချက်က ဒေါ်လေးမိနှင့်တကွ ပတ်ဝန်းကျင်က ညိုမောင် ခြေလှမ်းပျက်တာတွေ မသိစေရန် ဖြစ်သည်။ တစ်ခါတစ်ရံ ညိုမောင် ပြန်မအိပ်တာကိုတော့ တိုက်မှာ အလုပ်များလို့ဟု မမြကလေးက ဒေါ်လေးမိကို ပြောပေးထားသည်။

ညိုမောင်အတွက်လည်း အပန်းမကြီး။ သူ့လုပ်ရပ်တွေကို မမြကလေး နားလည်ခွင့်လွှတ်ပေးထားတာနှင့်ပင် ကျေနပ်ပါပြီ။ မမြကလေးက ခွင့်မလွှတ်ဘဲ ရန်လိုမုန်းတီးကာ ကွဲမည် ကွာမည်ဆိုပါက ရှုပ်ထွေးစရာ အကုန်မရဘဲ စွန့်လွှတ်ရလိမ့်မည်။ ပတ်ဝန်းကျင်မှာလည်း လူမမာသည် မိန်းမကြီးကို စာနာထောက်ထားမှု မရှိသူအဖြစ် နာမည်ပျက်ရမည်။

မမြ အစီအစဉ်က သူ့အတွက်ရော၊ မမြအတွက်ရော အားလုံးအတွက်ပါ ကောင်းနေသည်မို့ ညိုမောင် နာခံဖို့ဝန်မလေးမိပါ။

ခုလို ရောဂါတိုးနေပုံမျိုးနှင့်ဆိုလျှင် မမြနေရလှ ၁ နှစ်၊ ၂ နှစ် ပေါ့။ တစ်နှစ် နှစ်နှစ်လောက် သူ့စိတ်တိုင်းကျ နေပြလိုက်ရုံနှင့် သူနှင့် အတာလှိုင်တို့ တစ်သက်တာ ပျော်စရာဘဝသစ်ကို တည်ဆောက်နိုင်တော့မည်။

ညိုမောင် သည်းခံနေပါမည်။

မမြကလေး သေတဲ့အထိ သည်အတိုင်း သည်းခံနေပါမည်။

●

"အန်တီမြ ချက်ကျွေးတဲ့ ထမင်းဟင်းတွေ စားနေတော့ အန်တီမြရောဂါတွေ ဆရာ့ကိုကူးမှာ စိုးမိတယ် ဆရာရယ်"

အတာလှိုင်က ပူပန်စွာ ပြောရှာသည်။

"မစိုးရိမ်ပါနဲ့အတာ၊ မမြက သူကိုယ်တိုင်ချက်ကျွေးတာ မဟုတ်ပါဘူး။ မီးဖိုချောင်ကိစ္စလည်း သူကိုယ်တိုင် မလုပ်နိုင်တော့ပါဘူး။ ဒေါ်မိ ချက်တာပါ။ အဲ့.. မမြက ဟင်းကိုတော့ သူ ကိုယ်တိုင်စီမံပေးတယ်။ ဒေါ်ကနေ ဘာလုပ်၊ ဘာလုပ်ဆိုတာ စီစဉ်ပေးရုံပါပဲ။ ဆရာ ကြိုက်တတ်တဲ့ ဟင်းချက်ပေးဖို့ စီစဉ်ပေးတာပါ"

"ဆရာက ဘာဟင်းကြိုက်တာလဲဟင်၊ ကြည့်စမ်း... အတာတောင် ဆရာ ဘာကြိုက်မှန်း သတိမထားမိဘူး"

"ဝက်ပုန်းရည်ပါ အတာ"

"ဝက်ပုန်းရည်"

"ဟုတ်တယ်၊ ဝက်သားကို ပုန်းရည်ကြီးနဲ့ချက်တာ"

"အန်တီမြက ဆရာ့ကို အမြဲတမ်း ဝက်ပုန်းရည်ချည်း ချက်ကျွေး နေတာလား"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ။ အဲ့.. မကြာခဏတော့ ဝက်ပုန်းရည် ချက်တယ်။ တစ်ပတ် နှစ်ခါသုံးခါလောက် ချက်တယ်။ ဒါလည်း ဆရာ ကြိုက်တတ်မှန်း သိလို့ပါ"

မမြကလေးသည် ညိုမောင် ထမင်းစားသည့်အခါတိုင်း အနားတွင် ထိုင်ကာ ကြည့်နေတတ်သည်။ ယခင်ကနှင့်မတူ ညိုမောင့်ကို ဂရုစိုက်လှသည်။ ဟင်းကုန်လျှင် သူမကိုယ်တိုင် ထည့်ပေးသည်။

သည်လိုဆိုတော့ ညိုမောင် မမြကလေးကို သနားမိပါသည်။

မမြကလေးသည် သူမ၏လည်ကုပ်အထိ တိုနေပြီဖြစ်သော ဆံပင်လေးများကို သပ်ကာ သပ်ကာ ညိုမောင့်ကို ထမင်းစားရာတွင် လိုလေသေး မရှိအောင် ဂရုစိုက်နေ၏။

မမြကလေး၏ဆံပင်များမှာ တဖြည်းဖြည်း ရိပ်ခနဲ ရိပ်ခနဲ တိုလာရာ ယခုအခါ လည်ကုပ်အထိသာ ရှိတော့သည်။ လွန်ခဲ့သော လေးငါး ခြောက်နှစ်ကပင် ခြေမျက်စိထိရှည်ခဲ့သောဆံပင်များ ဤမျှလောက်ကာလအတွင်း တို့ ပါး, ပျောက်ကွယ်သွားသည်မှာ အံ့ဩစရာပင် ကောင်းလှတော့၏။


www.burmeseclassic.com

လူသည်လည်း တဖြည်းဖြည်း ပိန်ချုံးလာရာ အရိုးပေါ် အရေတင်သာ ရှိပါတော့သည်။ ပါးရိုးများပေါ်နေကာ မျက်တွင်းများ ချွက်ဝင်နေပေပြီ။ သို့သော် မမြကလေး၏မျက်လုံးများကတော့ ညှိုးလျှော်မှိန်ဖျော့မသွားခဲ့။ ယခင်ကထက်ပင် တောက်ပလာသည်ဟု ထင်ရသည်။

"မောင်ညိုမောင့်.. ထည့်စားနော်။ ဝအောင်စား.. ဝက်သားကို မင်း သိပ်ကြိုက်တယ်ဆို။ ပုန်းရည်ကြီးနဲ့ ရောချက်ထားတဲ့ ဝက်သားဟင်းတွေ ကုန်အောင် စားလိုက်စမ်းပါကွယ်။ မမြကလည်း မစားနိုင်ဘူး။ ဒေါ်လေးမိကလည်း ဝက်သားမစားဘူးလေ"

မမြကလေးက ဝက်ပုန်းရည်ဟင်းများကို ဇွန်းနှင့်ကော်ခတ်ကာ ညိုမောင့် ပန်းကန်ထဲ ထည့်ပေးရင်းပြောလေသည်။

ညိုမောင် မမြကလေးကို လိုက်လျောရပေမည်။ မသေခင် မမြကလေး စိတ်ပြောင်းမသွားအောင် သူ့ကိုလိုက်လျောထားရမည်။

သိပ်မကြာပါဘူး။ ဒီပုံအတိုင်းဆို မမြကလေး လူ့ဘဝကို စွန့်လွှတ်ရတော့မှာပါ။

ခဏတစ်ဖြုတ် သည်းခံစောင့်ဆိုင်းလိုက်ရုံနှင့် မမြကလေး၏ စည်းစိမ်ဥစ္စာအားလုံးကို သူအပိုင်ရတော့မည်။ အတာလျှိုင်နဲ့ ပျော်စရာဘဝလေးကို ထူထောင်နိုင်တော့မည်။

●

သို့ရာတွင် ညိုမောင် မျှော်လင့်တောင့်တသောကာလကို အတော်နှင့် ရောက်မလာခဲ့ပါပေ။

ရောဂါသည်းကာ ပိန်ချုံးညှိုးနွမ်း၍ ရှိသမျှခံပင်တွေ ကျွတ်ထွက်ကုန်သည့်တိုင် မမြကလေးက အသက်ရှည်နေဆဲပင်။

တစ်နှစ်လောက်စောင့်ဆိုင်းရုံမျှဖြင့် မမြကလေး၏ဝဋ်က ကျွတ်လိမ့်မည်ထင်ခဲ့သော ညိုမောင်သည်းခံစိတ် တဖြည်းဖြည်း ပါးလျားလာရလေ၏။

ညိုမောင်သည် အတာလျှိုင်နှင့်အတူ အိမ်ထောင်နှင့်တူသော အိမ်ထောင်သည်ဘဝကို ထူထောင်ချင်လှပါပြီ။ အတာလျှိုင့်ကို ညိုမောင် တကယ်ချစ်သည်။ အတာလျှိုင်သည် မေသဇင်တို့၊ လှဆုံတို့နှင့် မတူပါ။ ငယ်ရွယ်၍ သွက်လက်ချက်ချာသော အတာလျှိုင်ကို ညိုမောင်ထားသည့် သဘော ထားသည် လှဆုံတို့၊ မေသဇင်တို့အပေါ် ရှုပ်ပွေရုံ အပျော်သက်သက်ထားခဲ့သော သဘောထားမျိုး မဟုတ်။

သူ့မှာ အသက်အရွယ်လည်း ရလာပြီ။ တကယ်ချစ်တဲ့မိန်းမနဲ့လည်း တွေ့ပြီ။ သားနှင့်သမီးနှင့် လွတ်လပ်စွာ အိမ်ထောင်တစ်ခုကို ထူထောင်ချင်လှပါပြီ။

ညိုမောင့် အနာဂတ်စိတ်ကူးသည် မမြကလေးကြောင့် နှောင့်နှေးနေရ၏။

မမြကလေးကို ဥပေက္ခာပြုလို့ကလည်း လုံးဝမဖြစ်သေးပါ။ တစ်နှစ် နှစ်နှစ်လောက် သည်းခံလိုက်ရုံနှင့် ဤဝဋ်က ကျွတ်မည်ထင်ထားခဲ့သော်လည်း သုံးနှစ်ကျော်သည်အထိပင် မမြကလေးက မသေနိုင်သေး။

ညိုမောင် သည်းမခံနိုင်တော့။

သေပါတော့၊ မြန်မြန်သေပါတော့။ ခင်ဗျားကြီး မြန်မြန် သေပါတော့ မမြကလေးရေ ...

ဆုတောင်းရုံအပြင် ဘာမှမတတ်နိုင်ပေ။

●


www.burmeseclassic.com

ညိုမောင် သည်းခံစောင့်ဆိုင်းခဲ့ရသောကာလကား တစ်နေ့တွင် ရောက်ရှိလာခဲ့လေသည်။

ဒေါ်မိက အလုပ်တိုက်သို့ဖုန်းဆက်ပြောသည်။

မမြကလေးအခြေအနေမကောင်း။ အမြန်ပြန်လာပါဟု ဖုန်းဆက် ခေါ်ခြင်းဖြစ်သည်။

ညိုမောင်သည် အမြန်ပင် အိမ်ကိုပြန်ခဲ့လေ၏။

မမြကလေးအား ခုတင်ပေါ်တွင် အသက်ငင်ရက်သား တွေ့လိုက်ရလေသည်။

"ဟင်.. ဒေါ်လေးမိ၊ ဆရာဝန် မခေါ်ဘူးလား"

"မြကလေးက မခေါ်တော့ဘူးတဲ့၊ သူ့အခြေအနေ သူသိတယ်တဲ့။ မင်းကိုသာ ခေါ်ခိုင်းလို့ ခေါ်လိုက်ရတာပဲ မောင်ညိုမောင်"

ညိုမောင်နှင့်ဒေါ်မိစကားပြောနေဆဲ မမြကလေးက ခုတင်ပေါ်မှ လက်ယပ်ကာ ညိုမောင့်ကိုလှမ်းခေါ်သည်။ ကြွလာသောလက်သည် ချက်ချင်းပင် ပြန်ကျသွား၏။

ညိုမောင်က မမြကလေးဆီ ပြေးသွားလိုက်သည်။

"မမြ.. မမြ၊ သတိထားပါမမြ။ နေသာရဲ့လားဟင်၊ ကျွန်တော် ဆရာဝန်ခေါ်လိုက်ရမလား"

ညိုမောင်က လောကဝတ်စကားပြောသည်။ သူ့ရင်ထဲမှာတော့ မမြကလေးအခြေအနေကို ကြည့်ကာ ပျော်နေမိသည်။ ဝဋ်ဒုက္ခထဲက သူကျွတ်ရတော့မည်။

မမြကလေးက ခေါင်းကိုညင်သာစွာ ယမ်းပြ၏။

"မင်းနဲ့ပဲ စကားပြောချင်တယ်"

"ဟုတ်ကဲ့ မမြ"

"ဒေါ်လေးမိကို အပြင်ကစောင့်ခိုင်းလိုက်"

"ဒေါ်လေးမို.. ကြားတယ်နော်။ မမြက ကျွန်တော့်ကို စကားပြောစရာရှိလို့တဲ့။ ဒေါ်လေးမိ အပြင်ခဏသွားနေပေးပါ"

"အေးပါကွယ်.. အေးပါ"

ဒေါ်မိ အပြင်ထွက်သွားသည်နှင့် ညိုမောင်က မမြကလေးကို လှည့်ကြည့်လိုက်သည်။

မမြကလေး၏ စူးရှတောက်ပြောင်သော မျက်လုံးများကို မြင်လိုက်ရသည့်အခါ ညိုမောင် လန့်သွားသည်။ သေခါနီးလူမျက်လုံးတွေကလည်း စူးရှလှချည်လား။

ညိုမောင်က မမြကလေးကို ပဓာနမှုအတွဲထူ၍ မွေ့လိုက်သည်။

"မမြ မင်းကို တောင်းပန်စရာရှိလို့ပါ"

"ဗျာ"

"မမြ မနေရတော့ဘူး။ မမြ မသေခင် ဝန်ခံခဲ့ချင်တယ်"

"ဘာများလဲ မမြရယ်"

"မမြ မင်းကို မုန်းခဲ့တယ်"

"ဗျာ"

"မင်းလုပ်ရပ်တွေကြောင့် မင်းကို မုန်းခဲ့တယ်"

"ကျွန်တော် တောင်းပန်.. "

"နေပါ၊ ငါပဲ ပြောမယ်။ ငါဟာ မင်းကိုမုန်းလွန်းလို့ ကြံမိကြံရာ လက်စားချေခဲ့မိတယ်ကွယ်"

"ဗျာ"

"ငါမှားပါတယ်၊ လုပ်တုန်းကတော့ မစဉ်းစားမိဘူး။ လုပ်ပြီးမှ ငါ နောင်တရတယ်။ ဒါပေမဲ့ လွန်သွားပြီ"

"ဘာတွေပြောနေတာလဲ မမြ"



www.burmeseclassic.com

"ငါလေ့.. ငါ့... ငါ့ရဲ့ဆံပင်တွေကို... "

မမြကလေးက ဆက်မပြောဘဲ အားယူနေသည်။

ဆံပင်ဆိုမှ မမြကလေး၏ဆံပင်များကို ကြည့်လိုက်ရာ သီလရှင်လူထွက်ကဲ့သို့ တိုနံ့နံ့လေးသာ ရှိပါတော့သည်။

"ငါ့ဆံပင်တွေကို.. မင်းကို ... "

"မမြ ဘာပြောချင်တာလဲဗျာ"

"တကယ်တော့ ငါ့ဆံပင်တွေဟာ ကျွတ်ကုန်တာ မဟုတ်ဘူး။ မင်းရဲ့ ခန္ဓာကိုယ်ထဲ ရောက်ကုန်တာ"

"ဟင်"

"ငါ လက်စားချေမိတယ်။ မင်းကိုချက်ကျွေးတဲ့ဟင်းထဲမှာ ငါ့ ဆံပင်တွေ ကိုက်ထည့်ခဲ့တယ်"

"မမြ"

"ငါ့ဆံပင်တွေဟာ ကျွတ်ကုန်တာ မဟုတ်ဘူး။ မင်း ဝမ်းထဲရောက်အောင် အစာထဲမှာ ကိုက်ညှပ်ထည့်လိုက်တာ"

"ဘာ ... ဘာ"

"တိုတိုလေးတွေလေ၊ မင်းဗိုက်ထဲ အစာအိမ်ထဲမှာ စူးနေအောင်လို့ပေါ့။ တိုတိုလေးတွေ၊ တိုတိုလေးတွေ၊ ကိုက်ညှပ်ပြီး မင်းစားတဲ့ ဟင်းထဲကို ညှပ်ထည့်ခဲ့တယ်"

"ခင်ဗျား.. ခင်ဗျား"

"ငါတောင်းပန်ပါတယ်၊ ငါမှားပါတယ်။ ဒါပေမဲ့ ပြင်လို့မရတော့ဘူးလေ။ ငါ့ရဲ့ဆံပင်တွေ၊ ဘယ်လောက်များတယ်၊ ဘယ်လောက်ရှည်တယ် ဆိုတာ မင်း သိပါတယ်။ အဲဒါတွေအားလုံးဟာ မင်းဗိုက်ထဲမှာ"

"ခင်ဗျား.. ခင်ဗျား၊ ယုတ်မာလှချည်လား"

"ဒါတွေကို ဒေါ်လေးမိ မသိဘူး။ ဒေါ်လေးမိ မသိအောင် ငါ တစ်ယောက်တည်း ကြိတ်လုပ်တာ၊ တောင်းပန်ပါတယ်ကွယ်။ စိတ်လိုက်မာန်ပါ လုပ်လိုက်မိတာပါ။ ခုဆိုရင် ငါ့ဆံပင်တွေဟာ မင်းရဲ့အစာအိမ်ထဲမှာ ဝမ်းထဲမှာ"

"တော်.. တော်တော့"

"ခွင့်လွှတ်ပါနော်၊ ငါ သေပြီး မကြာခင် မင်းလည်း ဆံပင်မွေးတွေကြောင့် ... "

"အမယ်လေးဗျာ၊ တော်... တော်... မကြားချင်ဘူး"

ညိုမောင်က ပွေ့ထားသော မမြကလေးကို လွှတ်ချလိုက်သည်။ မမြကလေး အရုပ်ကြိုးပြတ် ပုံကျသွား၏။

"အယုတ်တမာမကြီး... အယုတ်တမာမကြီး"

မမြကလေးက မလှုပ်မယှက်အသက်ထွက်ကာ မျက်လုံးတောက်တောက်ကြီးများဖြင့် သူ့ကိုပြူးကြည့်နေလေသည်။

ညိုမောင် ထိတ်လန့်စွာ ထရပ်လိုက်သည်။

ထိုစဉ်မှာပင် သူ့ရင်ထဲမှ စူးရှနာကျင်စွာ ထိုးအောင့်သွားလေသည်။

ညိုမောင် သူ့ရင်ပတ်သူ လက်နှင့်ဖိလိုက်သည်။

ညိုမောင့်အော်သံကြောင့် ဒေါ်မိအခန်းထဲ ဝင်လာ၏။

မြင်ကွင်းကိုအမြင်တွင် ဒေါ်မိ အော်ငိုလိုက်သည်။

"ဟင်.. မြကလေး၊ ဆုံးရှာပေါ့။ အမယ်လေး.. တူမကြီးရယ်"

"စုန်းမ.. စုန်းမကြီး၊ ငါ့ကို မသေခင် အပင်းသွင်းသွားတယ်။ အမယ်လေးဗျာ ... ကယ်ကြပါဦး"

ညိုမောင်သည် သွေးမွှေးသွေးတန်းအော်ဟစ်ရင်း အခန်းထဲမှ ပြေးထွက်သွားလေသည်။

●



www.burmeseclassic.com

# အငြေ့

သူ့မိန်းမကို သေစေချင်ခဲ့တာ ကြာပါပြီ။

သူ့မိန်းမသာ သေသွားခဲ့လျှင် သူ့လောက်ပျော်တဲ့သူ ကမ္ဘာပေါ်မှာ ရှိမည်မဟုတ်ဟု ညိုမောင်က ယုံကြည်မျှော်လင့်ခဲ့လေသည်။

သူသည် နေ့ရှိသရွေ့ သူ့ဇနီးမယားဖြစ်သူကို မြန်မြန်သေပါစေဟု ဆုတောင်းခဲ့ရသည်။

ယခုတော့ သူသေစေချင်သော သူ့မိန်းမ သေသွားခဲ့ပါပြီ။

သူ့ဆုတောင်းပြည့်ပြီဟုလည်း ဆိုနိုင်ပါသည်။

သို့သော် ... သူမျှော်မှန်းသလို ပျော်ရွှင်ခြင်းကိုတော့ သူမခံစားရ။

သူ့မိန်းမ မသေခင် ပြောသွားခဲ့သော စကားတစ်ခွန်းက သူ့ဘဝ တစ်ခုလုံးကို ရိုက်ချိုးချေမွပစ်လိုက်သကဲ့သို့ရှိသည်။

သူသည် အသက်ရှင်နေသမျှ ကာလပတ်လုံး နာကြည်းခံခက်စွာ၊ ဝမ်းနည်းယူကျုံးမရစွာ စိတ်ဝေဒနာ ခံစားနေရပေတော့မည်။

သူ့မိန်းမသည် သူ့ကို ထိရောက်စွာ လက်စားချေသွားခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

●

"ဒီမိန်းမ ငါ့ကို အပင်းထည့်သွားခဲ့တာ။ ကဝေမ.. စုန်းမ မိန်းမယုတ်"

ညိုမောင်က နာကျည်းခံပြင်းစွာ ရွတ်ဆိုလိုက်သည်။

ထိုစကားများကို သူ့မိန်းမသေပြီးနောက်ပိုင်းကတည်းက သူ တဖွဖွ ရွတ်ဆိုမိခဲ့သည်။

နောက်လည်း ဆက်၍ ရေရွတ်နေရဦးမည့်စကားများ ဖြစ်ပါသည်။

သူအသက်ရှင်နေသရွေ့၊ သူမ သေသေးသရွေ့ သတိရတိုင်း နာကြည်းစွာ၊ အခံရခက်စွာဖြင့် ရွတ်ဆိုမြည်တမ်းနေရမည့် စကားလုံးများပင် ဖြစ်တော့သည်။

ယခုဆိုလျှင် သူ့မိန်းမထည့်ခဲ့သောအပင်းသည် သူ့ခန္ဓာကိုယ်ထဲတွင် တစ်စတစ်စ ရင့်သန်ကြီးထွားလာကာ သူ့ကို ဝေဒနာတွေပေးနေပြီဟု သူခံစားရသည်။

"စုန်းမ.. ကဝေမ... ငါ့ကို အပင်းထည့်ခဲ့တဲ့ မိန်းမ၊ အသက်ရှင်လျက်သာ ရှိသေးရင်တော့ သူ့လည်ပင်းကို လိမ်ချိုးပြီး သတ်ပစ် လိုက်မယ်။ အပင်း ထည့်ထားမှန်းသာသိရင် သူကျွေးခဲ့တဲ့အစာတွေကို ငါ မစားပါဘူး၊ ငါ မစားပါဘူး။ ခုတော့.. ငါ့.. ငါ့.. သူ ထည့်ခဲ့တဲ့ အပင်းကြောင့် ..."

ညိုမောင်သည် သူ့လည်မျိုကို လက်ဖြင့် ဖိနှိပ်ရင်း အခံရခက်စွာ ရွတ်ဆိုလိုက်သည်။

သူ၏လည်မျိုတစ်လျှောက်သည် မခံမရပ်နိုင်အောင် ယားယံခြင်း ဝေဒနာကို ခံစားလာရသည်။ လည်မျိုမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းပိုင်းရှိ အူသိမ်အူမများ၊ အစာအိမ်နံရံများအထိ အခံရခက်အောင် ယားယံခြင်း ဝေဒနာက ပျံ့နှံ့သွားလေသည်။

အပင်းသည် သူ့ကို ဒုက္ခပေးနေလေပြီ။

ထိုဝေဒနာကြောင့်ပင် သူမကြာခင် သေရတော့မည်ဟု ညိုမောင်က ယုံကြည်နေသည်။

"တောက်.. စုန်းမ.. ကဝေမ.. ဒင်း ငရဲကျပါစေ။ လင်ယောကျ်ားကို မသေခင် အပင်းထည့်သွားတဲ့ မိန်းမယုတ်၊ ငရဲမှာ မကျွတ်တမ်း ခံရပါစေဗျာ"

ကွယ်လွန်သူ သူ့မိန်းမ၏မျက်နှာကို မြင်ယောင်ရင်း ကြိတ်မနိုင်ခဲမရ ရေရွတ်ကျိန်ဆဲလိုက်လေသည်။

●

www.burmeseclassic.com

"မဖြစ်နိုင်ပါဘူး ဆရာရယ်၊ အန်တီမြကြ သေခါနီး သွေးရူးသွေးတန်းနဲ့ ထင်ရာလျှောက်ပြောသွားတာ ဖြစ်မှာပါ"

အတာလှိုင်က ညိုမောင် စိတ်သက်သာရာရအောင် ချော့မော့ပြောသည်။

ညိုမောင်က လက်မခံ။

သူ့ရင်ထဲမှာလည်း ဆံပင်မွေးများ ထိုးထိုးထောင်ထောင်ဖြင့် စူးရှပွတ်တိုက်တာကို ခံနေရသလို ယားယံနာကျင်နေသည်။ အစာစားသည့်အခါမှာလည်း စားလိုက်သောအစာများက အစာအိမ်နံရံတွင်ထိုးစိုက်နေသော ဆံပင်မွေးတိုတိုလေးများကို ပွတ်တိုက်ဖြတ်ကျော်သွားသည့်သဖွယ် စူးရှယားယံသော ဝေဒနာကို ခံစားရသည်။

ယုတ်စွအဆုံး တံတွေးမြိုချရာမှာပင် လည်ချောင်းတစ်လျှောက် စူးရှသွားပုံမှာ ငါးအရိုးနင်နေသကဲ့သို့ ဖြစ်နေသည်။ မာကျောသော ငါးအရိုးကမှ ဆွဲနုတ်ပစ်၍ရနိုင်ဦးမည်။ ဆံပင်မွေးတိုတိုလေးများသည် ဝင်လာသောအစာနှင့် ရေများ၏ပွတ်တိုက်မှုကြောင့် ယိမ်းနွဲ့ရုံသာ။ ခန္ဓာကိုယ်အတွင်းပိုင်း တစ်လျှောက်လုံးကို ဒုက္ခပေးနေလေသည်။

အပ်ဖျားကလေးများနှင့် လိုက်၍ထွသည့်သဖွယ် အသိမ်အမွှားအနှံ့ကို စူးစူးရှရှပွတ်တိုက်လျက် ရှိနေပုံမျိုးဖြစ်သည်။ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ဖြစ်လာလေရာ ခုန်ပေါက်အော်ဟစ်ပစ်လိုက်ချင်သည်အထိ ဆိုးဝါးလာလေသည်။

အတာလှိုင်က ညိုမောင့်ကို ဆေးခန်းတစ်ခုသို့ခေါ်သွားကာ ဆရာဝန်နှင့်ပြသတိုင်ပင်စေသည်။

"မဖြစ်နိုင်ပါဘူး။ ဆံပင်လိုအရာမျိုး အစာအိမ်ထဲရောက်နေရင်လည်း အစာဟောင်းနဲ့အတူ ပါသွားမှာပါ။ အစာထဲမှာပါတဲ့ ဓာတ်တချို့က ချေဖျက်ပစ်လိုက်နိုင်တဲ့အတွက်လည်း ကြာကြာမရှိနိုင်ပါဘူး"

ဆရာဝန်က ရှင်းပြသည်။

ညိုမောင် လက်မခံနိုင်သေးပေ။

"ခင်ဗျား သံသယရှင်းသွားအောင် "ဓာတ်မှန်ရိုက်ကြည့်လေ"

ဓာတ်မှန်၏အဖြေတွင် ခန္ဓာကိုယ်တွင်း၌ ဆံပင်မွေးများ မတွေ့ရှိကြောင်း ထွက်လာလေသည်။

သို့သော် ညိုမောင်က လက်မခံ။

"ဓာတ်မှန်က ဆံပင်မွေးကို ထင်အောင် မပြနိုင်လို့ပါ အတာ၊ ကိုယ့်ဝေဒနာ ကိုယ်အသိဆုံးပေါ့"

ညိုမောင်ကား မည်သို့မှဖျောင်းဖြလို့ မရတော့ပေ။

ညိုမောင် အစားမမှန် အအိပ်မမှန်ဖြစ်လာသည်။ ရေပင်မသောက်ရဲတော့လောက်အောင် သူ့ရင်တွင်းမှ ခံစားချက်က ပို၍ပြင်းထန်လာလေသည်။ ပါးစပ်မှ အစာတစ်ခုဖြစ်စေ၊ အရည်တစ်ခုဖြစ်စေ ထည့်၍မြိုချလိုက်တိုင်း လည်ချောင်းဆီမှစကာ အူနံရံတစ်လျှောက် အစာအိမ်အတွင်း၊ ဗိုက်းထဲအထိ စူးရှယားယံနာကျင်သွားပုံမှာ အခံရခက်လှပေ၏။

ညိုမောင်သည် ကြာတော့ အစာမစားရဲ၊ ရေလည်းမသောက်ရဲ၊ ယုတ်စွအဆုံး ကိုယ့်တံတွေးကိုယ်ပင် မြိုမချရဲတော့ပေ။

အစာမစား ရေမသောက်နိုင်နေလာသည်မှာ ရက်ကြာလာသည့်အခါ ညိုမောင့်အသွင်သဏ္ဌာန်သည် ညှင်းသိုးသိုး ပိန်ကပ်ကပ်ဖြစ်လာသည်။ မျက်လုံးအကြည့်များသည်လည်း ရန်လိုသည့်အကြည့်များ ဖြစ်လာလေသည်။

စာအုပ်လုပ်ငန်းများကိုလည်း မလုပ်နိုင်တော့။ လူညှိမကြည့်ဘဲ ပစ်ထားသည့် အခြေအနေကို ရောက်လာသည်။

"ဒုက္ခပါပဲ ဆရာရယ်။ အန်တီမြက ဆရာ့စိတ်ကို ချောက်ချားအောင် သက်သက်မဲ့ ပြောသွားတာပါ ဆရာ။ ဆရာ ဒီလိုစိတ်ဓာတ်ကျနေလို့ မဖြစ်ဘူး။ အတာတို့မှာ လုပ်စရာအလုပ်တွေ အများကြီး ရှိသေးတယ်လေ။ အရေးကြီးတာက ဆရာနဲ့အတာ တရားဝင်လက်ထပ်ကြဖို့"

"ဘာကွ၊ ငါ့မှာ ဒါလောက်ဝေဒနာကြီး ခံစားနေရတာ။ ပျောက်အောင် ကုဖို့သတိ မင်းက စိတ်မဝင်စားဘူး။ မင်းတော်တော် လောဘတက်နေသလား။ တရားဝင်လက်မထပ်လည်း မင်းနဲ့ငါနဲ့ ညားနေတာပါပဲကွ"


www.burmeseclassic.com

“ဒါတော့ ဒါပေါ့ဆရာရယ်။ ဆရာပဲ သားသမီးတွေ စုစုဝေးဝေးနဲ့ နေချင်တယ်ဆို။ အတာတို့ ဒီလိုနေရဖို့အချိန်ကိုစောင့်ခဲ့ရတာ မဟုတ်လား။ အခု အချိန်ကျပါပြီ ဆရာ”

“ဘာ့.. မင်းက ကလေးမွေးချင်တာလား။ ကလေးမွေးအောင် လုပ်စေချင်တာလား”

“အို... ဆရာ”

အပင်းအပေါ်မှာသာ အာရုံရောက် စိတ်ဝေဒနာခံစားနေရသော ညိုမောင် စီးပွားရေးလုပ်ငန်းသာမက၊ အိမ်ထောင်မှုတာဝန်ကိုလည်း မကျေပွန်နိုင်တော့ပါ။ စိတ်မဝင်စားနိုင်တော့ပါ။ အတာလှိုင်က ကလေးယူဖို့ သတိပေးသည်ကို ညစ်ညမ်းသောစကားဖြင့် တုန့်ပြန်ရန်လိုပစ်လိုက်သည်။

“သွားကွာ.. သွား ... သွား.. ဒီမိန်းမ ထည့်ခဲ့တဲ့ အပင်းကို ဘယ်လိုပြန်ထုတ်ရမယ်ဆိုတာပဲ ငါစိတ်ဝင်စားတယ်။ အပင်း ထုတ်နိုင်တဲ့ ပယောဂဆရာနဲ့ အမြန်တွေ့မှဖြစ်မယ်။ ကြာရင် ငါသေရလိမ့် ယ်။ ငါစိတ်ဆင်းရဲ နေချိန်မှာ ငါ့ကို နားပူနားဆာမလုပ်နဲ့”

●

အတာလှိုင်သည် ဒေါ်မိနှင့် သွားတွေ့ဆွေးနွေးခဲ့လေသည်။

မမြကလေးပြောခဲ့သည့် ဆံပင်မွေးများ အစာထဲတွင် ကိုက်ထည့်ကျွေးခဲ့သည့်ကိစ္စကို ဖွင့်ပြော၍ မေးမြန်းခဲ့လေသည်။

ဒေါ်မိက ခေါင်းကိုသွက်လက်စွာ ယမ်းခါလိုက်သည်။

“မဖြစ်နိုင်ဘူး။ ငါ့တူမကြီးဟာ ဒီလောက် မယုတ်မာဘူး။ ဒီလို အောက်တန်းမကျဘူး။ မြကလေးဟာ တရားသမားအေ့၊ ညိုမောင်ကသာ”

“ဟုတ်ကဲ့ပါ ကြီးကြီးရယ်၊ အန်တီမမြကလေးက မသေခင် ပြောသွားတာတော့ အမှန်ပါ။ အန်တီမြစကားကြောင့် ဆရာလည်း မျှလုမတတ် ဖြစ်နေပါပြီ”

ဒေါ်မိက နှုတ်ခမ်းကို မဲ့လိုက်သည်။

“ရောဂါသည်းကတည်းက မြကလေး အချက်အပြုတ်မလုပ်ဘူး။ ငါပဲ လုပ်ရတာ။ ညိုမောင်စားတဲ့ ထမင်းဟင်း ငါပဲချက်တာ။ ဒီလို ကပ်သီး ကပ်သပ် အလုပ်မျိုး ငါလည်း စဉ်းတောင် မစဉ်းစားဖူးဘူး”

“အန်တီမြက သူ ဒီလိုလုပ်တာတွေ ကြီးကြီးမသိဘူးလို့ ပြောခဲ့သေးတယ်တဲ့”

“ငါမသိဘူးဆိုတာ သိပြီးသားဆိုရင် ဘာလို့လာမေးနေသေးသလဲ”

“အန်တီမြက ကြီးကြီးချက်ပြီးသား ဟင်းတွေထဲမှာ ကြီးကြီးမသိအောင် ဆံပင်တွေ ကိုက်ထည့်တာမျိုး ဖြစ်နိုင်မလားလို့ပါ”

“သူ့ရောဂါက သေးတာမှမဟုတ်တဲ၊ ရောဂါကြောင့် ဆံပင်တွေကျွတ်ကုန်တာပါ”

“ကျွန်မ စဉ်းစားမိတယ်လေ။ ကြီးကြီးတို့က ဝက်ပုန်းရည်ဟင်းကို အမြဲချက်ကျွေးတယ်ဆို၊ ဝက်ပုန်းရည်ဟင်းက အမဲရောင် မဟုတ်လား။ ဆံပင်မွေးတွေ ကိုက်ထည့်မယ်ဆိုရင် မသိနိုင်ဘူးလေ”

“ဒီမယ် မိန်းကလေး။ ညည်းပြန်ပါတော့အေ။ ငါတို့က ညိုမောင့်ကို အချိန်ဆွဲပြီး သေကြောင်းကြံခဲ့တယ်လို့ ညည်းကဆိုချင်တာပေါ့။ ဟော့ ... ဒီမယ်၊ ညည်း ဒီလိုထင်ရင် တရားရုံးကို ဒီအတိုင်း တိုင်ချက်သွားဖွင့်လိုက်၊ ငါရှင်းမယ်။ သေသွားတဲ့ ငါ့တူမ သူတော်ကောင်းကြီးသိက္ခာကို ငါ ကာကွယ်မယ်ဟဲ့။ ညည်းသာ အရှက်မရှိ ဒီထိလာပြီး ငါ့ကိုတွေ့ရဲတာ အံ့ပါ့အေ။ ကိုယ့်အနေအထားလည်း ကိုယ်သိဦးမှပေါ့။ ညည်း မရှက်ဘူးလား။ ငါ့တူမကို စော်ကားတဲ့စကားတွေ ဆက်မပြောပါနဲ့တော့။ ညည်းပြန်တော့”

●

www.burmeseclassic.com

မမြကလေးသည် တကယ်ပင် အစာထဲ၌ ဆံပင်မွေးများ ကိုက်ထည့် ကျွေးခဲ့လေသလား။

မဖြစ်နိုင်ဟု အတာလှိုင်က ထင်သည်။ ဓာတ်မှန်အဖြေများ၊ စုံစမ်းသိရှိရသည်များက မဖြစ်နိုင်ကြောင်းဖော်ပြနေသည်။

သို့ဆိုပါလျှင် မမြကလေးသည် ထိုအကြောင်းကို ဘာကြောင့် ပြောခဲ့ပါသနည်း။ အမှန်တကယ်လား။ လုပ်ကြံလီဆယ် ပြောသည်လား။ သေခါနီးလူ၏ ဝန်ခံစကားကို အမှန်ဟု မှတ်ယူတတ်ကြသည်။ မမြကလေး သည် တကယ်မလုပ်ဘဲ လီဆယ်၍ ပြောခဲ့သည်ဆိုလျှင် ဘာရည်ရွယ်ချက်နှင့်ပြောပါသနည်း။

ညိုမောင်ကတော့ မမြကလေး မသေခင်ပြောခဲ့သော စကားကြောင့် ရူးလုမတတ် ဖြစ်နေလေပြီ။ စိတ်ဝေဒနာကို ခံစားနေရလေပြီ။

သို့ဆိုလျှင် မမြကလေးသည် ညိုမောင် စွတ်စွဲသလို အပင်းထည့်ခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပါ၏။

**မမြကလေး ထည့်ခဲ့သော အပင်းကား သူမပြောဆိုခဲ့သလို အစာထဲတွင် ဆံပင်မွေးများ ကိုက်ညှပ်ထည့်ခဲ့သော အပင်း မဟုတ်။**

မမြကလေး ထည့်ခဲ့သောအပင်းသည် ညိုမောင်၏ခေါင်းထဲ၊ ဦးနှောက်ထဲသို့ထည့်ခဲ့သော အပင်းသာ ဖြစ်သည်။

***မမြကလေး ထည့်ခဲ့သော အပင်းသည် ဆံပင်လည်း မဟုတ်၊ အခြားအရာဝတ္ထုများလည်း မဟုတ်။ စကားလုံး များသာ ဖြစ်ပါသည်။***

မမြကလေးသည် လုပ်ကြံလီဆည်သော စကားများဖြင့် ညိုမောင့်ကို ကြောက်ရွံ့ထိတ်လန့်စေကာ ညိုမောင့် ဦးနှောက်ထဲသို့ အပင်းသွင်းခဲ့ခြင်းသာ ဖြစ်ပါလေမည်။

***ပညာသားပါပါဖြင့် လက်စားချေခဲ့ခြင်းသာ ဖြစ်ပါမည်။***

တွေးရင်း အတာလှိုင် တုန်လှုပ်လာသည်။

မမြကလေး ပညာသားပါပါဖြင့် ထည့်ခဲ့သောအပင်းကား ထိရောက်မှု ရှိလှပါပေ့။ ညိုမောင်သည် ရူးလုနီးပါးဖြစ်နေပြီ။

ညိုမောင်များ ရူးသွပ်သွားခဲ့လျှင် –

အတွေးဖြင့် အတာလှိုင် တုန်လှုပ်လာသည်။ လက်ရှိအခြေအနေတွင် ညိုမောင်နှင့်အတာလှိုင်တို့အနေအထားမှာ ဘာမှ လက်ဆုပ်လက်ကိုင် တရားဝင် မရှိသေး။ ခုနေများ ညိုမောင်တစ်ခုခုဖြစ်သွားလျှင် ညိုမောင့်ကိုသာမက ညိုမောင့် နောက်ကွယ်မှ စည်းစိမ်ဥစ္စာအားလုံးကို ဆုံးရှုံးလိုက်ရတော့မည်။ မမြကလေးကျန်ရစ်ခဲ့သောအမွေအနှစ် ဥစ္စာပစ္စည်းအားလုံးသည် အနီးဆုံး ဆွေမျိုးသားချင်းဖြစ်သည့် ဒေါ်မိလက်ထဲသို့ ရောက်သွားပေတော့မည်။

အတာလှိုင်က ဆုံးဖြတ်ချက်ချလိုက်၏။

ဘယ်လိုပဲ ဖြစ်နေပါစေ။ ဆရာ့ကိုချော့မော့ကာ လက်ထပ်စာချုပ်တွင် တရားဝင်လက်မှတ်ရေးထိုးထားတော့မည်။

အတာလှိုင်က ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်လေ၏။

သို့သော် ထိုနေ့မှစ၍ ဆရာကိုညိုမောင့်ကို ရှာမတွေ့တော့။

ညိုမောင်သည် အတာလှိုင့်အခန်းသို့လည်း ပြန်မလာ။ မမြကလေးနှင့်နေခဲ့သော အိမ်သို့လည်း ပြန်မလာ။ အလုပ်တိုက်ကိုလည်း မလာ။

ညိုမောင် စိတ်လေလွင့်ကာ ဘယ်ဆီကိုရောက်နေပြီလဲ။

အတာလှိုင်သည် ပူပင်သည်ထက် ပူပင်လာလေသည်။

●



www.burmeseclassic.com

တစ်နေ့သည် ရန်ကုန်မြို့လယ်ရှိ ဆံသဆိုင်တစ်ခုထဲသို့ ဆံပင်ဘုတ်သိုက်နှင့် ညှင်းသိုးသိုး လူတစ်ယောက်ဝင်လာလေ၏။

ထိုလူသည် ပါးရိုးနားရိုးများ ချောင်ကျကာ စိတ်သောကဝေဒနာကို ခံစားနေရဟန်ရှိသည်။

ထိုသူက ဆံပင်ညှပ် ဆုံလည်ကုလားထိုင်တစ်လုံးဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားကာ ဝင်ထိုင်လိုက်လေသည်။

ဆံသဆရာသည် ခုံတွင်ဝင်ထိုင်လိုက်သူကို အကဲခတ်ရင်း သူတာဝန်ကျသည့် ခုံသို့လျှောက်လာလိုက်သည်။ ဆံသဆရာပီသစွာပင် ဆံပင်ညှပ်မည့် သူ၏ မျက်နှာကျအနေအထား၊ နားထင်နားရင်းများကို အကဲခတ်လိုက်သည်။ မျက်နှာအနေအထားနှင့်လိုက်ဖက်သော ဆံပင်ပုံအတွက် စဉ်းစားနိုင်ရန် ဖြစ်လေသည်။

လက်ရှိအခြေအနေတွင်တော့ ဆံပင်အညှပ်ခံမည့်သူသည် ပါးရိုးနားရိုးများ ချောင်ကျနေကာ ရှည်သောဆံပင်များကြောင့် အရိပ်များပင် မျက်နှာပေါ်သို့ ထိုးကျနေလေသည်။

"ဘယ်လိုပုံညှပ်မှာလဲ"

"တိုတိုပေါ့"

ညိုမောင်က ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

ဆံသဆရာက ညိုမောင့်ကိုယ်အထက်ပိုင်းကို ဝတ်ရုံအဖြူစဖြင့် လွှမ်းခြုံလိုက်၏။

ဆံပင်ကို စတင်ညှပ်လေသည်။

ကပ်ကျေးဖြင့် ကိုက်ညှပ်ရာမှ ကျလာသော ဆံပင်အတိုအစလေးများသည် ဖွာရရာလွင့်ကျလာကာ ဝတ်ရုံအဖြူပေါ်၌ ထိုးစိုက်နေလေသည်။

ညိုမောင်သည် အောက်ငုံ့ကြည့်ရင်း ဝတ်ရုံဖြူပေါ်တွင် ထိုးစိုက်နေသည့် ဆံပင်တိုတိုလေးများကို မြင်လိုက်သည်။ မျက်နှာလွှဲလိုက်သည်။ ထိုအခါ ဘေး ပတ်ပတ်လည်ရှိမှန်များတွင် ထင်ပေါ်နေသော သူ၏ရုပ်သွင်ကို မြင်လိုက်ရလေသည်။

ဆံသဆရာက ကပ်ကျေးဖြင့် သွက်လက်စွာ ကိုက်ချလိုက်တိုင်း ဆံပင်မွေးလေးများသည် လွင့်ကျလာကာ ဝတ်ရုံဖြူပေါ်ထိုးစိုက်လျက် ရှိလေသည်။

**ငါ့ဗိုက်ထဲမှာလည်း ဟိုမိန်းမရဲ့ဆံပင်မွေးတွေဟာ ဒီလိုပဲ ထိုးစိုက်နေမှာပဲ** ညိုမောင်က တွေးမိသည်။ တွေးရင်း ကြက်သီးထသွားလေသည်။

ဆံသဆရာသည် ညိုမောင်၏ ဂနာမငြိမ်သောမျက်လုံးများကို သတိထားမိလိုက်၏။

ထိုစဉ် သန့်ရှင်းရေးလုပ်သော အလုပ်သမားလေးက ကြမ်းပြင်ပေါ်ကျနေသော ဆံပင်မွေးများကို တံမျက်စည်းဖြင့် လှည်းကာ သန့်ရှင်းရေးလုပ်လျက် ရှိသည်။ လူငယ်သည် ညိုမောင်ဆံပင် ညှပ်နေသော ခုံနဘေးတွင် ဆံပင်မွေးအမှိုက်များကို စုပုံထားရင်း အနီးတစ်ဝိုက်ရှိ ဆံပင်များကို တံမျက်စည်းဖြင့် ဆွဲယူလာသည်။ ထို့နောက် ညိုမောင့်အနီးတွင် ဆံပင်မွေးများကို စုပုံထားလိုက်ပြန်သည်။

မြင်ကွင်းကို ညိုမောင် မြင်နေရ၏။

ခေါင်းအောက်ကို ငုံ့လိုက်တော့လည်း ကြမ်းပြင်အနှံ့ ဆံပင်မွေးများ။ ကိုယ်ပေါ်ရှိဝတ်ရုံပေါ်တွင်လည်း ထိုးစိုက်နေသော တိုနံ့နံ့ဆံပင်မွေးများ။ ခေါင်းမော်လိုက်ပြန်တော့လည်း ပတ်ပတ်လည်မှန်များထဲ၌ ဆံပင်တန်းစီ ညှပ်နေသူများ၏ အရိပ်က ထင်နေသည်။ ဆံပင်အညှပ်ခံသူများ ခေါင်းထက်မှ လွင့်ကျလာသော ဆံပင်မွေးလေးများက လေထဲတွင် ရှာခနဲလှည့်ကာ ဝတ်ရုံဖြူများပေါ်သို့ ကျဆင်းထိုးစိုက်သွားလေသည်။

ငါ့ဝမ်းထဲ အစာအိမ်ထဲမှာလည်း အဲဒီလိုပဲ ဆံပင်မွေးတွေ...

**"အပင်း"**

ညိုမောင်က ရုတ်တရက် စူးရှစွာ အော်လိုက်သည်။

သူ့ရင်ထဲမှာလည်း ဆံပင်မွေးပေါင်းများစွာက အူနံရံ အစာအိမ် နံရံတစ်လျှောက်ကို ထိုးခွစူးစိုက်လိုက်သလို ကျင်ခနဲ စူးခနဲ ဖြစ်သွားသည်။

**"အပင်း ... အပင်း"**

ညိုမောင် ရုတ်တရက် အော်လိုက်သံကြောင့် ဆံသဆရာ လက်တွန့်သွားသည်။ ညိုမောင်၏ခေါင်း၌ ဆံပင်များတစ်ဝက် ပြောင်လျက်ရှိလေပြီ။

ဆံသဆရာက စက်ကပ်ကျေးဖြင့် ထိုးရန်ရွယ်လိုက်သည်။

"မလုပ်နဲ့"


www.burmeseclassic.com

ညိုမောင်က ခံသဆရာ လက်ကို ထွန်းပစ်လိုက်သည်။

ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

**"အပင်း ... အပင်း ... အပင်းတွေ၊ အမယ်လေးဗျာ အပင်းတွေ ... အပင်းတွေ"**

ညိုမောင်က ခုံလည်ကုလားထိုင်ပေါ်မှဆင်းကာ ဆိုင်အပြင်ဖက်သို့ ထွက်ပြေးလေတော့သည်။

"ဟော့လူ ... ဟော့လူ"

ညိုမောင် ထွက်ပြေးသွားသည်မှာ လျင်မြန်လွန်းသောကြောင့် ဆိုင် ရှေ့မှ ရုတ်ခနဲပျောက်သွားလေသည်။ ဆံပင်ညှပ်နေသူများလည်း အံ့ဩစွာ လှည့်ကြည့်ကြ၏။

**"အပင်း ... အပင်း"**

ညိုမောင်က သွေးရူးသွေးတန်းအော်ဟစ်ရင်း လမ်းမပေါ်၌ ပြေးလွှားလျက် ရှိသည်။

လမ်းမပေါ်တွင် ကားအသွားအလာများ ရှုပ်ထွေးလျက် ရှိသည်။

ရုတ်တရက် အော်ဟစ်ရင်း ဦးတည်ရာမဲ့ ပြေးလာနေသောသူကို အတွေ့တွင် ကားများက ဟွန်းတီးအချက်ပေးလိုက်သည်။ ဘရိတ်များကို ရုတ်တရက် အုပ်လိုက်သံများက ကျွီခနဲ တန်းစီကာ မြည်ဟည်းသွားလေ၏။

ညိုမောင်က ပြေးနေဆဲ။

**"အပင်း ... အပင်း"**

လမ်းကွေ့တစ်နေရာအရောက်တွင် တစ်ဖက်မှ ရုတ်တရက် ထွက်ပေါ်လာသော လော်ရီကားကြီး၏ ဘီးများအောက်သို့ တန်းတန်းမတ်မတ် ပြေးဝင်သွားသော ခေါင်းတစ်ခြမ်းပြောင်လျက် ဝတ်ရုံဖြူကိုပတ်စည်းထားသည့် လူတစ်ယောက်အား လမ်းသွားလမ်းလာအများက မြင်တွေ့လိုက်ရလေသည်။

လူအများ၏ထိတ်လန့်တကြား အော်ဟစ်သံ၊ ကားဘရိတ်နင်းလိုက်၍ ဘီးနှင့်ကတ္တရာလမ်းကြမ်းတမ်းစွာ ပွတ်ရှသွားသံများက ပြိုင်တူ ထွက်ပေါ်လာလေ၏။

တစ်ပြိုင်ထဲပင် သွေးအိုင်ထဲ၌လဲလျက် အသက်ပျောက်နေသော လူတစ်ယောက်အလောင်းကို လူအများ မြင်တွေ့လိုက်ရလေတော့သည်။

●●●

**ဆောင်းလှလင်**

**ဆောင်းလှလင်၏ "အပင်း" ဝတ္ထုအား**

ရွှေစင်ဦးဗီဒီယိုထုတ်လုပ်ရေးမှ

ဒါရိုက်တာ **ခင်မောင်ဦး၊ စိုးသိမ်းထွဋ်**တို့က

**ထွန်းထွန်း၊ ထွန်းအိန္ဒြာဗို၊ ဟေမာန်အောင်အောင်၊**

**စံပယ်မိုး၊ ဦးအောင်လွင့် တို့ဖြင့်**

ဗီဒီယိုဇာတ်ကား ရိုက်ကူးတင်ဆက်ပြီးဖြစ်ပါသည်။



www.burmeseclassic.com

# ဆောင်းလုလင်

ရေးသားသည့် ဝတ္ထုတို၊ဝတ္ထုရှည်၊လုံးချင်းဝတ္ထုများကို

အောက်ပါ website တွင် ဖတ်ရှုနိုင်ပါသည်။

**www.nwaytamun.co.cc**

# ဆောင်းလုလင်

ရေးသားသည့် ဝတ္ထုတို၊ဝတ္ထုရှည်၊လုံးချင်းဝတ္ထုများနှင့်ပတ်သက်၍ ဝေဖန်အကြံပြုလိုပါက

အောက်ပါ E-mail သို့ဆက်သွယ်နိုင်ပါသည်။

**nwaytamun@gmail.com**


www.burmeseclassic.com